# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၄)


# ကျောက်ကြီးချောင်းရေ မြင့်တက်လာမှုကြောင့် လူနေအိမ်များရေနစ်မြုပ်၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရ

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**ကျောက်ကြီး ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့လယ်အား ဖြတ်သန်းစီးဆင်းလျက်ရှိသော ကျောက်ကြီးမြို့လယ်ချောင်းမှ ဇူလိုင် ၂၃ ရက် ညဦးပိုင်းမှစတင်၍ ရေလျှံမြင့်တက်လာမှုကြောင့် ချောင်း၏နံဘေးရှိ ကပ်ကြေးရပ်ကွက်နှင့် ပဲခူးရပ်ကွက်အပိုင်း(၁)ရှိ အိမ်ထောင်စု ၂၄ စုမှ လူဦးရေ စုစုပေါင်း ၁၀၇ ဦးတို့နေထိုင်သော နေအိမ်အဆောက်အအုံများ ရေနစ်မြုပ်ခဲ့သဖြင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များက သွားရောက်ကယ်ဆယ်ကူညီဆောင်ရွက်ခဲ့ပြီး **(အောက်ပုံ)** ရေဘေးသင့်အိမ်ထောင်စုဝင်များအား ကျောက်ကြီးမြို့ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ကသစ်ဝိုင်ဓမ္မရိပ်သာကျောင်းတိုက်တို့၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ရေဘေးသင့်အိမ်ထောင်စုဝင်များ၏ စားဝတ်နေရေးအဆင်ပြေနိုင်စေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက စုပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ဗုဒ္ဓဘာသာနှင့် တရားဥပဒေစိုးမိုးရေး**

ဆောင်းပါး စာမျက်နှာ - ၅



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

ပြည်တွင်းသတင်း စာမျက်နှာ - ၃

**အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြုလုပ်ထားသော်လည်း ဆီးရီးယားတပ်မတော် ရဟတ်ယာဉ်များ ဒမတ်စကတ်မြို့ အနီးကို လေကြောင်းမှတိုက်ခိုက်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၀

## မြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ နှစ်ပေခန့်နှင့် ဇလွန်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❀

## နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်နိုင်မည့် သူငွေ့ရေအားလျှပ်စစ်စီမံကိန်း သံတွဲမြို့နယ်၌ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**


လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇူလိုင် ၂၂ ရက် ညနေပိုင်းက သံတွဲ-ကင်းမော်လမ်းပေါ်၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၇)က တည်ဆောက်နေသော ဇာဒီပြင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မူလကြံ့ခိုင်မှုအားနည်းသော ဘေလီတံတားနေရာတွင် အရှည် ပေ ၁၄၀ ရှိ ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ သူငွေ့ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး သူငွေ့ချောင်းပေါ်၌ ရေလှောင်တမံ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာက ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရေလှောင်တမံနှင့် ဆက်နွယ်ရေအားလျှပ်စစ်အဆောက်အအုံများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အနေအထားတို့ကို စနစ်တကျစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သူငွေ့ရေအားလျှပ်စစ်စီမံကိန်း၊ ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ၂၃၀ ကေဗွီ တောင်ကုတ်(ဘာရေ) ပင်မဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်းထိန်းသိမ်းရေးရုံး(အမ်း)တို့မှ

*စာမျက်နှာ ၇ ကော်လံ ၄* ❄

မြန်မာ့အလင်း

# ရွှေ့ပြောင်းအလုပ်သမားများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရေး

ရေကြည်ရာ၊ မြက်နုရာ ဟူသော စကားပုံနှင့်အညီ မိသားစုစားဝတ်နေရေးအတွက်၊ ဘဝအနာဂတ်အတွက်ဟူသော ရည်မှန်းချက်များဖြင့် မိမိပြည်တွင်းမှ အလုပ်လုပ်နိုင်သော အရွယ်ကောင်း အမျိုးသား၊ အမျိုးသမီးတို့ အိမ်နီးချင်းနိုင်ငံအချို့သို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ရောက်ရှိသွားကြသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကိုင်ငန်းလည်းကောင်း၊ နယ်စပ်ဖြတ်ကျော်ရန်လည်း အလွယ်တကူရှိသည့် ထိုင်းနိုင်ငံဆီသို့ သွားရောက်ကြခြင်းဖြစ်သည်။

အစောပိုင်းကာလ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က နှစ်နိုင်ငံနယ်နိမိတ်များ ထိစပ်နေသည့် ပြည်နယ်၊ တိုင်းများတွင် နေထိုင်ကြသူ မြန်မာနိုင်ငံသားများ အဓိကသွားရောက်ကြခြင်းဖြစ်သော်လည်း ပြည်ပအလုပ်အကိုင်အေဂျင်စီများ၊ အလုပ်ပွဲစားများမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေသွားရောက်ကြသည့် နောက်ပိုင်းကာလများတွင်မူ ပြည်တွင်းကျေးလက်တောရွာများမှ လူငယ်များ အိမ်ပေါင်၊ ယာပေါင်၊ ကျွဲရောင်း၊ နွားရောင်းစသည်ဖြင့် မိမိတို့လက်ငုတ်လက်ရင်းများကို အရင်းအနှီးပြုကာ ပြည်ပထွက် အလုပ်လုပ်ကိုင်လာကြခြင်းဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် ထိုင်းနိုင်ငံတွင် အထောက်အထားရှိ၊ အထောက်အထားမဲ့ မြန်မာလူမျိုးအလုပ်သမား လေးသန်းကျော်ခန့်ရှိကြောင်း အစီရင်ခံစာတစ်ရပ်တွင် တွေ့ရသည်။

ပြီးခဲ့သော ဇွန်လ ၂၀ ရက်က ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားစီမံခန့်ခွဲမှု ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ရာ ဥပဒေပါ ကြီးလေးသည့် ပြစ်ဒဏ်များကြောင့် နိုင်ငံခြားသားအလုပ်သမားများအပေါ် ရိုက်ခတ်မှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီး တစ်ဖက်တွင်လည်း နိုင်ငံခြားသားအလုပ်သမားများအပေါ် အဓိကအားထားလုပ်ကိုင်နေရသည့် ထိုင်းစီးပွားရေးလုပ်ငန်းများအပေါ်တွင်လည်း ထိခိုက်မှုများစွာရှိခဲ့ကြောင်း သတင်းများထွက်ပေါ်လာသည်။ ထိုင်းရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများ အနက် သောင်းနှင့်ချီ၍ ပြည်တွင်းသို့ပြန်လာကြပြီး တရားဝင်အထောက်အထားများပြုလုပ်၍ ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းကြသူအချို့မှာ ပြည်ဝင်ပြည်ထွက်ကိစ္စများအပေါ် နားမလည်မှုများ၊ ကြားပွဲစားလူလိမ်များ၏ လိမ်လည်လှည့်ဖြားအမြတ်ထုတ်မှုများကြောင့် ဒုက္ခများစွာ ကြုံတွေ့ကြရကြောင်းလည်း သိရသည်။

စင်စစ်အားဖြင့် မြန်မာ့ကျေးလက်များတွင် လယ်ယာလုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရသည်အထိ မိမိတို့၏လယ်ယာ စီးပွားကိုစွန့်လွှတ်ကာ တစ်ပြည်ရပ်ခြားတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်နေကြသူ အရေအတွက် ပမာဏမှာ ကြီးမားသည့်အလျောက် ပြည်တွင်းသို့ ၎င်းတို့ပြန်ပို့ခဲ့ကြသည့် ငွေကြေးပမာဏမှာလည်း လွန်စွာကြီးမားမည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရှိမည်မဟုတ်ပေ။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ ထိုင်းရောက်မြန်မာအလုပ်သမားများက မြန်မာပြည်တွင်းသို့ တစ်နှစ်တာကာလအတွင်း ပြန်လည်ပေးပို့ခဲ့သော ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာအားဖြင့် သန်း ၃၀၀ ခန့်ရှိပြီး ဂျီဒီပီ၏ ငါးရာခိုင်နှုန်းရှိခဲ့သည်ဟု ဆိုထားရာ အဆိုပါ ငွေကြေးပမာဏမှာ နိုင်ငံဖွံ့ဖြိုးရေးအတွက် မသေးလှသော ပမာဏဟု ဆိုရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားသားအလုပ်သမားများနှင့်စပ်လျဉ်း၍ ဥပဒေသစ်ကျင့်သုံးမှုကို ရွှေ့ဆိုင်းထားသဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်ရေးဆောင်ရွက်ရန် အချိန်ပိုရနိုင်ခဲ့သည့်တိုင်အောင် အခက်အခဲများစွာ ရှိနေသေးကြောင်း၊ အထူးသဖြင့် အလုပ်သမားများလိုအပ်သော နိုင်ငံကူးလက်မှတ်နှင့် အထောက်အထားများရရှိရေးတွင် လက်လှမ်းတမီ၊ အလွယ်တကူ၊ ကုန်ကျစရိတ်သက်သက်သာသာဖြင့် ရရှိနိုင်ကြရေး ဆောင်ရွက်ပေးသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံလုံခြုံရေး၊ တရားမဝင်ဝင်ရောက်သူများက အခြေအနေကိုအခွင့်ကောင်းယူကာ ရောနှောပါဝင်မလာရေးအတွက်လည်း ဂရုပြုဆောင်ရွက်သွားရန် လိုအပ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

ထင်သာမြင်သာပြုပြင်စရာ

## ဖျာပုံအဝေးပြေးကားဝင်းအတွင်း ကွန်ကရစ် ကတ္တရာခင်းပေးရန်လိုအပ်

**ဖျာပုံ ဇူလိုင် ၂၃**



ဖျာပုံ အဝေးပြေးကားဝင်းကို ၂၀၀၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့ပြီး ယခုအခါ မော်တော်ယာဉ်လိုင်း ၁၉ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၃၂၅ စီးတို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မြို့နယ်အသီးသီးသို့ ခရီးသည်နှင့်ကုန်စည်များ ပို့ဆောင်ပြေးဆွဲလျက်ရှိနေကြသည်။

မော်တော်ယာဉ်အစီးရေ များပြားလာသကဲ့သို့ ခရီးသည်များတစ်ရက်လျှင် ၃၀၀၀ ခန့် စီးနင်းသွားလာလျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် ခရီးသည်တစ်ဦးက တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း ဖျာပုံအဝေးပြေးကားဝင်းအတွင်းရေအိုင်နှင့် ရွှံ့ဗွက်များက ခရီးသည်များအသွားအလာ၊ ယာဉ်ရပ်တန့်မှုနှင့် အတက်အဆင်း အခက်အခဲဖြစ်နေကြောင်း အခြားမြို့အဝေးပြေး ကားဝင်းများကဲ့သို့ ကွန်ကရစ် သို့မဟုတ် ကတ္တရာခင်းပေးရန်လိုအပ်ကြောင်း ပြောသည်။

ဖျာပုံမြို့ အဝေးပြေးကားဝင်းအား ၂၀၀၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သော်လည်း မိုးရာသီရောက်ပါက ကားရပ်တန့်ရန်နေရာခက်ခဲခြင်းနှင့် ခရီးသည်များ ကားဂိတ်များသို့ ကူးပြောင်းသွားလာရာတွင် ခက်ခဲခြင်းတို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်နှင့် အသင်းအဖွဲ့များ ညှိနှိုင်း၍ ကွန်ကရစ်၊ ကတ္တရာခင်းပေးရန် ခရီးသွားပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## တိုင်းရင်းဆေးပညာရပ်ဖြင့် ထုံနာကျဉ်နာရောဂါအကြောင်း ပြည်သူများအား အသိပညာပေး

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ်တိုင်းရင်းဆေးပညာအသင်းနှင့် ဘားအံမြို့ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံတို့ ပူးပေါင်းဆောင်ရွက်သော ပြည်သူ့ဗဟိုပြုကျန်းမာရေးဆိုင်ရာများနှင့် တိုင်းရင်းဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေပြီး ထိရောက်သော မြန်မာ့တိုင်းရင်းဆေးကုထုံးများနှင့် ဆေးဝါးများပေါ်ထွက်လာစေရေးအတွက် ထုံနာကျဉ်နာရောဂါအကြောင်း၊ ပြည်သူများအား အသိပညာပေးစာတမ်းဖတ်ခြင်းကို ဇူလိုင် ၂၃ ရက်က ဘားအံမြို့ ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံ၌ ပြုလုပ်ရာ သဘာပတိ ဦးတင်အောင်ငြိမ်းက အမှာစကားပြောကြားသည်။

အဆိုပါအသိပညာပေးစာတမ်းဖတ်ပွဲတွင် ထုံနာကျဉ်နာရောဂါ၏ဝေါဟာရ၊ ရောဂါအဓိပ္ပာယ်၊ ဖြစ်ပွားပုံအခြင်းအရာများနှင့် ရောဂါဖြစ်ရခြင်းအကြောင်းအရင်း၊ ရောဂါအမျိုးအစား၊ လက္ခဏာများ၊ ရောဂါအားတိုင်းရင်းဆေးဖက်ဝင်အပင်များဖြင့်ကုသခြင်းနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို မြဝတီမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး၊ ဒေါ်စန္ဒာဝင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခိုင်ခိုင်သင်းတို့က ထုံနာကျဉ်နာရောဂါအကြောင်း စာတမ်းကိုဖတ်ကြားကြသည်။

ဆက်လက်၍ မိုးရာသီကာလ၌ ဖြစ်ပွားတတ်သော ထုံနာကျင်နာရောဂါနှင့် ပတ်သက်သည့် သိရှိလိုသော အချက်များကို တက်ရောက်လာကြသော တိုင်းရင်းဆေးပညာအား စိတ်ဝင်စားသူများက မေးမြန်းဆွေးနွေးကြရာ တိုင်းရင်းဆေးပညာရှင်များက ပြန်လည်သုံးသပ်ရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အင်္ဂလိပ်စာသင်တန်းဆင်း

**လက်ပံတန်း ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့မအူကုန်ရပ်ကွက် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင် ၂၀ ရက်က ကွန်ပျူတာနှင့်အင်္ဂလိပ်စကားပြော နှစ်လသင်တန်းဆင်းပွဲ ကျင်းပရာ ရေကန်အုပ်စု ဝက်လှချောင်း ဆရာတော်က ဩဝါဒစကားပြောကြားသည်။

ထို့နောက်သင်တန်းတွင် ထူးချွန်သည့် သင်တန်းသားများအား တာဝန်ရှိသူများမှ ဆုများချီးမြှင့်ခဲ့ကြပြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောတင်စိုးရှိန်က ကျေးဇူးတင်စကားပြောကြားသည်။

**အောင်ဆင့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ | ・၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ | ・၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၆၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၃**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပသည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ် (သတင်းစဉ်)

# မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရန် ဘာသာရပ်အလိုက်၊ ကဏ္ဍအလိုက် စုစည်းနိုင်ရေး၊ အချိန်မီပြီးစီးထုတ်ဝေနိုင်ရေး ဆွေးနွေးမှာကြား

ရန်ကုန် ဇူလိုင် ၂၃

**မြန်မာ့ဂန္ထဝင်စာပေလက်ရာကောင်းများကို လူကြီးလူငယ်မရွေး လေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ အကောင်းဆုံးလက်ရွေးစင်စာပေများကိုစုစည်းပြီး မြန်မာစာအုပ် ၁၀၀ စာစဉ်အဖြစ် စာပေဗိမာန်က ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါမြန်မာစာအုပ် ၁၀၀ စာစဉ် ထုတ်ဝေနိုင်ရေးနှင့်စပ်လျဉ်း၍ စာပေပညာရှင်များနှင့် တွေ့ဆုံသည့်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ ဘာသာရပ်အလိုက်၊ ကဏ္ဍအလိုက် စုစည်းနိုင်ရေး၊ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ အမြန်ဆုံးထုတ်ဝေနိုင်ရေး ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ စည်သူဦးသော်ကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး စာပေပညာရှင်ကြီးများက မြန်မာစာပေနယ်ပယ်အသီးသီးမှ စာအုပ်အမျိုးအစားစုံလင်ရေး၊ ခေတ်ကာလအလိုက် ပါဝင်ထိုက်သည့် စာအုပ်စာပေများ ရွေးချယ်နိုင်ရေးစသဖြင့် ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအပြီးတွင် စာပေဗိမာန် နှစ်(၇၀)ပြည့် အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေဗိမာန်ကို ၁၉၄၇ ခုနှစ်က ထူထောင်ခဲ့ခြင်းဖြစ်ရာ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် နှစ် (၇၀)ပြည့်မည်ဖြစ်ပါကြောင်း၊ စာပေဗိမာန်ကို ကြီးမားသည့်ရည်ရွယ်ချက်များဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပြီး အလုပ်တာဝန်များကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခဲ့ကာ တန်ဖိုးရှိသည့် စာအုပ်စာပေများ ပြုစုသည့်ကဏ္ဍများစွာလည်း ရှိပါကြောင်း၊ မြန်မာလူမျိုးများ အသိပညာကြွယ်ဝရေးအတွက် ဆောင်ရွက်ခဲ့သည့် စာပေဗိမာန်အဖွဲ့သည် လုပ်ငန်းများကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ဖော်ဆောင် အားထုတ်သွားရမည်ဖြစ်ကြောင်း၊ စာပေဗိမာန်အနေဖြင့် မြန်မာ့စွယ်စုံကျမ်းကိုလည်း ခေတ်နှင့် လျော်ညီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စာအုပ် ၁၀၀ အစီအစဉ်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလတွင် စာပေဗိမာန် နှစ် (၇၀)ပြည့်နှင့် တိုက်ဆိုင်နေပါကြောင်း၊ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကိုလည်း ကျင်းပရန် စီစဉ်ထားပါကြောင်း၊ စာပေဗိမာန်အစဉ်အလာနှင့်အညီ အသစ်အသစ်သော ဖန်တီးဆောင်ရွက်မှုများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စာပေဗိမာန်နှစ်(၇၀) ပြည့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ဒေါက်တာစည်သူဦးသော်ကောင်းက စာပေဗိမာန်သည် ယခင်က အရှေ့တောင်အာရှတွင် အကောင်းဆုံး စာပေအဖွဲ့အစည်းဖြစ်ခဲ့သည်ကို ပြန်၍ဖော်ထုတ်စေလိုကြောင်း၊ စာပေဗိမာန်မပျောက်ပျက်အောင် တန်ဖိုးထားထိန်းသိမ်းစေလိုကြောင်း၊ မျိုးဆက်သစ်လူငယ်များအတွက် စာပေအမွေအနှစ်တစ်ခုအဖြစ် လက်ဆင့်ကမ်းနိုင်စေရန် ရည်ရွယ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က စာပေဗိမာန် နှစ်(၇၀)ပြည့် အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်က မြန်မာစာပေဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံသူနိုင်ငံသားများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာအုပ်စာပေများ ထုတ်ဝေရေးနှင့် မြန်မာကို ကမ္ဘာက သိရှိစေရေးစသည့် ဦးတည်ချက်များဖြင့် စာပေဗိမာန် (မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း)ကို စတင်တည်ထောင်ခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် နှစ်(၇၀)ပြည့်မည်ဖြစ်သည်။

အဆိုပါ နှစ်(၇၀)ပြည့် အခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်၌ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မစ္စ မာရီယာ အလစ်ရှာ ကာ့ဇိုနီ ဒီ ဆွန်ချိုင်းန် အား မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စ မာရီယာ အလစ်ရှာ ကာ့ဇိုနီ ဒီ ဆွန်ချိုင်းန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ မာရီယာ အလစ်ရှာ ကာ့ဇိုနီ ဒီ ဆွန်ချိုင်းန်သည် အာဂျင်တီးနား ကက်သလစ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် အထူးပြုဖြင့် နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် အမျိုးသားနိုင်ငံခြားရေးသင်တန်းကျောင်းမှ အောင်မြင်ပြီးနောက် အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပနိုင်ငံများရှိ အာဂျင်တီးနားကောင်စစ်ဝန်ချုပ်ရုံးနှင့် သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ၎င်းသည် ထိုင်းနိုင်ငံဆိုင်ရာ အာဂျင်တီးနားနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အင်္ဂလိပ်၊ ပြင်သစ်နှင့် အီတလီဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စ မာရီယာ အလစ်ရှာ ကာ့ဇိုနီ ဒီ ဆွန်ချိုင်းန်သည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## Mrs.Dorothee Janetzke-Wenzel အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇူလိုင် ၂၄**

Mrs.Dorothee Janetzke-Wenzel အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mrs. Dorothee Janetzke-Wenzel ကို ၁၉၅၃ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဂျာမနီနိုင်ငံ မီဒန်းမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဂျာမနီနိုင်ငံ၊ Heidelberg တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာ၊ စပိန်ဘာသာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘာသာရပ်တို့ကို လေ့လာဆည်းပူးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ယင်းတက္ကသိုလ်မှပင် အသုံးချဘာသာဗေဒနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘာသာရပ်ဖြင့် ဒီပလိုမာရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ အမေရိကန်နိုင်ငံ Wisconsin တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး အာဖရိကလေ့လာရေးဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တန်ဇန်းနီးယားနိုင်ငံ၊ ဩစတြီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံဆိုင်ရာ ဂျာမနီသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့ရှိ András-sy Gyula တက္ကသိုလ်၌ နိုင်ငံတကာလေ့လာရေး ဘာသာရပ်ဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ ဖင်လန်နိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၂၃**

လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာ စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက်နှင့် တရုတ်နိုင်ငံ CITIC Construction Co.,Ltd တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်နိုင်ငံ စီးပွားရေးသံမှူး မစ္စတာ စီဂေါင်ရှမ် တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ ဦးရဲမင်းအောင်နှင့် တရုတ်နိုင်ငံ CITIC Construction Co.,Ltd ဥက္ကဋ္ဌ မစ္စတာ ချင်ရှောင်ကျား တို့က လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဆန်စပါးထုတ်လုပ်မှုတွင် တစ်ကေချင်း၏ အထွက်နှုန်းတိုးစေခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်ရရှိစေရန်၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ပြီး ပြည်တွင်း ပြည်ပဈေးကွက်ဝင် ဈေးကောင်းရရှိစေရန်၊ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းစဉ်တစ်လျှောက်၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်၊ ဆန်စပါး၏ အရည်အသွေးတိုးတက်ကောင်းမွန်ရေးသာမက စားသုံးသူဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအား တိုးချဲ့ပညာပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သိပ္ပံနှင့်နည်းပညာပံ့ပိုးမှု လိုအပ်

**နေပြည်တော် ဇူလိုင် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ် အေးသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အတူ ကျိုက်ထိုမြို့



ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်း ရေဘေးရှောင် ယာယီခိုလှုံရေးစခန်းသို့ ယနေ့ရောက်ရှိကြပြီး ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံကာ ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်နေသည့်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်မှုပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ သဘာဝဘေးကြိုတင်ပြင်ဆင်မှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်းနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ခံနိုင်ရည်ရှိမှုတို့ ဆောင်ရွက်ရာတွင် သိပ္ပံနှင့်နည်းပညာ အသုံးချမှုအားနည်းခြင်းတို့သည် အဓိကကျသည့် အကြောင်းရင်းများဖြစ်ကြောင်း၊ လက်ရှိအစိုးရအနေဖြင့် ပြည်သူတို့ ခံစားနေရသောဘေးဒုက္ခများအတွက် လတ်တလောဖြေရှင်းခြင်းနှင့် ရေရှည်ဖြေရှင်းခြင်းနည်းလမ်းနှစ်မျိုးစလုံးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောအနေဖြင့် ဘေးဒုက္ခရောက်နေသူများကို ချက်ချင်းကူညီထောက်ပံ့မှုပြုခြင်းနှင့် ရေရှည်အတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေဘေးရှောင်ပြည်သူများ လတ်တလောစားသုံးရန်အတွက် ဆန်၊ ကြက်ဥ၊ ငါးသေတ္တာ၊ ရေသန့်နှင့် ကလေးငယ်များအတွက် ကစားစရာအရုပ်နှင့် အာဟာရမုန့်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျိုက်ထိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖိုက်ဘာ စက်တပ်လှေငါးစင်းနှင့် အသက်ကယ်အင်္ကျီအထည် ၁၅၀ အတွက် ထောက်ပံ့ငွေကျပ် ၁၂၅ သိန်း၊ လက်ကိုင်စက်လှေနှစ်လက်၊ ရွက်ဖျင်တဲငါးလုံးနှင့် လက်ကိုင် စကားပြောစက် ငါးလုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

ကရင်လေးအမှတ်စဉ်ရေတွက်ခံရပြီး ပြန်လည်ယှဉ်ပြိုင်ထိုးသတ်သော်လည်း အစာမြင်သော ကျားရိုင်းတစ်ကောင်ကဲ့သို့ ပါးနပ်လှသော ရဲသွေးနီက ပါဝါပါသော ဘယ်ညာ တွဲလုံးများကို ထပ်မံဆွဲသုံးယှဉ်ပြိုင်ခဲ့၍ ကရင်လေးအထိနာကာ နှစ်မိနစ်အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ပွဲပြန်အစတည်တွင် အထိနာထားသော စိန်ခေါ်သူ ကရင်လေးအား ရဲသွေးနီက အလွတ်မပေးဘဲ လျင်မြန်လှသော ပါဝါပါသော ဘယ်/ ညာတွဲလုံးများကို ထပ်မံအသုံးပြုခဲ့မှုကြောင့် ကရင်လေးပထမအချီ တစ်မိနစ် ၄၀ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

တတိယနေ့အဖြစ် ဆက်လျက်ယှဉ်ပြိုင် ထိုးသတ်သော (၉)ကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ၅၁ ကီလိုတန်း၌ အံ့ဘွား(ကျားဖြူ)နှင့် သိန်းစိုး(အဖြူရောင်သွေးသစ်)တို့ပွဲတွင် သိန်းစိုးက အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ဇလပ်သွေး(တောင်ဇလပ်)နှင့် သပြေအောင်(သုံးပန်လှ)တို့ပွဲ၌ ဒုတိယအချီ ၂၁ စက္ကန့်မှာပင် သပြေအောင်က အလဲထိုးဖြင့် အနိုင်ရခဲ့၍ နောက်ဆုံးရွှေခါးပတ်လုပွဲတွင် သိန်းစိုးနှင့် သပြေအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ၅၄ ကီလိုတန်း၌ ခွန်အာကာ (၁၈၈၆ မန္တလေး)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း) တို့ပွဲတွင် စိုးဝင်းသန်းက ဒုတိယအချီ ၂ မိနစ်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး အောက်ချင်းလေး(တောင်ဇလပ်)နှင့် အာကာမင်း (ကျားဘုရင်)တို့ပွဲ၌ ပထမအချီ ၁ မိနစ် ०၇ စက္ကန့်မှာပင် အောက်ချင်းလေးက အလဲထိုးဖြင့် အနိုင်ရခဲ့၍ ဖိုင်နယ်တွင် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)နှင့် အောက်ချင်းလေး (တောင်ဇလပ်) တို့ တွေ့ဆုံကြမည်ဖြစ်သည်။ ၅၇ ကီလိုတန်း၌ ထရိန်း(တိုက်ဂါး) နှင့် စူပါ(မျိုးဆက်သစ်)တို့ပွဲ၌ ဒုတိယအချီတွင် စူပါအလဲထိုးဖြင့်အနိုင်ရခဲ့ပြီး ယျှူခလိန်းမင်းနှင့် ဒိုးလေး(ရိုးရာပုဂံ)တို့ပွဲ၌ ပထမအချီ ၂ မိနစ် ၃၇ စက္ကန့်တွင် ဒိုးလေးဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ယျှူခလိန်းမင်းအနိုင်ရရှိကာ နောက်ဆုံးရွှေခါးပတ်လုပွဲတွင် စူပါ(မျိုးဆက်သစ်)နှင့် ယျှူခလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ၆၀ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဇွဲလင်းအောင် (သုံးပန်လှ)နှင့် စစ်အောင် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဇွဲလင်းအောင် အနိုင်ရခဲ့ပြီး စိန်လုံးချော (ဗမာ့သွေး)နှင့် ဟံသာဝတီ(အဖြူရောင်သွေးသစ်)တို့ယှဉ်ပြိုင်ထိုးသတ်ရာတွင် စိန်လုံးချောက အမှတ်ဖြင့် နိုင်ခဲ့၍ ခါးပတ်လုပွဲတွင် ဇွဲလင်းအောင်နှင့် စိန်လုံးချောတို့ ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။

၆၃ ဒသမ ၅ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များ၌ ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် စောထူးအောင်(တော်ဝင်ရိုးရာ)တို့ပွဲတွင် ကျားပေါက်က အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ရန်နိုင်ထွန်း(သုံးပန်လှ) နှင့် ဗထူးမောင်(ရတနာပုံ)တို့ပွဲ၌ ဒုတိယအချီ ၃၁ စက္ကန့်မှာပင် ရန်နိုင်ထွန်းအလဲထိုးဖြင့် နိုင်ခဲ့၍ နောက်ဆုံးရွှေခါးပတ်လုပွဲတွင် ကျားပေါက်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ၆၇ ကီလိုတန်းတွင် ရွှေမင်းရာဇာ (မြိုင်ကလေး ဘိလပ်မြေစက်ရုံ) နှင့် ထွန်းနိုင်ဦး (STL)တို့ပွဲ၌ ဒုတိယအချီ ၂ မိနစ် ၁၂စက္ကန့်တွင် ရွှေမင်းရာဇာအလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ဖိုးလပြည့်(ရွှေဖူး)နှင့် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၅၀ စက္ကန့်မှာပင် ဖိုးလပြည့်က အလဲထိုးဖြင့် အနိုင်ရခဲ့၍ ဗိုလ်လုပွဲတွင် ရွှေမင်းရာဇာနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။ ၇၁ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များ၌ မင်းမောင်မောင်(တောင်ကလေး)နှင့် စိုးထက်ဦး (STL)တို့ပွဲတွင် စိုးထက်ဦးက အမှတ်ဖြင့် နိုင်ခဲ့ပြီး သွေးသစ်အောင်(သုံးပန်လှ)နှင့် စောဆဝါး(ဒို့ရိုးရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဒုတိယအချီ ၄၂ စက္ကန့်မှာပင် သွေးသစ်အောင် အလဲထိုးဖြင့် အနိုင်ရခဲ့၍ နောက်ဆုံး ရွှေခါးပတ်လုပွဲတွင် စိုးထက်ဦးနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ယနေ့ဆီမီးဖိုင် နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်သော ၂၀၁၇ ခုနှစ် (၉) ကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံ နောက်ဆုံးဗိုလ်လုပွဲကြီးကို လာမည့် ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

# မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေညာချက်ထုတ်ပြန်

**ဗန်ကောက် ဇူလိုင် ၂၃**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် အထောက်အထားရှိသော်လည်း သက်တမ်းကုန်ဆုံးနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဗန်ကောက်မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိက အသိပေးကြေညာချက် တစ်ရပ်ကို ဇူလိုင် ၂၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အတွင်း မိမိအလုပ်ရှင်ကိုယ်စားလှယ်ဖြင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန၏ မှတ်ပုံတင်ရေးဆိုင်ရာယာယီဗဟိုဌာနများသို့ သတ်မှတ်ပုံစံများ ဖြည့်စွက်စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ရေးဆိုင်ရာယာယီဗဟိုဌာနများစိစစ်ပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ C I ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ C I ရှိပြီးသူများအား နေထိုင်ခွင့် ဗီဇာနှင့်အလုပ်လုပ်ကိုင်ခွင့် (Work Permit) ရရှိရေးသတ်မှတ်ပုံစံများ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူမှုဖူလုံရေးကတ်ပြုလုပ်မှုများအား ထိုင်းနိုင်ငံဥပဒေနှင့်အညီသတ်မှတ်နေရာများတွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါရှိသည်။

အဆိုပါလုပ်ငန်းစဉ်များ ပြုလုပ်ရာ၌ အခက်အခဲများရှိပါက ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာအလုပ်သမားသံအရာရှိများ၊ မြန်မာနိုင်ငံရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနခွဲများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပါရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

❀ *ရှေ့ဖုံးမှ*

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ဝေါန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ နှစ်လက်မခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေါန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ဗုဒ္ဓဘာသာနှင့် တရားဥပဒေစိုးမိုးရေး

**ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ**

**ကမ္ဘာပေါ်တွင် ဘီစီ ၅၈၈ ခန့်က ဗုဒ္ဓဘာသာ ပေါ်ထွန်းလာခဲ့၏။ ဗုဒ္ဓဘာသာမပေါ်မီက ဘာသာရေးအဖွဲ့အစည်းများတွင် ခိုင်မာသော အုပ်ချုပ်ရေးအာဏာ** (Law and order) **ရှိပုံမရပါ။ ဗုဒ္ဓဘာသာပေါ်လာမှ ဓမ္မဝိနယ-ဟူသော စကားကိုသုံးစွဲလျက် အုပ်ချုပ်ရေးအာဏာ စတင်ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။**

ဓမ္မဝိနယ-ဟူသော စကားတွင် ဓမ္မကား မူဝါဒဖြစ်၍ ဝိနယကား ဥပဒေ (ဥပဒေသ)ဖြစ်၏၊ ၎င်းနှစ်ခုသည် သံဃာ့အဖွဲ့အစည်းတည်ထောင်ရာ၌ အုပ်ချုပ်ရေးအာဏာတစ်ရပ်ဖြစ်ခဲ့၏။

ဗုဒ္ဓသည် ဓမ္မဝိနယနှစ်ရပ်ကို သံဃာထုအကြား စိမ့်ဝင်ပျံ့နှံ့နေအောင် ဆောင်ရွက်ပေးခြင်းဖြင့် မိမိ၏အုပ်ချုပ်ရေးအာဏာကို တည်မြဲစေခဲ့၏။

ဗုဒ္ဓသည် မိမိရောက်လေရာ အရပ်တိုင်း၌ လစဉ် လပြည့်နေ့နှင့် လကွယ်နေ့တိုင်း ဩဝါဒပါတိမောက် ခေါ် စိတ်ဓာတ်ပြုပြင်ရေးအခြေခံမူဝါဒများကို ရဟန်းတော်များအား မိမိကိုယ်တိုင် ဟောကြားပေးခဲ့၏။ ဩဝါဒပါတိမောက်-ဟူသည်မှာ **"ခန္တီ ပရမံ တပေါတိ တိက္ခာ"** စသော ဂါထာသုံးပုဒ်ပင်ဖြစ်၏။ ထိုအရပ်ပတ်ဝန်းကျင်၌ သီတင်းသုံးနေကြသော ရဟန်းတော်မှန်သမျှ မဖြစ်မနေ ကြွရောက်၍ ဘုရားရှင်၏ ဩဝါဒပါတိမောက် (ဗုဒ္ဓအဆုံးအမ)ကို နာယူကြရ၏။ ဤကား ဓမ္မဟူသော မူဝါဒအုတ်မြစ်ကို သံဃာထုအကြား၌ အခိုင်အမာ တည်ထောင်ပေးသော လုပ်ငန်းရပ်ဖြစ်၏၊ သံဃာထု၏ နှလုံးသားကို ဓမ္မဖြင့် ချည်နှောင်ထားခြင်းဖြစ်၏။

ဗုဒ္ဓသည် မိမိ၏ သံဃာ့အဖွဲ့အစည်းဝင် ရဟန်းတော်များအား အခါအားလျော်စွာ ဝိနယ-ဟုခေါ်သော ဥပဒေစည်းမျဉ်းများ ထုတ်ပြန်ပေးတော်မူလေ့ရှိ၏။

၎င်းဝိနယဥပဒေသများကို မည်သည့် သတင်းမီဒီယာကမှ တာဝန်ယူ၍ ဖြန့်ချိပေးခြင်းမရှိ၊ ယနေ့ ခေတ်လို စာအုပ်စာပေဖြင့် မှတ်တမ်းတင်ထားခြင်းလည်း မရှိ၊ ဥပဒေထုတ်ပြန်ရာအရပ်၌ ကိုယ်တိုင်ကြားနာခွင့်ရခဲ့သော ရဟန်းတော်များကသာ တာဝန်ယူ၍ လက်ဆင့်ကမ်း ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်၏။

ဗုဒ္ဓခေတ်က ရဟန်းတော်များသည် တစ်နေရာတည်းတွင် ကြာကြာနေလေ့မရှိ၊ **"စရထ ဘိက္ခဝေ စာရိကံ"** စသော ဗုဒ္ဓ၏ မိန့်မှာထားချက်အရ လူထုအကြားသို့ လှည့်လည်သွားလာလျက်၊ လူသားထုတစ်ရပ်လုံး ကုသိုလ်စိတ်ဖြစ်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြ၏၊ ဗုဒ္ဓ၏ ဓမ္မအဆုံးအမများကို လူထုကြားသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့ကြ၏၊ မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးကျင့်စဉ်များကို ကိုယ်တိုင်လည်းကျင့်ခဲ့ကြ၏၊ လူပုဂ္ဂိုလ်များကိုလည်း သင်ပြပေးခဲ့ကြ၏။ ဤနည်းဖြင့် လူသားပုဂ္ဂိုလ်တို့၏ ယုံကြည်ကိုးကွယ်မှုကို ခံယူခဲ့ကြ၏။ နောက်ဆုံးအချက်မှာ ဗုဒ္ဓကိုယ်တိုင်ထုတ်ပြန်ထားသော ဝိနယဥပဒေသများကို ရဟန်းတော်များ အချင်းချင်း အသိချင်းဖလှယ်၍ မျှဝေခဲ့ကြ မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်၏၊ ဤနည်းဖြင့် ဘုရားရှင်ထုတ်ပြန်ခဲ့သော ဝိနယ စည်းမျဉ်းများသည် ရဟန်းတော်အားလုံးတို့ အထံသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့၏။

ဝိနယဥပဒေသများကို ရဟန်းတော်တို့ လက်ဆင့်ကမ်းဖြန့်ဖြူးခဲ့သည့် ပုံစံမှာ အလွန်စိတ်ဝင်စားစရာကောင်း၏။

လစဉ် လပြည့်နေ့တိုင်း လကွယ်နေ့တိုင်းတွင် မိမိတို့ ရောက်လေရာဒေသ



ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ

ပတ်ဝန်းကျင်ရှိ ရဟန်းတော်များသည် မထေရ်ကြီးများ သတ်မှတ်ထားသောနေရာ တစ်ခုတွင် မဖြစ်မနေ စုဝေးကြရ၏။ မကျန်းမာ၍ သံဃာ့ကိစ္စများ ဆောင်ရွက်နေရ၍ အချိန်မီမလာရောက်နိုင်ပါက ဆန္ဒပေးရ၏ (ခွင့်ပန်ရ၏)။

သံဃာအားလုံး စုံညီစွာရောက်ရှိလျှင် ဆန္ဒပေးသံဃာစာရင်းကို တင်ပြလျှောက်ထားရ၏၊ ဘုရားရှင်၏ ဝိနယဥပဒေသ(ဝိနည်းဥပဒေစည်းမျဉ်း)များကို မည်မျှ လိုက်နာကျင့်သုံးကြောင်း သိရှိနိုင်ရန် ဝိနည်းလေးစားလိုက်နာသူအဖြစ် (ပါရိသုဒ္ဓိ)ကိုကြေညာရ၏။

ယနေ့ရောက်ရှိရက်စွဲကို ထုတ်ပြန်ကြေညာရ၏၊ ယနေ့ စုဝေးရောက်ရှိနေသည့် သံဃာအရေအတွက်ကို ထုတ်ဖော်ကြေညာရ၏၊ ထိုခေတ်က ဘိက္ခုနီမများ ရှိခဲ့သဖြင့် ဘိက္ခုနီမများကို အဆုံးအမပေးရမည့် ကိစ္စတင်ပြရ၏၊ (ဘိက္ခုနီမများသည် လစဉ် တစ်လနှစ်ကြိမ် ရဟန်းတော်များ၏ ဆုံးမဩဝါဒများကို ခံယူကြရ၏။)

ထိုကိစ္စများပြီးလျှင် ထိုနေ့အထိ ဘုရားရှင်ထုတ်ပြန်ထားသော ဝိနယဥပဒေသ (ဝိနည်းဥပဒေစည်းမျဉ်း)များကို စွမ်းနိုင်သော (ဗျတ္တ ပဋိဗလ) ရဟန်းတစ်ပါးက ရဟန်းအားလုံးကြားသိအောင် ထုတ်ဖော်ကြေညာပေးရ၏။ (ရွတ်ဆိုရ၏)

ဤနည်းဖြင့် ဘုရားရှင် ထုတ်ပြန်ကြေညာထားသော သိက္ခာပုဒ် ဝိနည်းစည်းမျဉ်းများကို သံဃာအားလုံး တစ်ပြေးညီ သိရှိခွင့်ရသွား၏၊ လိုက်နာကျင့်သုံးခွင့်ရသွား၏၊ စာအုပ်ထဲရေးထားလျှင် ဖတ်ဖြစ်ချင်မှ ဖတ်ဖြစ်မည်ဖြစ်၏၊ ဤနည်းကို သတ်မှတ်ပြဋ္ဌာန်းလိုက်သောအခါ တစ်ဆယ့်ငါးရက်တစ်ကြိမ် နားထောင်ထားကြရသဖြင့် ဝိနည်းစည်းမျဉ်းများမှာ ရင်ထဲအထိစွဲဝင်သွား၏၊ အလွန်ကောင်းသော စနစ်ဖြစ်၏။ ဤသို့ဆောင်ရွက်ခြင်းကို ရဟန်းတော်များ ဥပုသ်ပြုသည်ဟု နားလည်ထားကြ၏။

ဤသို့ ဥပုသ်ပြုကြခြင်းဖြင့် ရဟန်းတော်များမှာ ဝိနည်းစည်းမျဉ်းများကို မှတ်မိသိရှိရုံသာမက သံဃာ့ညီညွတ်ရေးကို ဖြစ်စေ၏၊ ဝိနည်းစည်းမျဉ်းများကို လိုက်နာကျင့်သုံးဖြစ်၏၊ နေ့ ရက် လ နှစ်၊ အပိုင်းအခြား(ပြက္ခဒိန်)ကို သိရှိခွင့်ရ၏၊ ဒေသအသီးသီးရှိ ရဟန်းအရေအတွက်ကို စာရင်းကောက်ပြီးသား ဖြစ်သွား၏၊ ဘိက္ခုနီမများ၏လေးစားမှုကို ရရှိပြီးဖြစ်၏။ ဥပဒေဟူသည် လက်တွေ့ဆောင်ရွက်စရာကိစ္စဖြစ်၏၊ သိမှကျင့်၏၊ မသိလျှင်မကျင့်၊ ထို့ကြောင့် သိအောင် လုပ်ရ၏၊ ဤအတွေးအခေါ်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က အတွေးအခေါ်ဖြစ်၏၊ ယနေ့အထိ အသုံးဝင်ဆဲဖြစ်၏။

ဗုဒ္ဓ၏ ဝါတော်နှစ်ဆယ်သက်တမ်းအတွင်း၌ ဗုဒ္ဓကိုယ်တော်တိုင်က ဩဝါဒပါတိမောက် ခေါ် ဓမ္မရေးရာများကို တစ်လနှစ်ကြိမ် ရဟန်းတော်များအား ပုံမှန်ဟောပြပေးခဲ့၏၊ ရဟန်းတော်များကလည်း ဝိနယ ခေါ် ဥပဒေရေးရာများကို တစ်လနှစ်ကြိမ် ပုံမှန်ထုတ်ဖော်ကြေညာ(ရွတ်ဆို)ပေးခဲ့ကြ၏၊ ဤနည်းဖြင့် ဗုဒ္ဓ၏ ဓမ္မဝိနယခေါ် အဆုံးအမများ စည်းကမ်းဥပဒေများသည် ရဟန်းတော်များ၏ နှလုံးသားအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့သွားကြပါသည်။

ဗုဒ္ဓ၏ ဝိနည်းဥပဒေစည်းမျဉ်းများကို "နိဒါန၊ ပါရာဇိက၊ သံဃာဒိသေသ၊ အနိယတ၊ နိဿဂ္ဂိယပါစိတ္တိယ၊ သုဒ္ဓပါစိတ္တိယ၊ ပါဋိဒေသနိယ"ဟု ကဏ္ဍကြီး (၇) ခုခွဲထားပါသည်၊ ဥပုသ်ပြုပွဲ၌ ဝိနည်းဥပဒေစည်းမျဉ်း(သိက္ခာပုဒ်)များကို ထုတ်ဖော်ကြေညာသူ (ရွတ်ဆိုသူ) ရဟန်းတော်သည် ကဏ္ဍတစ်ခုကို ရွတ်ဆိုပြီးတိုင်း ဤဥပဒေများအတိုင်း လိုက်နာကျင့်သုံးမှု ရှိ-မရှိကို မေးမြန်းပါသည်၊ သံဃာတော်များက ဤဥပဒေများအတိုင်း လိုက်နာကျင့်သုံးမှုရှိကြောင်း ဆိတ်ဆိတ်နေခြင်းဖြင့် တုံ့ပြန်ကြရပါသည်။ အကယ်၍ သံဃပရိသတ်ထဲ၌ ဝိနည်းဥပဒေများကို ဖောက်ဖျက်လွန်ကျူးသူရှိခဲ့လျှင် သတ်မှတ်ထားသောနည်းလမ်းဖြင့် အရေးယူမှုပြုရပါသည်။

ပြီးမှ နောက်ကဏ္ဍတစ်ခုကို ဆက်လက်ရွတ်ဆိုကြေညာပေးရပါသည်၊ ဤနည်းဖြင့် ဘုရားရှင်လက်ထက်တော်မှစပြီး ယနေ့အချိန်အထိ ရဟန်းတော်များသည် ဝိနည်းဥပဒေများကို အချင်းချင်း လက်ဆင့်ကမ်းဖြန့်ဝေခြင်း၊ သတ်မှတ်ထားသော အပြစ်များပေး၍ အရေးယူခြင်း၊ အပြစ်ကျခံပြီးသော ရဟန်းတော်များကို ပြန်လက်ခံခြင်း (အသိအမှတ်ပြုခြင်း)များဖြင့် သံဃာ့အဖွဲ့အစည်းကြီး မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါသည်။ ဝိနည်းဥပဒေများကို ရှင်သန်အောင်ပြုလုပ်ပေးခြင်းဖြင့် သံဃာထုအတွင်း၌ တရားဥပဒေစိုးမိုးရေးဟု ခေါ်ဆိုသော စည်းကမ်းသေဝပ်မှုများဖြစ်လာကာ တည်ငြိမ်သော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်လာခဲ့ပါသည်။ ဝိနည်းတည်မှ သာသနာတည်သည်ဟူသော ဆိုရိုးစကားရှိ၏၊ ဝိနည်းသည် သာသနာတော်၏ အသက် ဟုလည်း ဆိုကြ၏၊ ဤသို့ဆိုလျှင် ဥပဒေသည် လူ့အဖွဲ့အစည်း၏ အသက် ဟု မဆိုသင့်ပါသလော၊ စဉ်းစားစရာဖြစ်၏၊ သာသနာတော်၌ ကျင့်သုံးနေသော **"ဓမ္မ ဝိနယ"** သည် လူ့အဖွဲ့အစည်း၏ **"တရားဥပဒေ"** နှင့် အတူတူပင်ဖြစ်၏။

ဗုဒ္ဓချမှတ်ခဲ့သော ဓမ္မ၊ ဝိနယနှစ်ပါးတွင် ဓမ္မသည် စိတ်ဓာတ်ကြံ့ခိုင်မှုကို ဖြစ်စေ၍ ဝိနယသည် စည်းကမ်းသေဝပ်မှုကို ဖြစ်စေ၏၊ ဤတရားနှစ်ပါးသည် ဗုဒ္ဓသာသနာတည်တံ့မှုကို ဖြစ်စေရုံသာမက လူ့အဖွဲ့အစည်းအားလုံး၏ ကောင်းကျိုးကိုပါ ဖြစ်စေနိုင်သဖြင့် အရာရာတိုင်းတို့၌ ဓမ္မဝိနယများ ရှင်သန်နေဖို့လိုကြောင်း တင်ပြလိုက်ရပေသည်။

**ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ**
**ဒုတိယပါမောက္ခချုပ် ကျိုက္ကလော့ဆရာတော်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ရန်ကုန်မြို့**

> **ဥပုသ်ပြုကြခြင်းဖြင့် ရဟန်းတော်များမှာ ဝိနည်းစည်းမျဉ်းများကို မှတ်မိသိရှိရုံသာမက သံဃာ့ညီညွတ်ရေးကို ဖြစ်စေ၏၊ ဝိနည်းစည်းမျဉ်းများကို လိုက်နာကျင့်သုံးဖြစ်၏၊ နေ့ ရက် လ နှစ်၊ အပိုင်းအခြား(ပြက္ခဒိန်)ကို သိရှိခွင့်ရ၏၊ ဒေသအသီးသီးရှိ ရဟန်းအရေအတွက်ကို စာရင်းကောက်ပြီးသား ဖြစ်သွား၏၊ ဘိက္ခုနီမများ၏ လေးစားမှုကို ရရှိပြီးဖြစ်၏။ ဥပဒေဟူသည် လက်တွေ့ဆောင်ရွက်စရာကိစ္စဖြစ်၏၊ သိမှကျင့်၏၊ မသိလျှင် မကျင့်၊ ထို့ကြောင့် သိအောင် လုပ်ရ၏၊**

(ယခုဆောင်းပါးအား ၂၄-၇-၂၀၁၇ ရက်နေ့ထုတ် *The Global New Light of Myanmar* သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)

## ရမည်းသင်းမြို့တွင် ယဉ်ကျေးလိမ္မာ စာအောင်ဆုနှင်းသဘင်ကျင်းပ

**ရမည်းသင်း ဇူလိုင် ၂၃**

ရမည်းသင်းမြို့နယ် ဗုဒ္ဓဓမ္မ ပရဟိတအဖွဲ့က ကျင်းပသော ပဥ္စမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာ စာအောင်ဆုနှင်းသဘင်ကို ဇူလိုင် ၂၂ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ ရန်အောင်မင်းကျောင်း ဆရာတော်ထံမှ ဩဝါဒကိုခံယူကာ အဆင့်အလိုက် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်သုံးဆင့်တွင် အများဆုံးရရှိသူ ၃၀ နှင့် တိုင်းအဆင့်တွင် ဆုရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**အတ်ကလေး(ရမည်းသင်း)**

**ရခိုင်ပြည်နယ် စစ်တွေအကျဉ်းထောင်အတွင်း ဇူလိုင် ၂၃ ရက်တွင် စစ်တွေအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးစီး၍ ပြစ်ဒဏ်ကျခံနေရသူများ ဝါတွင်းကာလ ဥပုသ်သီလ ခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲနှင့် အထူးတရားပွဲပြုလုပ်ပေးစဉ်**

သူရိန်ထွန်း



# တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၃၂။ သူတစ်ဦးကို လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသည့်နိုင်ငံသို့ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ခြင်းကို ခွင့်ပြုရန် တောင်းဆိုသည့်နိုင်ငံ၏ တောင်းဆိုချက်ကို ရရှိသောအခါ နိုင်ငံတော်၏ အကျိုးစီးပွားကိုမထိခိုက်ပါက ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြားရမည်။

၃၃။ ပုဒ်မ ၃၂ အရ ဖြတ်သန်းပို့ဆောင်ခွင့်ပြုသောအခါ -

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လွှဲပြောင်းပေးခြင်းခံရသူကို နိုင်ငံတော်အတွင်း ၂၄ နာရီထက် မပိုသောကာလအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိန်းသိမ်းချုပ်နှောင်ထားရှိနိုင်သည်။ ယင်းကာလထက် ပိုမိုချုပ်နှောင်ထားရန် လိုအပ်ပါက အနီးဆုံးတရားသူကြီးထံမှ ချုပ်မိန့်ရယူရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများသည် လွှဲပြောင်းပေးခြင်းခံရသူအား ပို့ဆောင်ပေးခြင်းကို အထောက်အကူပြုရန် သင့်လျော်သော အကူအညီများပေးရမည်။

၃၄။ အခြားနိုင်ငံနှစ်နိုင်ငံ၏ တရားခံလွှဲပြောင်းရေး၌ လေကြောင်းဖြင့် ပို့ဆောင်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေပေါ်သို့ ဆင်းသက်ရန် မူလအစီအစဉ်မရှိသော်လည်း အရေးပေါ် လေယာဉ်ဆင်းသက်ခဲ့ရလျှင် နိုင်ငံခြားအစောင့်လိုက်အရာရှိ၏ တောင်းဆိုချက်အရ တရားခံချုပ်နှောင်ခြင်းကို ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၅။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၆။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်စဉ် ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ပုဒ်မ ၃၅ အရ တောင်းဆိုသည့် နိုင်ငံက ကျခံရမည်။

၃၇။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံရန် အကြောင်း ပေါ်ပေါက်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းက ကျခံရမည်။

၃၈။ ပုဒ်မ ၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ၊ ပြစ်မှု အကြောင်းခြင်းရာအရပ်ရပ်အား သုံးသပ်ချက်အရ ပြစ်မှုကျူးလွန်သူအား ယင်းပြစ်မှုကျူးလွန်သည့်နေရာတွင် စစ်ဆေးစီရင်ခြင်းက ပိုမိုသင့်လျော်ကြောင်းတွေ့ရှိရလျှင်ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ လိုအပ်ခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက တရားခံလွှဲပြောင်းပေးရန် ခွင့်ပြုနိုင်သည်။

၃၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူစာချုပ်များ ချုပ်ဆိုရေးအတွက် အဆိုပြုခြင်း၊ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်းတို့ကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင်သည်။

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၄၂။ The Burma Extradition Act, 1904 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**နောက်ဆက်တွဲ(က)**

**နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများစာရင်း**

၁။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အောက်ပါပြစ်မှုများ -

(က) ပြစ်မှုပုဒ်မ ၃၀၂၊ လူသတ်မှု၊

(ခ) ပြစ်မှုပုဒ်မ ၃၀၄ လူသတ်မှုမမြောက်သည့်ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊ ပြစ်မှု ပုဒ်မ ၃၀၄(က) ပေါ့လျော့ခြင်းဖြင့် လူသေစေမှု၊

(ဂ) ပြစ်မှုပုဒ်မ ၃၁၁၊ လူသတ်ဓားပြမှု၊

(ဃ) ပြစ်မှုပုဒ်မ ၃၂၆၊ အပြင်းအထန်နာကျင်စေမှု၊

(င) ပြစ်မှုပုဒ်မ ၃၄၁၊ မတရားတားဆီးကန့်ကွက်မှု၊

(စ) ပြစ်မှုပုဒ်မ ၃၄၂၊ မတရားချုပ်နှောင်ထားမှု၊

(ဆ) ပြစ်မှုပုဒ်မ ၃၆၃၊ လူခိုးမှု၊

(ဇ) ပြစ်မှုပုဒ်မ ၃၆၄၊ လူကိုသွေးဆောင်ခေါ်ဆောင်မှု၊

(ဈ) ပြစ်မှုပုဒ်မ ၃၇၀၊ တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ် ဝယ်ယူမှု၊ သို့တည်းမဟုတ် စီမံခန့်ခွဲမှု၊

(ည) ပြစ်မှုပုဒ်မ ၃၇၄၊ ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှု၊

(ဋ) ပြစ်မှုပုဒ်မ ၃၇၆၊ မုဒိမ်းမှု၊

(ဌ) ပြစ်မှုပုဒ်မ ၃၈၄၊ ခြောက်လှန့်တောင်းယူမှု၊

(ဍ) အထက်အပိုဒ်ခွဲ (က) မှ (ဌ) အထိ ဖော်ပြထားသော ပြစ်မှုများဆိုင်ရာ အားပေးကူညီမှုများ၊ ပူးပေါင်းကြံစည်မှုများ။

၂။ လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြစ်မှုများ၊

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောအကြမ်းဖက်မှုများ၊

၅။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပြစ်မှုများ၊

၇။ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့်ပြစ်မှုများ။

**ပုံစံ (၁)**

---------- နိုင်ငံ

---------- ဌာန

(ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ကို ရည်ညွှန်းသည်)

သို့

ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ ။**တရားခံလွှဲပြောင်းပေးရန်၊ တရားခံရှာဖွေဖမ်းဆီးလွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ ---------- တွင် ဖြစ်ပွားသော---------- ကိစ္စနှင့် စပ်လျဉ်း၍ ---------- နိုင်ငံတွင် တရားစွဲဆိုရန်၊----------ပြန်တိုက်စစ်ဆေးစီရင်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ရောက်ရှိနေသူ ---------- နိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ လွှဲပြောင်းပေးနိုင်ပါရန် အကူအညီတောင်းခံအပ်ပါသည်။

၂။ မှုခင်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့် သက်ဆိုင်သည့်အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ----------
----------
----------

(ခ) အရေးယူထားသည့် ဥပဒေနှင့်ပုဒ်မ ----------
----------
----------

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ---------- ----------
----------
----------

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ဆောင်ရွက်ရန်ဖော်ပြချက်) ----------
----------

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တောင်းဆိုသောနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ ----------
---------- ----------
----------

(စ) တောင်းဆိုသော နိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့်လုပ်ငန်းတာဝန် ----------
----------
----------

(ဆ) အခြားလိုအပ်သောအချက်များ ----------
----------
----------

**တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်**
**---------- နိုင်ငံ**

**စာအမှတ်။ ----------**
**ရက်စွဲ။ ----------**
**မှတ်ချက်။ မဆိုင်သည့် စာသားကို ဖျက်ရန်။**

**ပုံစံ (၂)**

**တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ၏ အကြောင်းအရာ အထွေထွေအချက်များ**

(ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)ကို ရည်ညွှန်းသည်)

**ဓာတ်ပုံ**

၁။ အမည် - ----------
၂။ အခြားအမည်(ရှိလျှင်) - ----------
၃။ နိုင်ငံသား - ----------
၄။ နိုင်ငံကူးလက်မှတ် အမှတ်/နိုင်ငံသား - ----------
သက်သေခံလက်မှတ် အမှတ်နှင့် - ----------
ထုတ်ပေးရက်စွဲ၊ ထုတ်ပေးသည့်နေရာ - ----------
၅။ အလုပ်အကိုင် - ----------
----------
၆။ အဘနှင့် အမိအမည် - ----------
---------- ----------
----------
၇။ မွေးဖွားရာအရပ် - ----------
----------
----------
၈။ အမြဲနေထိုင်ရာအရပ် - ----------
----------
----------
၉။ အသက်/မွေးသက္ကရာဇ် - ----------
----------
၁၀။ လူမျိုး/ ဘာသာ - ----------
----------
၁၁။ အရပ် - ----------
----------
၁၂။ ပုံပန်း - ----------
----------
----------
၁၃။ ဆံပင် - ----------
----------
၁၄။ မျက်ခုံးများ - ----------
----------
၁၅။ နဖူး - ----------
----------
၁၆။ မျက်စိများ - ----------
----------
၁၇။ နှာခေါင်း - ----------
----------
၁၈။ ပါးစပ် - ----------
----------
၁၉။ သွားများ - ----------
----------
၂၀။ လက်ချောင်းများ - ----------
----------
၂၁။ နားရွက်များ - ----------
----------
၂၂။ မျက်နှာရှည်သည်/ဝိုင်းသည်/ မျက်နှာထားချိုသည်/ မျက်နှာထားပုပ်သည်/ တွန့်ကြောင်းများသည် - ----------
၂၃။ အသားအရောင် - ----------
၂၄။ မှတ်ဆိတ် - ----------
၂၅။ နှုတ်ခမ်းမွေးများ - ----------
၂၆။ ထူးခြားသော အမှတ်အသားများ - ----------
----------
၂၇။ ထူးခြားသောအမူအရာများ - ----------
----------
----------
၂၈။ အမြဲဝတ်တတ်သော အဝတ်တန်ဆာများ- ----------
----------
----------
၂၉။ အမှုအကြောင်းအရာ အကျဉ်းချုပ် -
----------
----------
----------

# ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကျင်းပ

ပုသိမ် ဇူလိုင် ၂၃

**ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)

ပြည်ထောင်စုဝန်ကြီးက လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ပညာရေးမူဝါဒပါကဏ္ဍများဖြစ်သည့် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် အသက်မွေးပညာရေးတို့ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်ဖြစ်သည့် ဒေသတွင်းလုပ်ငန်းများအတွက် လိုအပ်သော လက်တွေ့ကျွမ်းကျင်မှုလိုအပ်ချက်များ ဖော်ထုတ်နိုင်ရေး၊ ဒေသမှ တောင်းဆိုမှုအများဆုံးဖြစ်သည့် သင်တန်းအမျိုးအစား စတင်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်မည့်သင်တန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးနိုင်ရေးအစီအစဉ်များ ဖော်ထုတ် ဆောင်ရွက်နိုင်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိဒေသအကျိုးဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ ကူညီဆောင်ရွက်နိုင်မည့် ဘွဲ့ရလူငယ်မောင်မယ်များမွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးအောင်မြင်သည့် လူငယ်များအနေဖြင့် အလုပ်အကိုင်နှင့် လစာကောင်းများရရှိနိုင်သကဲ့သို့ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း သာမက ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ စိတ်ပါဝင်စားသော နယ်ပယ်များတွင်လည်း ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက် အောင်မြင်နိုင်ရေး ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့က အမှာစကား ပြောကြားပြီး နှီးနှောဖလှယ်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





❊ *ရွှေဖုံးမှ*

အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း အမှတ်(၂)ရေလွှဲဥမင်လိုဏ်ဂူ တည်ဆောက်ခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ အမှတ်(၁) ဥမင်လိုဏ်ဂူ တည်ဆောက်နေမှုနှင့် ရေထိန်းတံခါးပြွန် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူ့ဌေးချောင်းပေါ်တွင်တည်ရှိပြီး တမံအမျိုးအစားမှာ ဇုန်အမျိုးအစား ကျောက်ဖြစ်တမံဖြစ်ပြီး တမံအလျား ပေ ၂၀၂၀၊ အမြင့် ၂၉၈ ပေ၊ ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏမှာ ၆ ဒသမ ၉၆သိန်း ဧကပေဖြစ်၍ စက်တပ်ဆင်စွမ်းအား ၁၁၁ မဂ္ဂါဝပ်နှင့်နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ရှိ ဥမင်လိုဏ်ဂူအတွင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်**

## နေပြည်တော် စာပေဝိုင်း နှစ်ပတ်လည်အခမ်းအနားနှင့် စာပေထူးချွန်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၆ ခုနှစ် ဇူလိုင် ၂၄ ရက်က စတင်တည်ထောင်ကျင်းပခဲ့သည့် အပတ်စဉ်တနင်္ဂနွေနေ့ နေပြည်တော်စာပေဝိုင်း၏ နေပြည်တော် စာပေဝိုင်းနှစ်ပတ်လည် အခမ်းအနားနှင့် စာပေထူးချွန်ဆုရ ဝိုင်းတော်သားများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဘောဂသိဒ္ဓိ စားသောက်ဆိုင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာနှင့် တေးရေးဆရာ ရေနံ့သာ မောင်ကျော်ညွန့်နှင့် စာရေးဆရာ ကိုဖိုးကျင်တို့က ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ (၇၂)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲတွင် ဝတ္ထုတို ပထမဆုရ စာရေးဆရာ ပိုင်ဇင်ဇော် (သတ္တု)၊ မြန်မာနိုင်ငံ အမျိုးသမီးများနေ့ ဝတ္ထုတိုပြိုင်ပွဲ ဒုတိယဆုရ စာရေးဆရာ ကိုဖိုးသီ၊ ၂၀၁၆ ခုနှစ် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကဗျာဆုရ၊ မြဝတီသတင်းစာ ကဗျာဆုနှင့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် ကဗျာဆုရ စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်နှင့် ၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မှတ်တမ်းဆုရ စာရေးဆရာ ကိုချိုစံတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မြန်မာနိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိကဆေးဝါးထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိကဆေးဝါး ထုတ်လုပ်ရေးစက်ရုံဖြစ်သော PMI (Pacific Medicial Industries) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုမြို့၌ ကျင်းပခဲ့သည်။

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် PMI ဆေးဝါးထုတ်လုပ်ရေးစက်ရုံအကြောင်းကို စီအီးအိုဖြစ်သူ ဦးဇော်မိုးခိုင်က ရှင်းလင်းပြောကြားပြီး ဆေးဝါးထုတ်လုပ်ရေး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။**(ယာပုံ)**

စက်ရုံ၏ဆေးဝါးအရည်အသွေးထိန်းချုပ်ရေးဌာနမှ မထက်ထက်လင်းက "ကျွန်မတို့အနေနဲ့ အခုလောလောဆယ် ဆေးပြားတွေ၊ ဆေးတောင့်တွေ၊ ဆေးအမှုန့်တွေထုတ်ပါတယ်။ စက်တွေတော့ စတင်လည်ပတ်နေပါပြီ။ ဆေးအမျိုးအစား ၅၀ ထုတ်မှာပါ။ အဓိက ရည်ရွယ်တာကတော့ မြန်မာနိုင်ငံသားတွေအနေနဲ့ ပြည်တွင်းမှာထုတ်တဲ့ ဆေးတွေကို အဆင့်အတန်းမြင့်မြင့် သုံးစွဲစေချင်တဲ့ စေတနာနဲ့ ဒီစက်ရုံကြီးကို ဖွင့်လှစ်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆေးဝါးထုတ်ကုန်များကို ရောဂါအမျိုးမျိုးအတွက် ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် ပင်နီဆီလင်၊ ပိုးသတ်ဆေးများ ထုတ်လုပ်ခြင်းအထိ တိုးချဲ့မည်ဖြစ်ကြောင်း သိရသည်။

စက်ရုံအနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ဆေးဝါးထုတ်လုပ်ခွင့် ထောက်ခံချက် (ယာယီ) ရရှိထားကြောင်း သိရသည်။



အဆိုပါ ဆေးဝါးထုတ်လုပ်ရေး စက်ရုံသစ်ကြီးကို အမေရိကန်ဒေါ်လာ သန်း ၂၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## မိုးစပါးစံပြကွက် တောင်သူများနှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး တောင်သူများအား ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်

**လောက်ကိုင် ဇူလိုင် ၂၃**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးကျင်းပသော မိုးစပါးစံပြတောင်သူများနှင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာတောင်သူများအား ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင်လဒုတိယပတ်က လောက်ကိုင်မြို့နယ်ရှိ ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသန်းအောင်က စိုက်ပျိုးရေးဦးစီးဌာနမှ ဆောက်ရွက်လျက်ရှိသည့်လုပ်ငန်းများဆိုင်ရာ ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ် မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် မိုးရာသီမှစတင်ပြီး ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေမှုများနှင့် လောက်ကိုင်ခရိုင်တွင်လည်း သတ်မှတ်ချက်များပြည့်စုံသော ဆီအောကျေးရွာကို စံပြကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆီအောကျေးရွာ စံပြကွက်စိုက်ပျိုးသည့် တောင်သူ ၁၁ ဦးအတွက် ကွန်ပေါင်းမြေသြဇာများနှင့် ပုလဲဓာတ်မြေသြဇာများကို ထောက်ပံ့ပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပျိုးပင်များကို လှည့်လည်ကြည့်ရှုပြသခဲ့သည်။

**ဘဦး(ပြန်/ဆက်)**

# ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၃) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း (၅၃) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်နှင့် ဆရာကြီး၏မိသားစုဝင်များက ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားနှင့်ပတ်သက်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မြေးဖြစ်သူ ဒေါ်ခင်စောနန်းက "အရင်တုန်းကတော့ ဒီနေရာမှာ လုပ်ခွင့်မရှိခဲ့ပါဘူး။ အိမ်မှာ ဆွမ်းကပ်တာလောက်ပဲ လုပ်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကမှ ဂူဗိမာန်မှာ လုပ်ခွင့်ရတာပါ။ အဘိုးဟာ ငြိမ်းချမ်းရေး ဖခင်ကြီးပါ။ အမှန်တရားအတွက် အဖိနှိပ်ခံပြည်သူတွေဘက်က အမြဲတမ်းရပ်တည်ပေးခဲ့သူပါ။ ဒီနေ့ခေတ် လူငယ်တွေကိုလည်း အတုယူစေချင်ပါတယ်"ဟုပြောသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း(၅၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဂူဗိမာန်၌ ဂါရဝပြုခြင်းတို့အပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား လူငယ်များပိုမိုသိရှိလာစေရန် ဆရာကြီး၏ မိန့်ကြားချက်များ၊ မျှော်မှန်းချက်များနှင့် ငြိမ်းချမ်းရေးလမ်းစဉ်များကို တက်ရောက်လာကြသူများက ဟောပြောကြသည်။ ထို့အပြင် ဆရာကြီး ရေးသားခဲ့သောစာအုပ်များနှင့်အတူ ဆရာကြီးအား သတိရစေမည့်အထိမ်းအမှတ် ရုပ်ပုံများပါရှိသော အမှတ်တရပစ္စည်းများကိုလည်း ရောင်းချပေးခဲ့ကြောင်း သိရသည်။



ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်သို့ လာရောက်ကြသည့် သံဃာတော်နှင့် လူများကိုတွေ့ရစဉ်

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိပြီး ယနေ့ အခမ်းအနားသို့ ဆရာကြီး၏ မိသားစုဝင်များနှင့်အတူ ဆရာကြီးကို ချစ်မြတ်နိုးသူများ၊ နိုင်ငံရေးအင်အားစုများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်က အချက်ခုနစ်ချက်ပါသော သဘောထား ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဒုတိယအကြိမ်ပါ။ ပထမအကြိမ်တုန်းကလည်း တစ်နိုင်ငံလုံးအားပေးခြင်းခံရပြီး အလှူငွေမြောက်မြားစွာ ရရှိခဲ့တာကြောင့် သက်ကြီးလူရွှင်တော်တွေကို အများကြီးထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒီကနေ့ပွဲက ရရှိလာတဲ့ ရန်ပုံငွေတွေကိုလည်း အသင်းရဲ့အစီအစဉ်နဲ့ ထောက်ပံ့မှုတွေလုပ်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ရန်ပုံငွေကပွဲကို လူရွှင်တော်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပပြီး ဒါရိုက်တာ မောင်သီက စီစဉ်ခြင်းဖြစ်သည်။ ယင်းကပွဲတွင် လူရွှင်တော်အသင်းဂုဏ်ပြုသီချင်း၊ သံချပ်၊ လူရွှင်တော်အဖွဲ့အလိုက် ပြက်လုံးများ၊ လူရွှင်တော်အဖွဲ့သီချင်းများ၊ 5-Star အဖွဲ့၏ အငြိမ့်၊ ဟာသ အမြင်ဖြင့် ရယ်ရွှင်ဖွယ်ဖန်တီးထားသော အနောက်တိုင်းအကများ၊ ဟာသပြဇာတ်များဖြင့်ဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူ ပရိသတ်များ အကြိုက်တွေ့ခဲ့ကြောင်း သိရသည်။

"အငြိမ့်တို့၊ ဇာတ်ပွဲတို့ဆိုရင် ငယ်ငယ်လေးကတည်းက ကြိုက်ခဲ့တာပါ။ မကြာခဏ ကြည့်ဖြစ်ပါတယ်။ ဒီနေ့ပွဲကတော့ သက်ကြီးလူရွှင်တော်ကြီးတွေကို ထောက်ပံ့ပေးမယ့်ပွဲဆိုတော့ ကိုယ်လည်း ကုသိုလ်ရတာပေါ့။ ဖျော်ဖြေသွားတဲ့ အစီအစဉ်တွေလည်း တော်တော်ကောင်းပါတယ်"ဟုမရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်မှ လာရောက်ကြည့်ရှုသူ ဒေါ်ခိုင်ခိုင်က ပြောသည်။ လူရွှင်တော်အသင်း(ရန်ကုန်)အနေဖြင့် ရရှိလာသော ရန်ပုံငွေများကို နှစ်စဉ် စက်တင်ဘာလအတွင်း၌ သက်ကြီးပူဇော်ပွဲပြုလုပ်၍ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးလူရွှင်တော်များကို ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် နာမကျန်းဖြစ်နေသော လူရွှင်တော်များကိုလည်း ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

ငါးမိနစ်တွင် ကာမာယူက အဖွင့်ဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ၁၄ မိနစ်တွင် အောင်သူ အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မြန်မာခံစစ်ပိုင်းမှာ ဩစတြေးလျတိုက်စစ်ကို မထိန်းချုပ်နိုင်၍ အခွင့်အရေးများပေးခဲ့ရပြီး ၃၁ မိနစ်တွင် ထောင့်ကန်ဘောကို မြန်မာဂိုးသမားဘုန်းသစ္စာမင်း ကာကွယ်ရာ ဂျွန်နသန်နှင့်ထိပြီး ဂိုးဝင်သွား၍ ဩစတြေးလျအသင်းကို ဒုတိယဂိုးပေးခဲ့ရသည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းက နောက်ခံလူ မျိုးကိုထွန်းအစား နိုင်လင်းထွန်းကိုထည့်ကာ အပြောင်းအလဲလုပ်ခဲ့သည်။ ဒုတိယ ပိုင်းအစတွင် မြန်မာအသင်းတိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၁ မိနစ်တွင် မောင်မောင်လွင်၊ ၅၇ မိနစ်တွင် လှိုင်းဘိုဘိုတို့ ချေပဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ၅၈ မိနစ်တွင် မြန်မာအသင်း တတိယဂိုးပေးခဲ့ရပြီး ဆိုတီရီယိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် သုံးဂိုးပြတ်ရှုံးနိမ့်နေသော်လည်း စိတ်ဓာတ်မကျဘဲ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့ပြီး ၆၅ မိနစ်တွင် ဩစတြေးလျဂိုးသမားဆီမှ အောင်သူ ရယူပြီး ကန်သွင်းခဲ့သော်လည်း နောက်ခံလူက ဖျက်ထုတ်နိုင်ခဲ့သည်။ ပွဲပြီးသည်အထိ မြန်မာအသင်း ချေပဂိုးမသွင်းနိုင်သဖြင့် သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ညနေ ၃ နာရီ၌ ယှဉ်ပြိုင်သည့် ပထမပွဲတွင် စင်ကာပူအသင်းက ဘရူနိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။အုပ်စု (F) ပွဲစဉ်များအပြီးတွင် ဩစတြေးလျအသင်းက သုံးပွဲစလုံးနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး မြန်မာက ခြောက်မှတ်၊ စင်ကာပူက သုံးမှတ်၊ ဘရူနိုင်းက အမှတ်မရခဲ့ပေ။

ယခုခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပလျက်ရှိပြီး ခြေစစ်ပွဲအောင် အသင်း ၁၅ သင်းထွက်ပေါ်လာမည်ဖြစ်ကာ မြန်မာအသင်းသည် ဒုတိယနေရာသာ ရခဲ့သောကြောင့် အခြားအုပ်စုများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။



ဩစတြေးလျအသင်း၏ ဂိုးရရှိရေးကြိုးပမ်းမှုကို မြန်မာဂိုးသမားကာကွယ်စဉ်

# မြစ်ရေကျချိန်၌ ကျေးရွာလမ်းများကောင်းမွန်စေရန်ရည်ရွယ်၍ သဲအိတ်များကြိုတင်စီမံချထား

**ရေစကြို ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျွန်းညိုရွာ၌ ရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေများ ကျဆင်းချိန်တွင် ကျေးရွာအတွင်းလမ်းများ ကောင်းမွန်စွာသွားလာနိုင်ရန် ရည်ရွယ်ပြီး လောကပါလလူမှုရေးအသင်းမှ သဲများ၊ သဲအိတ်များဖြင့် လမ်းများပေါ်သို့ ကြိုတင်ချထားကြောင်း သိရသည်။

ကျွန်းညိုရွာအတွင်းနေထိုင်သော ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ မြစ်ရေကျချိန် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ကျွန်းညိုရွာလောကပါလ ပရဟိတလူမှုရေးအသင်းမှ အသင်းသား ၅၀ ကျော်သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းသောင်ခုံပေါ်မှ သဲများကို စက်လှေ ၁၀ စင်းဖြင့် သယ်ယူကာ ကျေးရွာလမ်းများအားလုံးကို ကြိုတင်ချထားသည်။ **(အောက်ဝဲပုံ)**



"ကျွန်တော်တို့ ရည်ရွယ်ချက်က ရွာသူ ရွာသားတွေ၊ ကျောင်းသား ကျောင်းသူတွေ ရေကျပြီးကျောင်းဖွင့်တဲ့အချိန်၊ ကျန်းမာရေးအရ အရေးပေါ်သွားလာရတဲ့အချိန် ဒီလမ်းတွေကောင်းနေမှဖြစ်မယ်။ နောက်ပြီး ဒီရွာကိုဖြတ်သွားဖြတ်လာပြုကြတဲ့ ဘေးရွာကပြည်သူတွေအတွက် ရည်ရွယ်ထားပြီးခင်းတာပါ။ ရွာထဲက လမ်းတွေပေါ်မှာရေက ခါးလောက်အထိရှိနေသေးပေမယ့် စက်လှေဝင်လို့ ရတဲ့အချိန် ကြိုတင်ပြင်ဆင်ထားတာပါ။ ရေနည်းတဲ့လမ်းပိုင်းကို သဲကို ဒီအတိုင်းချတယ်။ ရေနက်တဲ့အပိုင်းကတော့ သဲအိတ်တွေချထားပြီး ရေကျချိန်အတွက် ကြိုတင်ပြင်ဆင်ထားပါတယ်"ဟု ပရဟိတအဖွဲ့ခေါင်းဆောင် ဦးကျော်သူရက ပြောသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- KTY**

# ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက် ရေဘေးသင့်သူများအား ရေသန့်ဘူးများပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီးတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က မိုးသည်းထန်စွာ ရွာသွန်းကာ မြစ်မခမြစ်ရေမြင့်တက်လာမှုကြောင့် သာယာဝတီမြို့နယ် ညောင်သာယာ- ဆင်လမ်းမြေသားတာလမ်းမှာ ကျိုးပေါက်ပြီး ရေဝင်ရောက်လာသဖြင့် အဆိုပါနေရာသို့ သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးဦးစီးသည့်တပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကျိုးပေါက်ပျက်စီးသွားသော တာပေါင်အားပြုပြင်ခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီဝါးတဲများဆောက်လုပ်ခြင်း(**အောက်ပုံ**) နှင့် တစ်လီတာဝင်ရေသန့်ဘူးခြောက်လုံးကတ် ငါးကတ်တို့ကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**



## အမ်းမြို့နယ်၌ မြေနိမ့်ကားလမ်းနေရာများတွင် ရေကျော်နစ်မြုပ်

**အမ်း ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဇူလိုင် ၂၃ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေနိမ့်ကားလမ်းနေရာများတွင် ရေကျော်နစ်မြုပ်ခြင်း ဖြစ်ပွားလျက်ရှိပြီး ယာဉ်များ ခေတ္တဖြတ်သန်းသွားလာမှု ရပ်တန့်လျက်ရှိသည်။

ဖြစ်ပွားနေရာများမှာ အမ်း- စစ်တွေ ကားလမ်းအပိုင်း ရွာသာယာကျေးရွာအနီး၊ ကြိမ်ချောင်းကျေးရွာအနီး ၊ မဲလက်မောင်းကျေးရွာအနီး၊ မင်းဘူး-တပ်တောင်လမ်းအပိုင်း ဂါယ်လောင်းကျေးရွာအနီးတို့တွင် ကားလမ်း ရေကျော်နစ်မြုပ်ခြင်း ဖြစ်ပွားလျက်ရှိပြီး ရေများပြန်လည်လျော့ကျမှသာ ယာဉ်များ လိုရာခရီးသို့ ပုံမှန်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်ပေါ် ရေနှစ်ပေကျော်ခန့်မြင့်တက်



**ငဖဲ ဇူလိုင် ၂၃**

ဇူလိုင် ၂၂ ရက်ညက တစ်ညလုံးမိုးရွာသဖြင့် ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီမှစတင်ကာ မန်းချောင်းရေကြီးမြင့်၍ မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာ ရင်ပြင်ပေါ်၌ ရေနှစ်ပေကျော်ခန့် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေနှင့် ပန်းတိမ်းချောင်းရေများသည် ချောင်းအောက်ပိုင်း၌ရှိသော မန်းရွှေစက်တော်၊ အိုင်းမဆည်သည် စကုမြို့အနီးသို့ ဖြတ်သန်းစီးဆင်းလျက်ရှိကာ အဆိုပါချောင်းများအတွင်းသို့ မိုးရွာမှုများပြားခဲ့၍ တောင်ကျချောင်းရေများစွာ အရှိန်အဟုန်ဖြင့်စီးဆင်းခဲ့ပြီး မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာ ရင်ပြင်အထက်သို့ ကျော်လွန်ကာ စီးဆင်းခဲ့ခြင်းဖြစ်သည်။

မန်းရွှေစက်တော်ရာဘုရားသို့ ပွဲတော်ချိန်ကာလမဟုတ်သော်လည်း ဘုရားဖူးပြည်သူများ ၈ မိုင်လမ်းမှတစ်ဆင့် ဘုရားဖူးလာရောက်လျက်ရှိပြီး အောက်စက်တော်ရာ ခြေတော်ရာသို့ စက်လှေဖြင့်သွားလာကာ ဖူးမြော်ခဲ့ကြသည်။ ယခုကဲ့သို့ မိုးများ၍ ချောင်းရေကြီးမြင့်နေချိန်များတွင် အန္တရာယ်များသည့်အတွက် စက်လှေများဖြင့် သွားလာခွင့်မပြုကြောင်း မန်းရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ချင်းတွင်းမြစ်ရေကျသော်လည်း ချင်းယားရွာတွင် အိမ်ခြေ ၅၀ ခန့် မြစ်ကမ်းပါးပြိုမည့် အန္တရာယ်စိုးရိမ်နေရ

**ရေစကြို ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မိုးကွဲအုပ်စု ချင်းယားရွာတွင် ချင်းတွင်းမြစ်ရေ ကျဆင်းသော်လည်း အိမ်ခြေ ၅၀ ခန့် မြစ်ကမ်းပါးပြိုမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ချင်းယားရွာ၏အထက် မဲကုန်း၊ ကံဦးကျွန်းမှ ရေလကျ်ား မြစ်ပေါက်မြစ်ကြောင်းဖြစ်ပေါ်ကာ ချင်းယားရွာ၏ မြောက်ဘက်မြစ်ကြောင်းသည် ရွာနှင့်ထိပ်တိုက်ရင်ဆိုင်နေရ၍ မြစ်ကမ်းပါးပြိုမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။ လာမည့်နှစ်တွင် ယခုနှစ်ကဲ့သို့ မြစ်ကမ်းပါးများပြိုပါက ရွာလုံးကျွတ်ဆုံးရှုံးနိုင်ပြီး ယခုအခြေအနေတွင် ချင်းတွင်းမြစ်ကမ်းဘေးရှိ နေအိမ် ၆၂ အိမ်ခန့်တွင် ၅၀ ခန့်မှာ မြစ်ကမ်းပါးပြိုရန် စိုးရိမ်ရသောအခြေအနေတွင်ရှိနေကြောင်း သိရသည်။

ချင်းယားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်အေးက "ဇူလိုင် ၈ ရက်မှ ၂၃ ရက်အတွင်း အိမ်ခြေ ၂၈ အိမ် မြစ်ကမ်းပါးပြိုတဲ့အထဲ ပါသွားတယ်။ ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကမ်းပါးပြို အိမ်တစ်အိမ်လျှင် ငွေကျပ်တစ်သိန်း၊ လူတစ်ဦးတစ်ရက်စာ စားစရိတ်ငွေကျပ် ၂၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးတို့ကို သုံးကြိမ်တိုင် ကျေးရွာအရောက် ကမ်းပါးပြိုအိမ် ၁၈ အိမ်အတွက်လာရောက်ပေးအပ်ခဲ့ပါတယ်။ မရရှိသေးသည့် အိမ်များကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမယ်"ဟု သိရသည်။

"နောက်ထပ် အဓိပ္ပာယ်ရှိသောလူအဝေးရောက်ပရဟိတအဖွဲ့ မန္တလေး၊ ပဲခူးနှင့် ပခုက္ကူမြို့များမှ ပရဟိတအဖွဲ့ဝင်များကလည်း ကမ်းပါးပြို ၂၈ အိမ်အတွက် မြေကွက်ဝယ်ရန် ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းထားပါတယ်။ အခြား စားသောက်စရာများလည်း လှူဒါန်းခဲ့ပါသေးတယ်"ဟု ပြောသည်။

မြစ်ကမ်းပါးပြိုမိသားစုများ ယာယီနေထိုင်ရန်အတွက် ကျေးရွာအတွင်းမှ နတ်စင်ပေါ်တွင် မိသားစုလေးစုနှင့် ကျန်ရှိမိသားစုများမှာ နီးစပ်ရာဆွေမျိုးများ အိမ်တွင် ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ချင်းယားကျေးရွာ မူလွန်ကျောင်းနှင့် ဘုန်းကြီးကျောင်းမှာလည်း မြစ်ကမ်းပါးနှင့်နီးကပ်နေပြီဖြစ်သည်။ ဘုန်းကြီးကျောင်းဝင်းမှာ ချင်းတွင်းမြစ်ကမ်းနှင့် ပေ ၅၀ ခန့်သာကျန်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီလိုမြစ်ကမ်းတွေနှစ်စဉ်နှစ်တိုင်း အဆက်မပြတ်ပြိုနေတော့ ဦးတို့နေတဲ့ကျွန်းစုက နှစ်ကြာလာတာနဲ့အမျှ ပျောက်ကွယ်သွားမှာစိုးရိမ်ရတယ်။ နောင်တစ်ချိန် ပေ့ါလေ။ ဌာနဆိုင်ရာတွေအနေနဲ့ ဦးတို့ရွာ ဒုက္ခရောက်နေတဲ့အချိန် အကူအညီတွေပေးတာ ဝမ်းသာရတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်နှစ်တွေမှာလည်း ကမ်းပြိုမှုမရှိအောင် အစိုးရအနေနဲ့ မဲကုန်း၊ ကံဦးကျွန်းမှ ရေလကျ်ားမြစ်ပေါက်ကနေ ရေလွှဲ(ရေကာ)ပြုလုပ်ပေးမယ်ဆိုရင် ဦးတို့ရွာက ကမ်းပြိုမှုသဘာဝဘေးက လွတ်မြောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရပ်မိရပ်ဖ ဦးဝင်းတင်က ပြောသည်။

**သတင်း - ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**



မြစ်ကမ်းပါးပြိုမည့်အန္တရာယ် စိုးရိမ်နေရသည့် ချင်းယားရွာကို တွေ့ရစဉ်

# စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများသို့ ရေဝင်

**ရွှေကျင် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နှင့် နီးကပ်စွာစီးဆင်းနေသော စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာမှ ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၁၁၂၄ စင်တီမီတာသို့ ရောက်ရှိနေပြီး ရွှေကျင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာမှ ၆၆၅ စင်တီမီတာသို့ ရောက်ရှိနေသည်။

စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ရွှေကျင်မြို့နယ် စစ်တောင်းမြစ်ကမ်းဘေးရှိ ကျေးရွာများသို့ ရေဝင်ရောက်လျက်ရှိပြီး ကျေးရွာများမှ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေ တစ်နေ့တစ်ပေမြင့်တက်လျက်ရှိ

**ကျောင်းကုန်း ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် မိုးသည်းထန်စွာရွာသဖြင့် ဒါးကမြစ်ရေသည် တစ်နေ့လျှင် တစ်ပေခန့် မြင့်တက်လျက်ရှိကြောင်း သိရသည်။ ဇူလိုင် ၂၃ ရက် ညနေတွင် အမြင့်ပေ ၁၆ ပေခွဲအထိ ရှိပြီဖြစ်ရာ စိုးရိမ်ရေမှတ်သို့ ရောက်ရန် လက်မဝက်သာလိုတော့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့မဈေးကြီး၏ သားငါးတန်းနှင့် ကမ်းနားလမ်းဆိုင်များ ရေနစ်မြုပ်ပြီဖြစ်ရာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြပြီဖြစ်ပြီး အနိမ့်ပိုင်းရပ်ကွက် ကျေးရွာများတွင် ရေများဝင်ရောက်နစ်မြုပ်နေပြီဖြစ်ကြောင်း၊ စာသင်ကျောင်းအချို့လည်း ရေဝင်ရောက်နေပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်ကျော်နေ

**ညောင်တုန်း ဇူလိုင် ၂၃**

ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅၀ ပေနှင့် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅၀ ပေ အထက်သို့ ကျော်လွန်ကာ ၂၄ ဒသမ ၉၅ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။

ဧရာဝတီမြစ်ရေမှာ ယခုရက်ပိုင်းအတွင်း သိသိသာသာ မြင့်တက်လျက်ရှိရာ ခရိုင်အတွင်းရှိ တာတမံကိုးခု၊ အလျား ၃၀၈ ဒသမ ၃၇ မိုင်၊ ရေဘေးကာကွယ် ဧရိယာ ၅၀၇၀၇၃ ဧက၊ ရေတံခါး ၃၈ ခု၊ အကျိုးပြုဧရိယာ ၃၀၄၇၁၈ ဧကအား မြစ်ရေဝင်ရောက် ပျက်စီးထိခိုက်မှုမရှိစေရေးအတွက် တာမိုင်အလိုက်၊ ရေကင်းစခန်းအလိုက်၊ ဒေသစိတ်အလိုက်၊ မြို့နယ်အလိုက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများဖြင့် အင်တိုက်အားတိုက် စောင့်ကြည့်ကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သပြေထွန်း**

# အင်းတော်မြို့၌ မိုးရွာမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့ ရေလွှမ်း

**အင်းတော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မိုးရွာမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့ လမ်းများပေါ်နှင့် လူနေအိမ်များအတွင်းသို့ မိုးရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိုင်းဖြတ်မြို့နယ်ရှိ မိုင်းဟဲကျေးရွာအုပ်စုတွင် လယ်မြေ ၃၀၇ ဧကကျော် ရေလွှမ်း

**တာချီလိတ် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ဇူလိုင် ၂၂ ရက်မှ စတင်၍ ယနေ့ ဇူလိုင် ၂၃ ရက်အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသဖြင့် မယ်ဟုတ်ချောင်းနှင့် ပုံပါချောင်း ရေကြီးရေလျှံမှုကြောင့် မိုင်းဟဲကျေးရွာအုပ်စုရှိ လယ်မြေစုစုပေါင်း ၃၀၇ ဧကကျော် ရေလွှမ်းမှုဖြစ်ပွားကြောင်း သိရသည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာ၍ ချောင်းရေကြီး၊ ရေလျှံမှုကြောင့် မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သည့် နမ့်ဟွေယွန်း၊ နမ့်ဟွေလုံ၊ ရှေခင်-၁၊ ဝမ်ကပ်၊ ဟိုခန့်၊ ဘူရှီး၊ တုံလုံတို့မှ ကွင်းအမှတ်(၂၈/က )ကွင်း၊ (၂၈/ခ) ကွင်း၊ ပါဝုန်းစည့်ကျေးရွာများမှ တောင်သူ ၁၃၀ တို့၏ လယ်ယာမြေ ၃၀၇ ဒသမ ၅၁ ဧကကို ရေလွှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု နမ့်တွန်ချောင်းရေကြီး ရေလျှံမှုကြောင့် ဆီလီငေါ့-မောတွီလမ်းရှိ အလျား ပေ ၃၀၊ အကျယ် ၁၂ ပေ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားမှာ ချဉ်းကပ်လမ်း ငါးပေခန့် ရေတိုက်စားမှုနှစ်နေရာ ဖြစ်ပွားခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် တာဝန်ရှိသူများက သွားလာမှုအဆင်ပြေရေး ဆောင်ရွက်နေကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာမှုကြောင့် တနင်္သာရီမြို့နယ်၌ မူလတန်းကျောင်းတချို့ ခေတ္တပိတ်ထားခဲ့ရ

**တနင်္သာရီ ဇူလိုင် ၂၃**

ဇူလိုင်လအတွင်း မိုးများအဆက်မပြတ်သည်းထန်စွာရွာ၍ မြစ်ရေမြင့်တက်လာမှုကြောင့် တနင်္သာရီမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းတချို့ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစ၍ ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

တနင်္သာရီ မြို့ပေါ်ရပ်ကွက်များအတွင်းသို့ မြစ်ရေမဝင်ရောက်နိုင်ရန် ရေထိန်းတံခါးများ၊ ရေကာတာများဖြင့် ထိန်းသိမ်းထားရှိသော်လည်း လက်ရှိအချိန်တွင် သာမန်မြစ်ရေ၏ ၁၆ ပေ ၃ လက်မအထိ မြစ်ရေမြင့်တက်လျက်ရှိရာ မြို့နယ်အတွင်းမှ အနိမ့်ပိုင်းရှိ ကျေးရွာလမ်းများအတွင်း မြစ်ရေများ ဝင်ရောက်လျက်ရှိခြင်းကြောင့် မူလတန်းကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ဆင်ခြေဖုန်းကျေးရွာအုပ်စုအတွင်းမှ အမက-တပ်ဦးနှင့် ဘန်းသဲရွာ မူလတန်းလွန်ကျောင်း၊ တမုတ်ချိုးကျေးရွာအုပ်စု အမက-မြန်မာအင်းတော်ကျောင်းနှင့် ကျောက်တလုံးကျေးရွာအုပ်စု အမက-မြေမအုံရွာစသည့် အခြေခံပညာမူလတန်းကျောင်းလေးကျောင်းအား မြစ်ရေပြန်ကျသည်အထိ ခေတ္တပိတ်ထားရခြင်းဖြစ်ကြောင်းနှင့် မြစ်ရေတက်မှုအခြေအနေအရ အန္တရာယ်ရှိနိုင်သော ကျောင်းများရှိပါက ညှိနှိုင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာမှုကြောင့် သံတွဲမြို့အနိမ့်ပိုင်းနေရာများ ရေနစ်မြုပ်

**သံတွဲ ဇူလိုင် ၂၃**

သံတွဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာမှုကြောင့် ဇူလိုင် ၂၃ ရက် နံနက် ၁ နာရီခန့်မှစ၍ သံတွဲချောင်းရေများ စတက်လာကာ သံတွဲမြို့ အနိမ့်ပိုင်းဒေသများဖြစ်သည့် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)ရပ်ကွက် ညောပင်ဈေး/သမုတ်ချောင်း၊ သံတွဲမြို့အထွက် သံတွဲ-ဂွကားလမ်းနှင့် ကျေးရွာအချို့တို့တွင် ရေနစ်မြုပ်မှုဖြစ်ပေါ်နေကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## တိုင်ဖွန်းမုန်တိုင်းအန္တရာယ်ကြောင့် လှေအစင်းလေးသောင်းကျော် ကွမ်တုံဆိပ်ကမ်းသို့ပြန်ရောက်လာ

**ကွမ်တုံ ဇူလိုင် ၂၃**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်း ရိုက်ခတ်ဝင်ရောက်မှုအန္တရာယ်ကိုတွေ့ကြုံနေရပြီး ဆိုင်ကန်းနှင့်ဟောင်ကောင်တစ်လျှောက်ကမ်းရိုးတန်းဒေသများ၌ တနင်္ဂနွေနေ့နံနက် ၉ နာရီတွင်မုန်တိုင်း ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ကွမ်တုံကမ်းခြေ တစ်လျှောက်ရှိ ပင်လယ်ပြင်တွင် လူ ၁၃၅၃၀ တို့ လုပ်ငန်းလုပ်ကိုင်နေကြချိန်တွင် ငါးဖမ်းလှေစုစုပေါင်း ၄၀၄၇၃ စင်းသည် ကမ်းခြေဆီသို့ ပြန်လည်ဆိုက်ကပ်လာခဲ့ကြသည်။

ယခုနှစ်အတွင်း ခုနစ်ကြိမ်မြောက် ဝင်ရောက်မှုဖြစ်သည့် တိုင်ဖွန်းမုန်တိုင်း ရိုက်ခတ်သည်တစ်နာရီလျှင် ၂၀ကီလိုမီတာ အမြန်နှုန်းဖြင့် အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားလျက်ရှိကြောင်း၊ သို့သော်လည်း အင်အားလျော့နည်းလျက်ရှိကြောင်း ပြည်နယ်မိုးလေဝသလေ့လာစောင့်ကြည့်မှုအဖွဲ့က ခန့်မှန်းခဲ့သည်။

မုန်တိုင်း၏အရှိန်ကြောင့် ရှန်ကျန်း၌ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ ဒေသအစိုးရအဖွဲ့က ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် လုပ်ငန်းဆောင်ရွက်နေမှုကို ရပ်နားထားရန် တနင်္ဂနွေနေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

နောက်ထပ်ရှစ်ခုမြောက်မုန်တိုင်းတစ်ခုသည် တရုတ်နိုင်ငံတောင်ပိုင်းဟိုင်နန်ပြည်နယ်ဆီသို့ ချဉ်းကပ်လာလျက်ရှိကြောင်း မိုးလေဝသစောင့်ကြည့်လေ့လာမှုအဖွဲ့က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပြုလုပ်ထားသော်လည်း ဆီးရီးယားတပ်မတော်ရဟတ်ယာဉ်များဒမတ်စကတ်မြို့အနီးကို လေကြောင်းမှတိုက်ခိုက်

**အလက်ပို ဇူလိုင် ၂၃**

ဆီးရီးယားတပ်မတော်သည် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲကြောင်း ကြေညာချက်ထုတ်ပြန်ထားသော်လည်း ထိုသို့ထုတ်ပြန်ကြေညာခဲ့ပြီး တစ်ရက်အကြာ တနင်္ဂနွေနေ့တွင် ဒမတ်စကတ်မြို့၏ အရှေ့ဘက် ဂူတာအရှေ့ပိုင်းဒေသအတွင်း၌ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များက ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်သက်ရောက်ပြီး နောက်စနေနေ့အထိအခြေအနေများတည်ငြိမ်မှုရှိခဲ့ကြောင်း ဗြိတိန်အခြေစိုက်စစ်ရေး ထိန်းချုပ်မှုအဖွဲ့ကပြောကြားခဲ့သည်။ ထိုသို့တည်ငြိမ်မှုရှိနေခဲ့ရာမှ တနင်္ဂနွေနေ့အရောက်တွင် သူပုန်များထိန်းချုပ်ရာ ဂူတာအရှေ့ပိုင်းရှိဒူမာနှင့် အင်တာမာမြို့နယ်တို့တွင် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှု ခြောက်ကြိမ်ထိမှန်ခဲ့ကြောင်း စစ်ရေးစီမံထိန်းချုပ်မှုအဖွဲ့က သတင်းပေးပို့ခဲ့သည်။

လတ်တလောတွင် လေကြောင်းတိုက်ခိုက်မှုများနှင့်ပတ်သက်၍ အစိုးရတပ်မတော်ဘက်မှ မှတ်ချက်ချပြောဆိုမှုထွက်ပေါ်လာခြင်းမရှိသေးပေ။

ဆီးရီးယား တပ်မတော်သည် အတိုက်အခံများက အချိန်ကြာမြင့်စွာထိန်းချုပ်ထားခဲ့သည့် ဂူတာအရှေ့ပိုင်းတွင်ပစ်ခတ်တိုက်ခိုက်သည့် လှုပ်ရှားမှုများကို ရပ်နားကြောင်းစတင်ကြေညာခဲ့သည်။




ဂူတာအရှေ့ပိုင်းရှိ သူပုန်အဖွဲ့တစ်ဖွဲ့ကလည်းအပစ်အခတ်ရပ်စဲမှုကို ချက်ချင်းကြိုဆိုလက်ခံခဲ့သည်။

ကိုင်ရို၌ အခြေစိုက်ထားသည့် အာမက်ဂျာဘာဦးဆောင်သော နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့၏ ဖော်ပြချက်တွင်မူ သူပုန်အုပ်စုများ၏ ပူးပေါင်းပါဝင်မှုဖြင့် အီဂျစ်နှင့်ရုရှားက ကမကထပြုခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုသည် အီဂျစ်နိုင်ငံအထိရောက်ရှိခဲ့သည်ဟုဖော်ပြထားသည်။

ဂူတာအရှေ့ပိုင်းတွင် အပစ်ရပ်စဲရေး အပြည့်အဝ သက်ရောက်ရတော့မည်ဖြစ်ပြီး အစိုးရတပ်ဖွဲ့ဝင်အင်အားစုများအနေဖြင့် အဆိုပါဒေသသို့ လုံးဝဝင်ရောက်လာစရာအကြောင်းမရှိတော့သည့်အပြင် ကူညီထောက်ပံ့မှုများကိုစတင်ဆောင်ရွက်ရန် ခွင့်ပြုရမည်ဖြစ်ကြောင်း ကိုင်ရိုအခြေစိုက် အယ်လ်ဂတ်နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့ကပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုလအတွင်း၌ ဆီးရီးယားအနောက်တောင်ပိုင်းအတွက် အပစ်အခတ်ရပ်စဲရေးနှင့် စစ်ပွဲများလျှော့ချရေးသဘောတူညီမှုကို အမေရိကန်၊ ရုရှားနှင့် ဂျော်ဒန်နိုင်ငံတို့ကလည်း ကမကထပြုခဲ့ကြပြီး အကြမ်းဖက်ဆူပူမှုများ လျော့နည်းအောင်ကြိုးပမ်းခဲ့ကြသည်။

**(ရိုက်တာ)**




# ဂျပန်အရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်းရန်အမိန့်ထုတ်

**တိုကျို ဇူလိုင် ၂၃**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်အတွက် ရထားပို့ဆောင်ရေးလမ်းကြောင်းများ ကို ရပ်နားထားခဲ့ရပြီး လူထောင်ပေါင်းများစွာကိုနေအိမ်များမှရွှေ့ပြောင်းကာဘေးလွတ်ရာသို့ရှောင်တိမ်းနေထိုင်ကြရန် တနင်္ဂနွေနေ့တွင် အမိန့်ထုတ်လိုက်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် ယခုလအစောပိုင်းက မုန်တိုင်းကြောင့်ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုဖြစ်စဉ်များဖြစ်ပွားခဲ့ကာ လူ ၂၅ ဦးကိုသေဆုံးစေခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အာခီတာစီရင်စုအတွင်း၌ လူပေါင်း ၂၅၀၀၀နီးပါးကို နေအိမ်များမှရွှေ့ပြောင်းကြရန်နှင့် လူ ၆၀၀၀၀ ကျော်ကို ရေဘေးသင့်ဒေသများမှ စွန့်ခွာရန်သို့မဟုတ် ထွက်ခွာရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် ညွှန်ကြားထားကြောင်း အာခီတာစီရင်စုမှ အာဏာပိုင်တစ်ဦးကရိုက်တာသို့ ပြောကြားခဲ့သည်။

မိုးသည်းထန်မှုကြောင့် မြစ်ရေအချို့ရေလျှံခဲ့ပြီး နေအိမ် ၁၀၀ ကျော်ကို ရေလွှမ်းမိုးသွားခဲ့သည်ဟု အာဏာပိုင်များကပြောသည်။ လတ်တလောတွင် ထိခိုက်ဒဏ်ရာရရှိကြောင်းနှင့် သေဆုံးကြောင်း သတင်းပေးပို့မှုမရှိသေးပေ။ အာဏာပိုင်များက ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အဆက်မပြတ်ရွာသွန်းနေသည့် မိုးကြောင့် အာခီတာမှပြေးဆွဲနေသည့် ကျည်ဆန်ရထားခရီးစဉ်များကိုလည်း ရပ်နားခဲ့ရကြောင်း ဂျပန်အရှေ့ပိုင်းရထားပို့ဆောင်ရေးအဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင်ရေးသားခဲ့သည်။

**(ရိုက်တာ)**

## ပါလက်စတိုင်းဘာသာရေးမြေများတွင် အစ္စရေးတို့၏ကျူးကျော်ရန်စနေမှုများကို ရပ်တန့်အောင်လုပ်ဆောင်ပေးရန် ပါလက်စတိုင်းတိုက်တွန်း

**ရာမာလာ ဇူလိုင် ၂၃**

အစ္စရေးတို့ဘက်မှရန်လိုသည့် အပြုအမူများက ပါလက်စတိုင်းပြည်သူများနှင့် ၎င်းတို့အထွတ်အမြတ်ထားသည့် ဘာသာရေးနယ်မြေများကို ထိခိုက်စေသည့်အတွက် ကုလသမဂ္ဂအနေဖြင့် ထိုသို့ထိခိုက်စေသည့် တင်းမာမှုများကို ရပ်တန့်အောင် ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုများ အမြန်ဆုံးလုပ်ဆောင်ပေးရန် ပါလက်စတိုင်းတရားသူကြီးချုပ်က တိုက်တွန်းတောင်းဆိုခဲ့ကြောင်း မီနာသတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းတရားသူကြီးချုပ် မာမွတ်အယ်လ်အာဘက်ရှ်က အယ်လ်အက်ဆာဘာသာရေးအဆောက်အအုံတွင်ရှိသည့် ဝင်ပေါက်များတွင် အစ္စရေးအာဏာပိုင်များက တပ်ဆင်ထားသည့် အီလက်ထရွန်နစ်ဂိတ်ပေါက်များက ပါလက်စတိုင်းကိုပိုမိုဒေါသထွက်စေခဲ့မှု၏ နောက်ကွယ်မှ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း တနင်္ဂနွေနေ့ထုတ်သတင်းစာတွင် ဖော်ပြခဲ့သည်။

ပါလက်စတိုင်းတွင် ဖြစ်ပွားနေသည့်အခြေအနေများ နောက်ထပ်ဆိုးရွားလာစေခြင်းမှကာကွယ်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အစ္စရေးနိုင်ငံအား လက်တွေ့ကျကျ ဖိအားပေးကြရန်တရားသူကြီးချုပ် မာမွတ်အယ်လ်အာဘက်ရှ်က တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# မောင်တောမြို့တွင် အဝေးပြေးကားဝင်း တည်ဆောက်မည်

**မောင်တော ဇူလိုင် ၂၃**

မောင်တောမြို့သို့ ကားဝင်၊ ကားထွက် များပြားလာသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန် အဝေးပြေးကားဝင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီအဝေးပြေးကားကွင်း တည်ဆောက်နိုင်ဖို့အတွက် နောက်ဆုံးအဆင့်အနေနဲ့ တင်ဒါခေါ်ယူပြီး ကုမ္ပဏီကို ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ ပြည်နယ်အစိုးရကို တင်ပြထားပါတယ်။ ပြည်နယ်အစိုးရရဲ့ လမ်းညွှန်စီမံခန့်ခွဲမှုနဲ့ လုပ်ငန်းတွေ စတင်နိုင်မှာဖြစ်ပါတယ်" ဟု မောင်တောစည်ပင်မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်တင်ဦးက ပြောသည်။

အဆိုပါ ကားဝင်းတည်ဆောက်ရန်အတွက် မောင်တော မြို့အဝင် မြို့မကညင်တန်းရှိ ၁၆ ဒသမ ၇၁ ဧက ကျယ်ဝန်းသော နေရာအား လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ကိုလည်း ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုထားပြီးဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။

မြို့နယ်စည်ပင်သာယာအနေဖြင့် ငွေကျပ် သိန်း ၅၀၀ အောက် လုပ်ငန်းများတွင်သာ ပါဝင်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်များပြားသော လုပ်ငန်းများကို တင်ဒါအောင်ထားသော ကုမ္ပဏီက ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကားဝင်းတည်ဆောက်ရာတွင် ဆိုင်ခန်းများ၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ၊ ယာဉ်ရပ်နားရန်နေရာများ၊ သန့်စင်ခန်းများ စသည်ဖြင့် အဝေးပြေးကားဝင်းတစ်ခု၏ အင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုအခါ မောင်တောမြို့သို့ ဘူးသီးတောင်မှ ကုန်တင်ယာဉ်နှင့် ခရီးသည်ယာဉ်များ အများဆုံးဝင်ရောက်လျက်ရှိပြီး မောင်တောတောင်ပိုင်းနှင့် မြောက်ပိုင်းတို့မှလည်း ခရီးသည်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ နေ့စဉ်ဝင်ထွက်မှု များပြားလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**

# မောင်တောမြို့နယ်၌ မသင်္ကာသူ ၃၁ ဦးအား စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

မောင်တောမြို့နယ်အတွင်း မသင်္ကာသူ ၃၁ ဦးကို လုံခြုံရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဇူလိုင် ၂၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး စစ်ဆေး လျက်ရှိကြောင်း သိရသည်။

လုံခြုံရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က မောင်တောမြို့နယ် နယ်မြေ (၆) ကျောက်လှေခါးကျေးရွာ၌ အကြမ်းဖက်အဖွဲ့ဝင်များ လျှို့ဝှက်အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ လှည့်ကင်းပြုလုပ်မှုနှင့်အတူ စစ်ဆေးခဲ့ရာ အိမ်ထောင်စုစာရင်း သတ်မှတ်ချက်နှင့် ပြည့်စုံမှုမရှိသည့် ၎င်းကျေးရွာနေ မသင်္ကာသူ ဆွေတာလောင် (၂၅ နှစ်) အပါအဝင် ၃၁ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ကျောက်လှေခါးကျေးရွာနေ အစ်မဖြစ်သူ ဆူရာဘေခါင် နေအိမ်အတွင်းရောက်ရှိနေသည့် မသင်္ကာသူ ၃၁ ဦးအနက်မှ မင်္ဂလာကြီးကျေးရွာနေ ဆာရာမောက် (၂၇ နှစ်)ကို စစ်ဆေးရာ အသွား တစ်ပေ နှစ်လက်မခန့်ရှိ ဓားဖြင့်ခုတ်ရန် ပြုမူသဖြင့် ၎င်းဓားနှင့်အတူ ဖမ်းဆီးခဲ့ပြီး ယင်းမသင်္ကာသူ ၃၁ ဦးအား အကြမ်းဖက်အဖွဲ့နှင့် ပါဝင်ပတ်သက်မှု ရှိ၊ မရှိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ အာဆီယံထူးချွန်လူငယ်ဆု ချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၃**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူငယ်ရေးရာကိစ္စများနှင့် စပ်လျဉ်းသော အာဆီယံဝန်ကြီးများ၏(၁၀)ကြိမ်မြောက် အစည်းအဝေး၊ အာဆီယံ+၃ ဝန်ကြီးများ၏ (၆)ကြိမ်မြောက်အစည်းအဝေးနှင့် ယှဉ်တွဲပြုလုပ်သည့် အာဆီယံ ၁၀ နိုင်ငံမှ ထူးချွန်လူငယ်များအတွက် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ အင်ဒိုနီးရှား နိုင်ငံ၌ ကျင်းပရာ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ထူးချွန်လူငယ် ၄၀ နှင့်အတူ ဆုရရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းအား TAYO ထူးချွန်လူငယ်ဆု (The Ten Accomplished Youth Organizations (TAYO) ASEAN Award 2017) ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဒေါ်နန်းလိုင်းခမ်းအား အထက်ပါ ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ၎င်းဦးစီးဆောင်ရွက်သည့် ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ထိရောက်သော လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများအတွက် ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ASEAN အဖွဲ့ကြီးက ဖော်ပြထားသည်။ TAYO ASEAN Award သည် အာဆီယံနိုင်ငံအသီးသီးမှ ထူးချွန်လူငယ်များနှင့် လူငယ်အဖွဲ့အစည်းများ၏ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးကဏ္ဍ အသီးသီး၌ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့မှုများအပေါ် အသိအမှတ်ပြု ရွေးချယ်ချီးမြှောက်သည့် ဆုဖြစ်ကြောင်း သိရသည်။

ဒေါ်နန်းလိုင်းခမ်းသည် အနာဂတ်ဘဏ်လုပ်ငန်းကို ဦးဆောင်မှုအပိုင်းမှ တာဝန်ယူရန် အလားအလာရှိသည့် လူငယ် ၁၄ ဦးသာ ရွေးချယ်ချီးမြှင့်သော "The Asia Banker" အဖွဲ့အစည်း၏ "အနာဂတ်လူငယ် ဘဏ်လုပ်ငန်းရှင်ဆု" (Promising Young Banker, Myanmar) ကိုလည်း ၂၀၁၇ ခုနှစ် ဇွန်လအတွင်းက လက်ခံရရှိခဲ့ပြီး Forbes Asia မဂ္ဂဇင်းကလည်း ယင်း၏ မဂ္ဂဇင်းတွင် ၂၀၁၆ ခုနှစ်တွင် ဒေါ်နန်းလိုင်းခမ်းအား အနာဂတ်တွင် စောင့်ကြည့်ရမည့် အာရှတိုက်အတွက် လူငယ်အမျိုးသမီး စီးပွားရေးထူးချွန်လုပ်ငန်းရှင် (Women to Watch) တစ်ဦးအဖြစ် ထည့်သွင်းဖော်ပြခဲ့ပြီး အမျိုးသမီးလူငယ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဒေါ်နန်းလိုင်းခမ်းသည် ကမ္ဘောဇလေကြောင်းလိုင်း (Air KBZ)၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)၊ Kempinski Hotel - Nay Pyi Taw တို့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကမ္ဘောဇဘဏ်၏ ဒုတိယ အမှုဆောင်အရာရှိချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သဲနိုင်ဦး (မြန်မာစာ)**

# မောင်တော မြို့မရပ်ကွက်၌ မသင်္ကာဖွယ် ပုန်းခိုနေသူတစ်ဦး ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၃**

မောင်တောမြို့နယ်တွင် ဇူလိုင် ၂၁ ရက် ညပိုင်းက မသင်္ကာဖွယ် ပုန်းခိုနေသူတစ်ဦးကို ရပ်ကွက်နေသူများက ဖမ်းဆီးခဲ့ပြီး ရဲစခန်းသို့ ပို့ဆောင်အပ်နှံခဲ့သည်။

မောင်တောမြို့နယ် မြို့မမြောက်ရပ်ကွက်ရှိ ရေပေါ်စားသောက်ဆိုင် အိမ်သာအောက် မှောင်ရိပ်ထဲ၌ ဇူလိုင် ၂၁ ရက် ည ၁၀ နာရီခွဲက မသင်္ကာဖွယ်ပုန်းခိုနေသူတစ်ဦးကို မြို့မမြောက်ရပ်ကွက်နေသူများက တွေ့ရှိသဖြင့် မေးမြန်းရာ ပြန်လည်ခုခံရန်ပြုသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး မေးမြန်းခဲ့ရာ ၎င်းမှာ ရွှေဇားဂုံးနားရွာနေ အဒူရော်ကိန်း၏သား ဂျီရာမန် (၁၈ နှစ်) ဖြစ်ကြောင်းသိရသဖြင့် မောင်တောမြို့မရဲစခန်းသို့ သွားရောက်အပ်နှံပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်၌ ပျောက်ဆုံးနေသော ရွာသားတစ်ဦးအား သေဆုံးလျက်တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ဘူးသီးတောင်မြို့နယ်၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ရွာသားတစ်ဦး ပျောက်ဆုံးခဲ့သဖြင့် လိုက်လံရှာဖွေရာ ညပိုင်းတွင် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာနေ ရော်ရှီး (၅၃ နှစ်) သည် ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီခန့်က ရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ၎င်း၏ လယ်ကွင်းသို့ တစ်ဦးတည်းထွက်သွားခဲ့ရာ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် မိသားစုဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းရှာဖွေရာ ယင်းနေ့ ည ၁၀ နာရီခန့်တွင် ၎င်း၏လယ်ကွက်အနီးရှိ လက်ဝဲဒက်ချောင်းစပ်တွင် လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ခြင်းအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖြူးမြို့နယ်၌ လုပ်သားငှားရမ်းခ ဈေးကြီးမှုကြောင့် တိုက်ရိုက်ကြဲပက်စိုက်ပျိုး

**ဖြူး ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တွင် မိုးစပါးအများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်။

ယခုအချိန်တွင် မိုးရွာသွန်းမှုအားကောင်း၍ စိုက်ပျိုးရေများဖြင့် လယ်ကွက်များတွင် စက်အား၊ လူအားဖြင့် အပြိုင်စိုက်ပျိုးလျက်ရှိရာ ကောက်စိုက်သမတစ်ဦး တစ်နေ့ ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အထိပေး၍ ငှားရမ်းစိုက်ပျိုးနေကြရသဖြင့် အချို့လယ်သမားများမှာ ပျိုးကြဲ၊ ပျိုးနုတ် မလုပ်ကြတော့ဘဲ အများစုမှာ လယ်ကွက်များကို ထွန်ယက်၍ စပါးကို လယ်ကွက်များအတွင်း တိုက်ရိုက်စပါးကြဲပက်၍ ကြဲသားခင်းများဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြရာ လာမည့်စပါးရိတ်သိမ်းချိန်တွင် စပါးအထွက်နှုန်းများကို စိုက်ခင်းနှင့် ကြဲသားခင်းများ၏ ထွက်ရှိမှုအပေါ်နှိုင်းယှဉ်၍ နောက်နှစ်တွင် မိုးစပါးစိုက်ပျိုးမှုကို တွက်ချက်နှိုင်းယှဉ်၍ စိုက်ကြတော့မည်ဖြစ်ကြောင်း ဒေသခံလယ်သမားထံမှ သိရသည်။

**ဖြူး-မြင့်ဦး**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင်လ(၁၂)ရက်နေ့မှ ဇူလိုင်လ(၁၇)ရက်နေ့အထိ ထွက်ရှိသော စာအုပ်များစာရင်း

*ယမန်နေ့မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၃ | ပါလေရာအယ်နီ | စံပယ်ဖြူနု | ၂၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၄ | ရူပဗေဒပုံပြင်များ | မင်းခိုင် | ၂၀၀၀ | Golden arrow |
| ၂၅ | ပြုံးနေတဲ့သံဆူးကြိုးကလေး | မောင်သိန်းဇော် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | အောင်မှတ်ပြည့် မြန်မာစာလက်ရွေးစင် စာစီ/စာကုံးများ | ဦးအောင်ခိုင်မြင့် | ၂၅၀၀ | မဇ္ဈိမ |
| ၂၇ | ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ | မစ္စတာအိုးနိုတိုးရု | ၅၅၀၀ | ရာပြည့် |
| ၂၈ | General Knowledge of ARBITRATION | U Maung Maung Ohm Myaing | ၁၀၀၀၀ | မျိုးဆက်သစ် |
| ၂၉ | ဒေါ်နယ်ထရန့် | Quality | ၃၀၀၀ | Quality |
| ၃၀ | အချစ်မှတ်တမ်း | တင်မောင်မြင့် | ၂၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၁ | ရန်ကုန်အစိုးရမှသည် နယ်စပ်ဒေသသို့ | အေးစန် | ၅၀၀၀ | ချစ်စံဝင်း |
| ၃၂ | စတင်လေ့ကျင့် ပထမအဆင့်အင်္ဂလိပ်စကားပြော | ဆရာဦးခင်မောင်သန်း | ၃၀၀၀ | မျက်ပွင့် |
| ၃၃ | မြန်မာနိုင်ငံပြည်တွင်းတက္ကသိုလ်နှင့်ဘာသာရပ်မိတ်ဆက် | အောင်ထိုက်မင်း | ၂၀၀၀ | - |
| ၃၄ | မိုးညှင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမန မဟာထေရ် | ဆုပြည့်စုံထွန်း | ၂၀၀၀ | -ဆုပြည့်စုံထွန်း |
| ၃၅ | ပျော်ရွှင်နေထိုင်နည်း | အရှင်ပညာစက္က | ၂၀၀၀ | မျိုးဆက်သစ် |
| ၃၆ | ပစ်တိုင်းထောင် | အောင်လင်း | ၂၇၀၀ | စိတ်ကူးချိုချို |
| ၃၇ | တစ်အိုးတစ်လုံးနှင့်အခြားဝတ္ထုတိုများ | မောင်ပြည်အေး | ၂၅၀၀ | Global Piece Group |
| ၃၈ | ရှုမဝရုပ်စုံမဂ္ဂဇင်းနှစ်(၇၀)ပြည့်အမှတ်တရ | ကလောင်စုံ | ၅၅၀၀ | မျိုးဆက်သစ် |
| ၃၉ | ဘူတာ၊ ရထား၊ လေထီးဂိမ်းပတ်ပတ်လည်(ဝတ္ထုတိုစု) | စိုးလှိုင်တင့် | ၂၅၀၀ | လင်းလွန်းခင် |
| ၄၀ | အနိုင်ပိုင်းသူကြီး ဝတ္ထုတိုစုစည်းမှု | မွန်ဇူး | ၂၅၀၀ | လင်းလွန်းခင် |
| ၄၁ | ဗိုလ်ချုပ်အောင်ဆန်းအမှတ်တရဆောင်းပါးများ(ဂ) | ကလောင်စုံ | ၃၀၀၀ | နေရီရီ |
| ၄၂ | ပန်းရောင်(Pinky) | တင့်တယ် | ၃၅၀၀ | နေရီရီ |

## ဘီးလင်း၌ ရေဘေးရှောင်မိသားစုများအား မွန်ပြည်နယ်ဝန်ကြီးချုပ်က စားသောက်စရာများ ထောက်ပံ့

**ဘီးလင်း ဇူလိုင် ၂၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံသည် ဇူလိုင် ၂၃ ရက်က ပြည်နယ် ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် တွေ့ဆုံ၍ ရေနစ်မြုပ်သော အခြေအနေများကို မေးမြန်းကာ ရေဘေးရှောင်ပြည်သူများအတွက် ငွေကျပ် သိန်း ၇၀၊ ဆန်အိတ် ၆၀၊ ခေါက်ဆွဲထုပ် ၉၉၀၊ ငါးသေတ္တာဘူး ၁၀၀၀၊ ရေသန့် ၉၈ ကတ်တို့အား ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အားပေးစကားများ ပြောကြားခဲ့သည်။



ဘီးလင်းမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်းကိုးခု ဖွင့်လှစ်ထားရှိရာ အိမ်ထောင်စု ၁၉၄ စု၊ လူဦးရေ ၈၀၆ ဦး နေထိုင်လျက်ရှိပြီး ၎င်းတို့အတွက် မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့မှ ငွေနှင့် အစားအသောက်များကို သက်ဆိုင်ရာ စခန်းတာဝန်ခံများထံသို့ အမြန်ဆုံးပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ကြောင့်ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မြို့**

ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom

**မန္တလေးမြို့**

အခန်းနံပါတ်(D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃လမ်းနှင့်ဇေတိက လမ်းထောင့်၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်

## စစ်ဘေးရှောင်စခန်းနေပြည်သူများ နေထိုင်နိုင်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ပေး

**ဝိုင်းမော် ဇူလိုင် ၂၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့ရပ်ကွက်(၁)၌ ဖွင့်လှစ်ထားရှိသော ဝိုင်းမော်ဇုန်နယ်လော်ဝေါ်နှစ်ခြင်း စစ်ဘေးရှောင်စခန်းနေ ပြည်သူများ နေထိုင်ရန်အတွက် အဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

"အဆိုပါ စစ်ဘေးရှောင်စခန်းကို ဖွင့်လှစ်ခဲ့ရာ ခုနစ်လကျော် ကြာမြင့်ပြီးဖြစ်ကာ မိုးကာတဲ ၁၀ ပေ ပတ်လည် အခန်းကျဉ်းလေးထဲတွင် ယနေ့အထိ စစ်ဘေးရှောင်ပြည်သူများ အခက်အခဲများစွာဖြင့် နေထိုင်နေရတယ်" ဟု ဝိုင်းမော်ဇုန်နယ်လော်ဝေါ်နှစ်ခြင်း စစ်ဘေးရှောင် စခန်းကော်မတီဝင် ဦးဒေါင်ဇယ်က ပြောသည်။

ယင်းစစ်ဘေးရှောင်စခန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစပြီး ဖွင့်လှစ်ခဲ့ရာ စစ်ဘေးရှောင်စခန်းနေ အိမ်ထောင်စု ၃၀ ကျော်ရှိကာ လူဦးရေအားဖြင့် ၁၃၀ နေထိုင်လျက်ရှိကြောင်း ယင်းအနက် ကလေးငယ် ၃၀ ကျော်မှာ ကျောင်းနေအရွယ် ကလေးငယ်များဖြစ်ကြောင်း သိရသည်။

"ဒီစစ်ဘေးရှောင်စခန်းနေ ပြည်သူတွေအတွက် အဆောက်အအုံ တည်ဆောက်ပေးတာက ကရုဏာ လူမှုရေးအဖွဲ့နဲ့ ငြိမ်းဖောင်ဒေးရှင်း လူမှုရေးအဖွဲ့အစည်းတွေကနေပြီး တာဝန်ယူဆောက်လုပ်ပေးနေတာပါ။ ကုန်ကျစရိတ်ကိုလည်း သူတို့ကပဲခံတာပါ"ဟု ၎င်းက ပြောသည်။

အဆောက်အအုံများကို ဇူလိုင် ၂၀ ရက်က ဆောက်လုပ်ပေးလျက်ရှိပြီး ကရုဏာလူမှုရေးအဖွဲ့အစည်းက အလျား ၅၅ ပေ၊ အနံ ၂၈ ပေ၊ သွပ်မိုး၊ ထရံကာ ပျဉ်ခင်း အဆောင်ငါးခန်းတွဲ နှစ်လုံး၊ ခြောက်ခန်းတွဲ တစ်လုံး၊ ယင်းအပြင် ငြိမ်းဖောင်ဒေးရှင်းကလည်း အလားတူ အဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ နေထိုင်တဲ့ အခန်းက မိုးကာတဲလည်းဖြစ်တယ်။ ပြီးတော့ ၁၀ ပေ ပတ်လည်အခန်းလည်း ဖြစ်တယ်။ တဲကကျဉ်းတော့ နေရတာ မိသားစုများရင် ပိုပြီးအခက်အခဲဖြစ်တယ်။ ထမင်းချက်ပြုတ်စားသောက်လည်း ဒီနေရာ၊ အိပ်လည်း ဒီနေရာပဲဆိုတော့ အဆင်မပြေဘူး။ အခုက မိုးတွင်းကာလဆိုတော့ မိုးရွာရင် နေစရာမရှိတော့ဘူး။ ပိုပြီးအခက်အခဲဖြစ်တယ်။ ဘုရားကျောင်းထဲသွားနေရတယ်။ အခန်း ကျဉ်းကျဉ်းလေး နေရတဲ့အတွက်ကြောင့် ဖျားနာမှုတွေလည်းရှိနေတယ်" ဟု ဦးဒေါင်ဇယ်က ပြောသည်။



ယင်း စစ်ဘေးရှောင်စခန်းတွင် နေထိုင်ရန် အဆောက်အအုံများ အခက်အခဲရှိသလို ရိက္ခာ၊ ရေ၊ မီး ရရှိမှုလည်း အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီစစ်ဘေးရှောင်စခန်း ၁၃ ခုကျော် ရှိကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

## သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရေးနှင့် တရားဥပဒေစိုးမိုးရေး သထုံတွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်



**သထုံ ဇူလိုင် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရေးနှင့် တရားဥပဒေ စိုးမိုးမှုရရှိစေရန်အတွက် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ ဒေသခံ စုစုပေါင်း ၁၀၀ နီးပါးခန့် စုပေါင်းကာ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီခန့်က ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ မြို့နယ်မြေစာရင်းရုံးရှေ့မှ စတင်ပြီး ကြွေးကြော်သံများကို ကြွေးကြော်၍ ဆိုင်းဘုတ်များကိုင်ဆောင်ပြီး အောက်ကျင်းရပ်ကွက် ရွှေစာရံဘုရားရှေ့ ရုပ်သေးကုန်းအထိ လမ်းလျှောက်ခဲ့ကြသည်။ (ဓာတ်ပုံ)

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ အနန်းပင်၊ အင်းကွဲ၊ ညောင်ချောင်း၊ မြတ်စံ၊ ပအိုဝ်းစု၊ မြေနီကုန်း စသည့် ကျေးရွာများမှ ဒေသခံ ၁၀၀ ခန့် ပါဝင်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး (သထုံ)**

## ဒက္ခိဏသီရိမြို့နယ်၌ (SMU) ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ (SMU)ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ KOICA ၏ အကူအညီဖြင့် (SMU) ကျေးရွာသစ်စီမံကိန်းဖြင့် ကျေးရွာပေါင်း ၁၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ရွာပေါင်း ၄၀ ပါဝင်ပြီး ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၈ ရွာကို အဆိုပါ ကျေးရွာသစ်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ထန်းတပင်ကျေးရွာတွင် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ခန်းမတည်ဆောက်မှုလုပ်ငန်းကို ယခုနှစ် ဧပြီလတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုနှစ် မေလဆန်းမှစတင်၍ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ "ကျွန်တော်တို့ (SMU) ကျေးရွာသစ်စီမံကိန်း ဆောင်ရွက်မှုအနေနဲ့ မဖြစ်မနေအသုံးဝင်တဲ့ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများအတွက်ကော အဓိကအားဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်သွားလာရာတွင် များစွာအထောက်အကူ ဖြစ်စေပါတယ်"ဟု ထန်းတပင်ကျေးရွာ (SMU) ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ပြောသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၇ စီး၊ သွင်းကုန် ၅၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၂၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Brake Fluid ၁၁၁၆ ဂရမ်၊ Grease ၂၃၃၃ ဂရမ် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၇ ဒသမ ၅၂၉ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Brake Fluid နှင့် Grease

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရွာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# အမြန်လမ်းတွင် ယာဉ်မတော်တဆမှု နှစ်ခုဖြစ်

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယနေ့တွင် ရွှေစကြာ်ခရီးသည်တင်ယာဉ် လမ်းလယ်ကျွန်းတိုက်မိပြီး ဟိုက်ဂျက်ယာဉ်တစ်စီးမှာ တိမ်းမှောက်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၄၈/၂ အနီး မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဇင်ဘိုဘိုဦး မောင်းနှင်လာသော ရွှေစကြာ ခရီးသည်တင် Express ယာဉ်မှာ ယနေ့နံနက် ၅ နာရီက အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို တိုက်မိသည်။ ဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ချေ။ အလားတူ မွန်းလွဲ ၁၂ နာရီခွဲက မိုင်တိုင်အမှတ် ၂၇၉/၃ နှင့် ၂၇၉/၄ ကြား နေပြည်တော်မှ မန္တလေးဘက်သို့ ယာဉ်မောင်း သန်းထွန်း မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

**သန်းဦး(လေးမျက်နှာ)**

# ဂုတ်တွင်းကားလမ်းအဆင်း သတင်းစာပို့ယာဉ်နှင့် ဆီတင်ယာဉ်တိုက်မိ၊ နှစ်ဦးဒဏ်ရာရ

**ကျောက်မဲ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စု လမ်းမကြီး ဂုတ်တွင်းကားလမ်းအဆင်း ကျောက်မဲဘက်ခြမ်းကွေ့၌ ယနေ့ နံနက် ၁၁ နာရီခွဲက ရှမ်းပြည်နယ်မြောက်ပိုင်း မြို့နယ်များအား ဖြန့်ဝေမည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ တင်ဆောင်လာသော DD/---- အေဒီဗင်လူစီးယာဉ် ငယ်နှင့် 4M/---- ဆီတင်တွဲယာဉ်တို့ တိုက်မိခဲ့ပြီး လူနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အေဒီဗင်လူစီးယာဉ်ငယ် နောက်ခန်းမှ ခရီးသည်နှစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ နောင်ပိန်မြို့မှ ကမ်းလင့်လက်များ လူမှုကူညီရေးနှင့် နောင်ချိုစေတနာမွန် လူမှုကူညီရေးယာဉ်များဖြင့် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်တိုက်မှုကို သိရှိရသည်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းစာများ ဆက်လက်ပို့ဆောင်နိုင်ရန် မော်တော်ယာဉ်တစ်စီးစေလွှတ်ကာ ပို့ဆောင်ပေးမှုကြောင့် ပုံမှန်အားဖြင့် လားရှိုးသို့ မွန်းလွဲ ၂ နာရီခန့်တွင် သတင်းစာများ ရောက်ရှိနေရာမှ ယနေ့တွင်မူ ည ၉ နာရီခန့်တွင် သတင်းစာများ ရောက်ရှိခဲ့ကြောင်းသိရသည်။ **စိုင်း(သီပေါ)**



# မုံရွာမြို့၌ ကျပ် ၅၀ တန် မဲဒိုင်ခံသူ၊ ထိုးသားနှင့် မဲပစ္စည်းများ ရောင်းချပေးသူများ ဖမ်းဆီးရမိ

**မုံရွာ ဇူလိုင် ၂၃**

မုံရွာမြို့နေရာအနှံ့တွင် လွန်ခဲ့သည့် သုံးလခန့်က ပျံ့နှံ့လျက်ရှိသော ကျပ် ၅၀ တန် မဲကစားခြင်းများတွင် ပါဝင်သော ကစားသူ၊ ဒိုင်ခံသူနှင့် ပစ္စည်းများကို မဲအတွက် အဓိကထားရောင်းချပေးနေသူ ရှစ်ဦးအား ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီခန့်က စတင်၍ မုံရွာမြို့နယ်မြေရဲစခန်းမှူး ရဲအုပ် ရဲအောင် ဦးစီးသည့်အဖွဲ့က ကွင်းဆက်လိုက်၍ အဓိက ပြစ်မှုကျူးလွန်သူကိုပါ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

“မုံရွာစက်မှုဇုန်ရပ်ရဲ့ လမ်းဖွဲ့စည်းပုံက လေးထောင့်ကျတော့ လမ်းဆုံတွေမှာ မမြင်ချင်အဆုံး၊ ကျပ် ၅၀ တန် လောင်းကစားပွဲလေးတွေကို တွေ့လာရပါတယ်။ သူတို့က အပျော်လို့ပြောပေမယ့်၊ အပျော်ကနေ အပျက်ဖြစ်တော့မှာပါ။ ဒီအတွက် ထိထိမိမိဖြစ်ချင်လို့ သူတို့အတွက် ပစ္စည်းတွေ ထုတ်ပေးနေတဲ့ အလုပ်ရုံကိုလိုက်ရင်း ဒီကာလ၊ ဒီအချိန်ကတော့ တကယ်ဖမ်းမယ်ဆိုရင် ထိထိမိမိဖြစ်လောက်ပြီလို့ သုံးသပ်မိတဲ့အတွက် အဖွဲ့လေးဖွဲ့ခဲ့ စီးနင်းရှာဖွေဖမ်းဆီးလိုက်တာပဲဖြစ်ပါတယ်။ ထင်ထားတဲ့အတိုင်း တချို့ဆို မဲထိုးနေတုန်း မိတာပါသလို တချို့ဆို လုပ်ပြီးလို့ပို့ဖို့ လုပ်နေတုန်းမိတာ ဖြစ်တဲ့အတွက် ပစ္စည်း ပမာဏ များများစားစားနဲ့ ဖမ်းမိတာပါ” ဟု ရဲအုပ် ရဲအောင်က ပြောသည်။

ပထမဦးစွာ အေးရိပ်သာလမ်းပေါ်က ကွမ်းယာဆိုင်ကို ဝင်ဖမ်းဆီးခဲ့ပြီး ဖမ်းမိသူ ရယူထားသည့် ပစ္စည်းဆိုင်နေရာကို ဆက်လိုက်ရာ နန္ဒဝန်ရပ်ကုန်စုံဆိုင်ကို ထပ်မံ သိရှိဖမ်းဆီးအပြီးတွင် ပတ်ဝန်းကျင်က မြဝတီရပ်ကွက်တွင်လည်းရှိကြောင်း သတင်းပေးရာ ထပ်မံဖမ်းမိခဲ့၍ ပြည်တော်သာကွက်သစ်တွင် ပဲခူးနယ်ဘက်မှ လာရောက်ကာ ကျပ် ၅၀ တန်မဲကို တွင်ကျယ်စွာ လုပ်ကိုင်နေသူအား ပစ္စည်းအများအပြားဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း ရဲအုပ် ရဲအောင်က ရှင်းပြသည်။

ဖမ်းမိပစ္စည်းတွင် စားသုံးကုန်နှင့် လိုချင်တပ်မက်ဖွယ်ရှိသော လူသုံးကုန်ပစ္စည်းများပါဝင်ပြီး ပစ္စည်းအမျိုးအမည်နှင့် ကာလတန်ဖိုးကို စိစစ်ရေတွက်နေဆဲဖြစ်ကာ လက်ရှိဖမ်းမိသူရှစ်ဦးကို ဥပဒေအရ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ရထားလမ်းပေါ်ဖြတ်ကူးသူတစ်ဦး ရထားတိုက်သေဆုံး

**သထုံ ဇူလိုင် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် တောစွန်းကျေးရွာ ရန်ကုန်-မော်လမြိုင် ရထားလမ်းပေါ်၌ ဇူလိုင် ၂၂ ရက် ည ၁၁ နာရီခွဲခန့်က ရထားလမ်းပေါ် ဖြတ်ကူးလာသူတစ်ဦး ရထားတိုက်မိပြီး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

“ သူ့အဘွား အသုဘကိုလာတာ၊ ရထားလမ်းကိုဖြတ်ကူးတဲ့အချိန်မှာ တိုက်မိတာပါ။ ရထားက နောက်ကနေ ဥသြဆွဲသေးတယ်လို့ သိရပါတယ်”ဟု သထုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သန်းဇော်က ပြောသည်။

ဖြစ်စဉ်မှာ သထုံမြို့နယ် တောစွန်းကျေးရွာအနီး ရထားလမ်းပေါ်တွင် လူတစ်ဦး ရထားတိုက်၍ သေဆုံးနေကြောင်း သတင်းအရ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရထားလမ်းမိုင်တိုင်အမှတ်၊ ၁၃၅ -၂၀ နှင့် ၁၃၅ -၂၁ ကြားတွင် လူတစ်ဦးသေဆုံးနေသည်ကို တွေ့ရှိရပြီး သေဆုံးသူမှာ တောစွန်းကျေးရွာနေ ရွှေသန်း(ခ)ဖြူဖွေး (၂၀နှစ်)ဖြစ်၍ အဘွားဖြစ်သူ အသုဘအိမ်သို့ အသွားတွင် နေပြည်တော်မှ မော်လမြိုင်သို့ ထွက်ခွာလာသော အမှတ်(၁၅) အဆန်ခရီးသည်တင်ရထားဖြင့် တိုက်မိကာ သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သထုံမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# တောင်တွင်းကြီး၌ မီးပလတ်ခုံပြုပြင်စဉ် လူတစ်ဦးဓာတ်လိုက်သေဆုံး

**တောင်တွင်းကြီး ဇူလိုင် ၂၃**

တောင်တွင်းကြီးမြို့ မောင်းတိုင်(၂)ရပ်ကွက်၌ ဇူလိုင် ၂၂ ရက်က လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက မောင်းတိုင်(၂)ရပ်ကွက် ဒဟတ်တောဘုန်းကြီးကျောင်းဝင်းအတွင်း လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဇင်ဝင်း သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ကျော်ရီ(ခ)ကျော်ဆွေ (၅၁နှစ်) ပင်ညွန့်ကျေးရွာ တောင်တွင်းကြီးမြို့နယ်နေသူဖြစ်ပြီး ၎င်းမှာကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲ ကားဂိုဒေါင်ကို သံဂဟေဆော်ရန်အတွက် မီးပလတ်ခုံပြုပြင်နေစဉ် ဓာတ်လိုက်သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ဆောင်ရွက်လျက်ရှိသည်။

**ကျော်ဇေယျ**

# ဆွာတိုးဂိတ်အနီး တရားမဝင်ပိတောက်သစ်ခွဲသားတင်ယာဉ်နှင့် သစ်ငါးတန်ကျော် ဖမ်းဆီးရမိ

**ရေတာရှည် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဆွာတိုးဂိတ်၌ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မြို့နယ်သစ်တော ဦးစီးဌာနနှင့် သစ်တောလုံခြုံရေး အဖွဲ့တို့ ပူးပေါင်း၍ ပိတောက်သစ်ခွဲသားများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် ဝန်ထမ်းများသည် သစ်တောလုံခြုံရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မိုင်တိုင်အမှတ် ၁၉၇/၆ ဆွာတိုးဂိတ် အနီး၌ စောင့်ဆိုင်းနေစဉ် မြောက်မှတောင်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် FUSO ၁၂ ဘီး ကုန်တင်ယာဉ်မှာ သစ်တောဝန်ထမ်းများကို မြင်တွေ့သည်နှင့် ယာဉ်ကို ရပ်တန့်ကာ ထွက်ပြေးသွားခဲ့သည်။ ရပ်တန့်ထားသည့် ၁၂ ဘီးကုန်တင်ယာဉ်ကို ဆက်လက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်ခွဲသားဆိုက်စုံ ၈၇ ချောင်း(၅ ဒသမ ၉၀၀၈ တန်) ကိုဖမ်းဆီးရမိခဲ့၍ ယာဉ်နှင့်သစ်ခွဲသားများအား သာဂရသစ်တောပျိုးဥယျာဉ်သို့ ပို့ဆောင်သိမ်းဆည်းခဲ့ပြီး ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ သိမ်းဆည်းရမိ

**စဉ့်ကူး ဇူလိုင် ၂၃**

စဉ့်ကူးမြို့နယ် ကံတောင်ကျေးရွာ၌ ပြစ်မှုကျူးလွန်သူတစ်ဦး၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချခိုင်းသူတစ်ဦးအား တန်ဖိုးငွေကျပ် ၁၄၄ သိန်းရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ နှင့်အတူ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးရောင်းချမှုဖြင့် ဖမ်းဆီးရမိသူ ပြစ်မှုကျူးလွန်သူစံပိုမိုးမိတ်မြို့နယ်နေသူ၏ ဖော်ထုတ်ချက်အရ ကွင်းဆက်ပြစ်မှုကျူးလွန်သူဖြစ်သော လောရှည်(ခ)ယန်မောရို(၃၇ နှစ်) နန့်ဥမ္မာရွာ မိုးမိတ်မြို့နယ်နေသူအား နွယ်ရုံရဲကင်းမှ ဒုတိယရဲအုပ်ဇော်မျိုးထက်နှင့်အဖွဲ့သည် ၎င်းနေထိုင်သည့် ကံတောင်ကျေးရွာရှိ ချိုင်းထောက်(ခ)နေလင်း နေအိမ်တွင် ဇူလိုင် ၂၀ ရက်က ဖမ်းဆီးရမိခဲ့သည်။ ၎င်း၏ပြောဆိုချက်အရ ကံတောင်ကျေးရွာ သင်္ချိုင်းကုန်း၏ အရှေ့မြောက်ဘက်ယာကွက်အတွင်း ချုံထဲတွင်ဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၂၀၀ ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချရငွေကျပ် ၁၇၈၅၀၀ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယန်မောရို(ခ)လောရှည်(ခ)မောရိုအား လက်ပန်လှရဲစခန်းက ဖမ်းဆီးပြီး အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းမောင်**

# ကျိုက္ကော်ချောင်းထဲ၌ လူတစ်ဦး ရေနစ်သေဆုံး

**သုဝဏ္ဏဝတီ ဇူလိုင် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တောင်ကြားရပ်ကွက် ဇောတိကချောင်းတံတားအနီး ကျိုက္ကော်ချောင်းအတွင်း ဇူလိုင်၂၃ ရက် နံနက် ၁၁ နာရီက အမည်မသိလူတစ်ဦး ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ တောင်ကျရေနှင့်အတူ မည်သည့်နေရာမှ မျောပါလာမှန်းမသိသော လူသေအလောင်းတစ်လောင်းကို တွေ့ရှိရကြောင်း၊ ပြည်သူများ၏ သတင်းပေးမှုကြောင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ ရဲအုပ်ကိုကိုလတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သုဝဏ္ဏဝတီမြို့ လူမှုကယ်ဆယ်ရေးအဖွဲ့တို့က သွားရောက်ဆယ်ယူစစ်ဆေးရာ အမည်၊ အသက်၊ နေရပ်လိပ်စာမသိ (၃၀ နှစ်ခန့်) ကို သေဆုံးလျက် ချောင်းအတွင်း သစ်ကိုင်းများနှင့် ငြိနေသည်ကို တွေ့ရှိ၍ ဆယ်ယူပြီး သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူအား မည်သူမည်ဝါ သိရှိရန်နှင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိမ်ဆိပ်နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ရှပ်ရှင်ဂီတအနုပညာရှင်များပါဝင်သော ဘောလုံးအသင်းနှင့် ညွန့်ပေါင်းအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်

**မူဆယ် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ဇူလိုင်လတတိယပတ်က ရုပ်ရှင်ဂီတ အနုပညာရှင်များဖြစ်သော ဖိုးချစ်၊ သူထူးစံ၊ ထွန်းထွန်း၊ မိုးယံဇွန်၊ နေဒွေး၊ ယုန်လေး စသည့် အနုပညာရှင်များ ပါဝင်သော မဟာယူနိုက်တက် ဘောလုံးအသင်းနှင့် မူဆယ်မြို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင် ဦးဆောင်သော မူဆယ်ညွန့်ပေါင်းဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲသို့ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အားကစားဝါသနာရှင်များ စုံညီစွာတက်ရောက်ကြသည်။

ရေးဦးစွာ ညှိ့ပရိသတ်များအား အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြကာ နှစ်ဖက်အသင်းသားများကို တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ သမီးငယ်လေးများက ပန်းစည်းလက်ဆောင်များ ပေးအပ်ခဲ့ပြီး ဘောလုံးပွဲကို ယှဉ်ပြိုင်ကစားကြရာ အနုပညာရှင်များပါဝင်သော မဟာယူနိုက်တက်ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

"ကျွန်တော်တို့မြို့မှာ ရုပ်ရှင်ဂီတအနုပညာရှင်များပါဝင်တဲ့ မဟာယူနိုက်တက်အသင်းနဲ့ မြို့ခံဖြစ်တဲ့ ညွန့်ပေါင်းအသင်းတို့ ချစ်ကြည်ရေးကစားကြလို့ ရရှိတဲ့ကွင်းဝင်ကြေးကို ကွင်းပြင်ဆင်ဖို့အတွက် လှူဒါန်းသွားမှာပါ" ဟု ပွဲဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

# နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၇ ခုနှစ် နဝမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(က)မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ် (၄)၌ အုပ်စု(ခ)မှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သည်။

ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ အုပ်စု(ဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး **(အောက်ပုံ)** ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(ဃ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

ဇူလိုင် ၂၄ ရက် ပွဲစဉ်များအဖြစ် နံနက်ပိုင်း ၇ နာရီခွဲတွင် အုပ်စု(က)မှ နေပြည်တော် စည်ပင်သာယာရေးအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ လည်းကောင်း၊ အုပ်စု(ခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် အုပ်စု(ဂ)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ လည်းကောင်း၊ အုပ်စု(ဃ)မှ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းတို့သည် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# မြန်မာ့ပင်လယ်ပြင် လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၃**- မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ကိုးပေမှ ၁၁ ပေခန့်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- မန်ချက်စတာစီးတီးအသင်းသည် ရီးရဲမက်ဒရစ်နောက်ခံကစားသမား ဒန်နီလိုကို ပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ဘရာဇီးလက်ရွေးစင်ကစားသမား ဒန်နီလို (၂၆ နှစ်)ကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အမေရိကန်တွင် ရာသီအကြိုပွဲစဉ်များ ကစားလျက်ရှိသော မန်စီးတီးအသင်းနှင့် ပူးပေါင်းလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် လီဗာပူးနှင့် ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ဟို (၂၅နှစ်) ကို ပေါင်သန်း ၈၀ ဖြင့် ကမ်းလှမ်းရန်အဆင်သင့်ဖြစ်နေပြီး ကော်တင်ဟိုကို စာချုပ်နိုင်မည်ဟု ယုံကြည်နေခြင်းက ပီအက်စ်ဂျီအသင်းထံသို့ ပြောင်းရွှေ့ရန်သတင်းများထွက်ပေါ်နေသော အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူး နေမာကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် မိုနာကိုမှ ဘယ်နောက်ခံကစားသမား ဘင်ဂျမင် မန်ဒီကို ခေါ်ယူရန် ပေါင် ၅၂ သန်းဖြင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၃ နှစ်အရွယ် ပြင်သစ်ဘယ်နောက်ခံကစားသမားသည် ပြီးခဲ့သောနွေရာသီတွင် ပြင်သစ်ကလပ် မာဆေးအသင်းမှ မိုနာကိုအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ၃၄ ပွဲပါဝင်ကစားပေးထားကာ ၁၇ နှစ်အကြာတွင် ပထမဆုံးအကြိမ် လီဂူးဝမ်းချန်ပီယံဖြစ်အောင် ကူညီပေးထားနိုင်ကြောင်းလည်း သိရသည်။
- မန်စီးတီးနောက်ခံကစားသမား ကိုလာရော့သည် ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၅ သန်းဖြင့် စီးရီးအေကလပ် ရိုးမားအသင်းထံသို့ သုံးနှစ်စာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။
- တိုက်စစ်မှူး ဆန်းချက်ဇ် (၂၈နှစ်)သည် ပေါင်သန်း ၇၀ ဖြင့် ပီအက်စ်ဂျီအသင်းထံသို့ ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး အလွန်နီးစပ်နေမှုကို အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ငြင်းပယ်လိုက်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ယခုနှစ်နွေရာသီတွင် ပေါင်သန်း ၁၃၀ နီးပါးသုံးစွဲထားသော်လည်း ကစားသမားများ၏ အရည်အသွေးကို တိုးတက်လာစေရန်အတွက် နောက်ထပ်ကစားသမားများ ခေါ်ယူရန် လိုအပ်ကြောင်း ချယ်လ်ဆီးနည်းပြ ကွန်တီက ဆိုသည်။
- ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ (၃၀နှစ်) သည် အသက် ၂၃ နှစ်အရွယ် ဂျူဗင်တပ်စ်တိုက်စစ်မှူး ပါဘလို ဒိုင်ဘာလာကို ခေါ်ယူရန် အသင်းသို့ ပြောကြားထားကြောင်း သိရသည်။
- အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းသည် အပြောင်းအရွှေ့ရာသီ မပိတ်သိမ်းခင်တွင် အရည်အချင်းရှိသော ကစားသမားတစ်ယောက် သို့မဟုတ် နှစ်ယောက်ကို အသင်းထံသို့ ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။
- အီတလီစီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်နေသော်လည်း မန်ယူအသင်းတွင် ပျော်ရွှင်လျက်ရှိကြောင်း မန်ချက်စတာယူနိုက်တက် နောက်ခံကစားသမား ဒါမီယန် (၂၇ နှစ်) က ဆိုသည်။

**ဇော်ဇော်**


## လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် မငြိမ်းငြိမ်းဝင်း (ဘ) ဦးတင်သောင်း၏ သမီးဖြစ်သူသည် ၂၂-၇-၂၀၁၇ ရက်တွင် ကလေးဆေးရုံ(ရန်ကုန်)၌ ၄င်း၏ ကလေးဖြစ်သူ မကျန်းမာ၍ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဆေးဝယ်သွားရာမှ ပြန်မလာပျောက်နေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း - ၀၉-၇၉၉၃၃၈၆၅၃၊ ၀၉-၄၂၀၁၄၈၇၆၃၊ ၀၉-၇၆၉၈၈၂၇၃၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၂၁၄၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၉/မနမ(နိုင်)၀၂၈၀၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

အထက(၂)၊ ဗဟန်း GRADE (10)J မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဝင်း ၁၂/စခန(နိုင်) ၀၇၀၉၂၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးငြိမ်းချမ်းကျော် ၉/ဝတန(နိုင်) ၁၂၅၄၃၀၈၏သား ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အလက(၁၁) KGတန်းမှ မောင်ဖြိုးကောင်းစံအား မောင်ဖြိုးမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးမင်းသန့်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ စက်မှုဇုန်အကွက်၊ ဦးပိုင်အမှတ်(F-၂၂၇)ရှိယာ ၀ဒသမ၀၅၅ဧကရှိမြေအား ဦးစံပေါ်က ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံအထက တက္ကသိုလ်ဝင်တန်း(D)မှ မအိသဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၉/ညဥန(နိုင်)၀၂၆၇၃၁ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

## အမည်ပြောင်း

ဦးစိုးမင်းအောင် ၈/ဆပဝ(နိုင်)၀၇၀၁၅၁၏ သမီးရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမက ၁၇ ဒုတိယတန်း(C)မှ မမြတ်သော်တာအောင်အား မမြတ်သော်တာမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်သော်တာမောင်**

## ဖခင်အမည်မှန်

အထက(၂)တောင်ဒဂုံ၊ နဝမတန်း(E) မှ မချစ်ပိုပိုဆုနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်အေး ၁၂/ဒဂတ(နိုင်) ၁၀၄၄၄၃ ဖြစ်ပါကြောင်း။

**ဦးမြင့်အေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်စိုးကိုကို ၁၀/မလမ(နိုင်)၂၁၉၈၄၉ ၏ ပတ်စ်ပို့(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၉၂၈၅၅၆၃**

## စိုက်ပျိုးရေးသုံးဆေးပစ္စည်း(၂)မျိုးအားလွှဲပြောင်းထားကြောင်းကြေညာခြင်း

စိုက်ပျိုးရေးဆေးများ ထုတ်လုပ်တင်ပို့သော စင်ကာပူနိုင်ငံ Agro Star Pte.Ltd. သည် အောက်ဖော်ပြပါပိုးသတ်ဆေး(၂)မျိုးအား မြန်မာနိုင်ငံပိုးသတ်ဆေးကုမ္ပဏီတစ်ခုဖြစ်သော Min Mahaw Co.,Ltd. ကို ၂၀၁၃ ခုနှစ်မှစတင်ပြီး ဖြန့်ဖြူးရောင်းချစေခဲ့ပါသည်။

ယခုအခါ အဆိုပါ ပိုးသတ်ဆေး(၂)မျိုးအား မြန်မာနိုင်ငံဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချရန်အတွက် Min Mahaw Co.,Ltd. မှ Asian Crops Global Co.,Ltd. အမှတ်(၄၉/အေ)၊ သီရိမင်္ဂလာ ၂လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကြို့ကုန်း၊ အင်းစိန်တွင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင် အဆိုပါ ပိုးသတ်ဆေးများနှင့်ပတ်သက်သော ကိစ္စအဝဝကို Asian Crops Global Co.,Ltd . နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ကုန်သွယ်အမည် | ပါဝင်သည့်အဆိပ်ရှိပစ္စည်းအမည် | ထုပ်ပိုးပုံ |
|---|---|---|---|
| ၁။ | ဂျီအေမင်း၁၅တီ(G-Amin 15T) | Gibberellic acid 15% Tablet | 5Gm/tablet |
| ၂။ | ဘူဒို ၅၀၅ အီးစီ(BUDO 505 EC) | Chlorpyrifos 50%+ Cypermethrin 5%EC | 500cc,1Litre |

Agro Star Pte.Ltd.
Singapore 179098

## စိုက်ပျိုးရေးသုံးဆေးပစ္စည်း(၁)မျိုးအား မြန်မာနိုင်ငံ၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ပေးအပ်ထားကြောင်း ကြေညာခြင်း

စိုက်ပျိုးရေးဆေးများ ထုတ်လုပ်တင်ပို့သော ထိုင်းနိုင်ငံ Inter Crops Group Of Company အောက်ရှိ ထုတ်လုပ်သည့်ကုမ္ပဏီခွဲဖြစ်သော Agforepax Industries Co.,Ltd. မှ အောက်ဖော်ပြပါ ပိုးသတ်ဆေး(၁)မျိုးအား မြန်မာနိုင်ငံ ပိုးသတ်ဆေး ကုမ္ပဏီတစ်ခုဖြစ်သော Min Mahaw Co.,Ltd. အမှတ်(၄၉/အေ)၊ သီရိမင်္ဂလာ ၂လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကြို့ကုန်း၊ အင်းစိန်တွင် တရားဝင်ပေးအပ်ပြီးဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင် အဆိုပါ ပိုးသတ်ဆေးနှင့်ပတ်သက်သော ကိစ္စအဝဝကို Min Mahaw Co.,Ltd.နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| စဉ် | ကုန်သွယ်အမည် | ပါဝင်သည့်အဆိပ်ရှိပစ္စည်းအမည် | ထုပ်ပိုးပုံ |
|---|---|---|---|
| ၁။ | ဂျက်ကက်(JACKET) | Abamectin 1.8 % EC | 100cc, 500cc,1Litre |

Inter Crop Group of Company
Thailand

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနေ မောင်ဇော်မျိုးသိန်း၏ ဖခင်ဦးမြင့်သိန်း(ခ)ဦးမိုး ၁၄/ဝခမ(နိုင်)၀၃၀၈၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

## အခန်း (၅)
## သီးသန့်စီးပွားရေးဇုန်

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့်ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့်လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသော စီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊

(ခ) လူသားတို့ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့်အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇုန်ဧရိယာသတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့်အာဏာများ၊

(င) ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၁။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာ ပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများ ချထားသွယ်တန်းခွင့်တို့ကို ဥပဒေနှင့်အညီ အသုံးပြုနိုင်သည်။ ယင်းသို့ အသုံးပြုရာတွင် ပုဒ်မ ၂၀ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်း မရှိစေရ။

၂၂။ သီးသန့်စီးပွားရေးဇုန်အတွင်း သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မည်သည့်ရေယာဉ်ကိုမဆို တက်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၆)
## ကမ်းလွန်ရေတိမ်ပိုင်း

၂၃။ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိတည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ ပါဝင်သည်။

၂၄။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတများဆိုရာတွင်-

(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့သယံဇာတများပါဝင်သည်။ သက်ရှိ၊ သက်မဲ့သယံဇာတများတွင် ပင်လယ်အောက်ခြေတစ်နေရာတည်း၌ အတည်တကျ ပေါက်ပွားလေ့ရှိသော အပင်နှင့်ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့် အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင် ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ်ထိတွေ့နေမှသာလျှင် ရွေ့လျားနိုင်သော သတ္တဝါများ ပါဝင်သည်။

(ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတများ ပါဝင်သည်။

၂၅။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သဘာဝသယံဇာတများကို စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ဖမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် အဏ္ဏဝါညစ်ညမ်းမှုကို လျှော့ချခြင်း၊ တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊

(င) မြေအောက်ဥမင်လိုဏ်ခေါင်း တူးဖော်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာဥပဒေအရ အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း။

## အခန်း (၇)
## ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်

၂၆။ နိုင်ငံတော်သည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသော မည်သည့်နိုင်ငံခြားရေယာဉ်ကိုမဆို သတ်မှတ်ချက်များနှင့်အညီ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ကျင့်သုံးနိုင်သည်။ယင်းသို့ ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်သည် လိုက်လံဖမ်းဆီးခြင်းခံရသော နိုင်ငံခြားရေယာဉ်က ယင်း၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ တတိယနိုင်ငံ၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော် လည်းကောင်း ရပ်ဆိုင်းသည်။

## အခန်း (၈)
## အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ချက်

၂၇။ မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင်ချမှတ်ခဲ့သော ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်အမိန့်ဖြင့် သတ်မှတ်သည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ)တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့် ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့် အတိုင်းဖြစ်သည်။

၂၈။ မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၁၉၈၆ခုနှစ်က ချုပ်ဆိုသည့် နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် သတ်မှတ်သည်။ မြန်မာ-အိန္ဒိယပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ)တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့်ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင် လည်းကောင်း ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၂၉။ မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၁၉၈၀ ပြည့်နှစ်က ချုပ်ဆိုသည့် နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် သတ်မှတ်သည်။ မြန်မာ-ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့် ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင် လည်းကောင်း ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

## အခန်း(၉)
## တားမြစ်ချက်များ

၃၀။ ဆက်စပ်ဇုန်၏ ပင်လယ်ကြမ်းပြင်တွင်တည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် သမိုင်းဝင်ပစ္စည်းများအပါအဝင် မည်သည့်ဝတ္ထုပစ္စည်းကိုမဆို အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရွှေ့ပြောင်းခြင်း မပြုရ။

၃၁။ မည်သူမျှ သီးသန့်စီးပွားရေးဇုန်တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သဘာဝသယံဇာတများကိုဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း။

၃၂။ မည်သူမျှ ကမ်းလွန်ရေတိမ်ပိုင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သဘာဝသယံဇာတများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(စ) ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းများချခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့်သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုတွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့်သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ရန်အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့်သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၆။ မည်သူမဆို ပုဒ်မ၇၊ ၈ သို့မဟုတ် ၁၀ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင် သော်လည်းကောင်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၃၇။ သက်ဆိုင်ရာတရားရုံးသည် ပုဒ်မ ၃၃၊ ၃၄၊ ၃၅ တို့တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့်အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင် တပ်ဆင်ထားသော ကိရိယာတန်ဆာပလာများ ရေယာဉ်ပေါ်ရှိ ပစ္စည်းများအားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၃၈။ နိုင်ငံတော်သည် အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးယူဆောင်ရွက်နိုင်သည်။

၃၉။ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၄၀။ ပုဒ်မ ၃၆အရ အရေးယူဆောင်ရွက်သည့် ကိစ္စရပ်များသည် ပုဒ်မ ၁၆ ပါ တရားမကြောင်းအရ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို မထိခိုက်စေရ။

၄၁။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## ရမည်းသင်းမြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ရမည်းသင်း ဇူလိုင် ၂၃**

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝခန်းမ၌ ဇူလိုင်လတတိယပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးပေါ်လွင်နှင့် ကော်မတီများ၊ ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဌာနဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ မြို့မဈေးမှူးအကျိုးဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများ တက်ရောက်ကြပြီး စားသုံးသူရေးရာဦးစီးဌာန (မိတ္ထီလာမြို့) နှင့်ရမည်းသင်းခရိုင် စားသုံးသူရေးရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူး ဦးကျော်မြင့်၊ ရမည်းသင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်တို့က စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရန်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ ခွင့်မပြုသော ဆိုးဆေးများကြောင့် ဖြစ်ပွားနိုင်သော ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# တနင်္သာရီတိုင်းဒေသကြီး၏ ဆီအုန်းစိုက်ပျိုးရေး

**ကျော်စိုး (ကော့သောင်း)**



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းမြို့အား ပြည်မနေပြည်သူများ ပိုမိုစိတ်ဝင်စားစေသည့် အကြောင်းတစ်ချက်မှာ မြို့နယ်အနှံ့တစ်မျှော်တစ်ခေါ် ရှုမဆုံး ဆီအုန်းစိုက်ခင်းများကြောင့် ဖြစ်သည်။

မြန်မာလူမျိုးတို့၏ နေ့စဉ်စားသုံးသည့် အစားအစာတွင် စားသုံးဆီသည် ဆန်ပြီးလျှင် ဒုတိယအရေးကြီးဆုံး အာဟာရတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆီထွက်သီးနှံပင် အမျိုးမျိုးရှိသည့်အနက် ဆီအုန်းသည် တစ်ဧကလျှင် ဆီထွက်နှုန်းအမြင့်မားဆုံး သီးပင်တစ်ခုဖြစ်သည်။ ကမ္ဘာ့စားသုံးဆီရောင်းဝယ်မှုတွင် အဓိကစားသုံးဆီ ၁၅ မျိုးအနက် ဆီအုန်းသီးနှံမှထွက်သော ဆီသည် ကမ္ဘာ့စားသုံးဆီဈေးကွက်၏ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း လေ့လာသိရှိရပေသည်။

မြန်မာနိုင်ငံ လက်ရှိလူဦးရေ အရ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ပြည့်မီစေရန် ရာသီအလိုက် စိုက်ပျိုးရသည့် ဆီထွက်သီးနှံငါးမျိုးဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းစေ့တို့ကို မိုးသီးနှံ၊ ဆောင်းသီးနှံ သီးထပ်သီးညှပ်များအဖြစ် နှစ်စဉ်ကြိုးပန်း တိုးချဲ့စိုက်ပျိုးသော်လည်း ထွက်ရှိသည့်ဆီပမာဏသည် ပြည်တွင်းစားသုံးမှုအား ဖြည့်ဆည်းနိုင်ခြင်းမရှိသဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းမှာယူဖြည့်ဆည်းပေးနေရသဖြင့် နိုင်ငံခြားငွေ ယိုပေါက်ကြီးတစ်ခုပမာ ဖြစ်နေသဖြင့် ထိုငွေယိုပေါက်ကြီးကို ပိတ်ဆို့စေရန် နည်းလမ်းအဖြစ် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေး ဆီအုန်းတိုးချဲ့ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ဆီအုန်းသီးနှံပင်သည် တစ်နှစ်ပတ်လုံး မိုးမျှတစွာရွာသွန်းသည့် လတ္တီတွဒ်အားဖြင့် အီကွေတာ၏တောင်ဘက်နှင့် မြောက်ဘက် ၁၀ ဒီဂရီအတွင်း၊ နေ့စဉ်ပျမ်းမျှအပူချိန် ၈၀-၉၀ ဒီဂရီအတွင်းရရှိပြီး တစ်နေ့လျှင် ပျမ်းမျှနေသာချိန် အနည်းဆုံး ခြောက်နာရီခန့်၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ ကျော်၊ မြေညီမြေပြန့်၊ ဆင်ခြေလျှော၊ တောင်ကုန်း တောင်စောင်း မြေသားအထူ လေးပေအောက်၊ ကျောက်မခံသည့်မြေအမျိုးအစား၊ နုန်းဆန်သည့်မြေနှင့် နီညိုရောင်၊ ဝါညိုရောင်၊ မြေချဉ်ငန်ဓာတ် PH 5.5 ရှိသော သဘာဝသစ်တောမြေမျိုးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပေသည်။

ဆီအုန်းသီးနှံသည် မြန်မာနိုင်ငံသို့ ၁၉၁၂ ခုနှစ် ဗြိတိသျှကိုလိုနီခေတ်ကတည်းက မလေးရှားနိုင်ငံမှ မှာယူတင်သွင်းကာ စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ၁၉၂၆ ခုနှစ်တွင် မစ္စတာ ရမ်ရမ်ဆေးဆိုသူ နိုင်ငံခြားသားတစ်ဦးက ထားဝယ်နယ်ဘက်တွင် ဧက ၃၀၀ ခန့် စီးပွားဖြစ်စိုက်ပျိုးပြီး ထွက်ရှိလာသည့် ဆီကြမ်းများကို စင်ကာပူနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိခဲ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းသီးနှံကို လယ်-စိုက်-ရှင်း လက်ထက်မှသည် ယခုစက်မှုသီးနှံကာလထိတိုင် စိုက်ပျိုးလုပ်ကိုင်လာခဲ့ကြသဖြင့် တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းကောင်းစွာဖြစ်ထွန်းနိုင်သည့် ဒေသတစ်ခုဖြစ်သဖြင့် နိုင်ငံတော်၏ စားသုံးဆီ ဖူလုံရေးကို ဖြည့်ဆည်းပေးနိုင်မည့် ဒေသတစ်ခုဖြစ်လာစေရန် ၁၉၉၉ ခုနှစ်မှစတင်ကာ ပုဂ္ဂလိကလုပ်ငန်းရှင် ၁၉ ဦးအား စိုက်ပျိုးဧက ငါးသိန်းပြည့်မီအောင် စတင်စိုက်ပျိုးစေခဲ့သည်။

ထိုပုဂ္ဂလိကလုပ်ငန်းရှင်များအနက်မှ ကော့သောင်းခရိုင်အတွင်း၌ ယုဇန ဆီအုန်းကုမ္ပဏီသည် စိုက်ပျိုးဧက အများဆုံးစိုက်ပျိုးလုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်ပြီး အခြားကုမ္ပဏီများကလည်း ဆီအုန်းစိုက်ပျိုးရေးကို နိုင်ငံတော်၏ စားသုံးဆီ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို နိုင်ငံတော် လိုအပ်ချက်အား ဖြည့်ဆည်းပေးနေသည့် ရဲဘော်ရဲဘက်များပမာ သဘောထားကာ အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးနေသည်။

ဆီအုန်းပင်သည် အပင်သက်တမ်း ၁၀ နှစ်သားခန့်တွင် တစ်ဧကလျှင် ဆီသီးခိုင် ၉ တန်မှ ၁၀ တန် အထိထွက်ရှိပြီး ယင်းဆီသီးခိုင် ၁၀ တန်အား ဆီကြိတ်ထုတ်လုပ်ပါက တစ်ဧကလျှင် ဆီအုန်းဆီကြမ်း နှစ်တန် ရရှိမည်ဖြစ်ကာ ဆီသန့်ချက်လျှင် စားအုန်းဆီအဆင့် ၁ ဒသမ ၅ တန် (ပိဿာ ၉၀၀)၊ စက်မှုသုံးဆီ ၁ ဒသမ ၄ တန် (၂၄၅ ပိဿာ)၊ ဆီအုန်း အတွင်းသားအဆန်ဆီ ၀ ဒသမ ၁ တန် (၆၂ ပိဿာ) ထွက်ရှိနိုင်သည်။

ယခုအခါ စိုက်ပျိုးထားသည့် ဆီအုန်းပင်များမှ ဆီသီးခိုင်များ လှိုင်လှိုင် ထွက်ရှိနေပြီဖြစ်သဖြင့် ကော့သောင်းခရိုင်အတွင်း ယုဇနဆီအုန်းကုမ္ပဏီမှ တစ်နာရီဆီသီးခိုင်တန်ချိန် ၃၀ ကြိတ်ဝါးနိုင်သည့် ဆီကြမ်းစက်ရုံ၊ ရွှေဆီအုန်းကုမ္ပဏီက တစ်နာရီ ဆီသီးခိုင် ငါးတန် ကြိတ်ဝါးနိုင်သည့် ဆီကြမ်းစက်ရုံနှင့် တောင်ဒဂုံ ဆီအုန်းကုမ္ပဏီက တစ်နာရီ ဆီသီးခိုင် ငါးတန် ကြိတ်ဝါးနိုင်သည့် ဆီကြမ်းစက်ရုံတို့မှ ဆီကြမ်းများ ထုတ်လုပ်၍ ပင်လယ်ကူးသင်္ဘောကြီးများဖြင့် ရန်ကုန်စက်မှုဇုန် ဆီသန့်စက်ရုံသို့ ပို့ဆောင်ကာ စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏ စပါးကျီဖြစ်သကဲ့သို့ လက်ရှိ ဆောင်ရွက်နေကြသည့် အခြေအနေကောင်းများကြောင့် တနင်္သာရီတိုင်းဒေသကြီးသည်လည်း နိုင်ငံတော်၏ ဆီအိုးကြီးသဖွယ်ဖြစ်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

## ရေတာရှည်မြို့နယ်အတွင်း တိုက်ရိုက်အစေ့ချ စိုက်နည်းစနစ်ဖြင့် စပါးစိုက်ပျိုးမှုများလာ

**ရေတာရှည် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးနှင့်နွေစပါးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ စပါးထွက်နှုန်း ကောင်းမွန်ခြင်းစသည့် အားသာချက်များကြောင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးမှုများလာရာ တိုက်ရိုက်အစေ့ချကိရိယာများကို သုံးစွဲမှုမှာလည်း ယခင်ကထက် ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

"တိုက်ရိုက်မျိုးစေ့ချတဲ့ ကိရိယာနဲ့ စိုက်ပျိုးတဲ့အခါမှာ တစ်ဧကကို တစ်တင်းကျော်ပဲကုန်ကျတယ်။ ပုံမှန်ဆိုရင် တစ်ဧကကို စပါးသုံးတင်းနဲ့ လေးတင်းကြားကြဲပက်ကြတာ ဆိုတော့ မျိုးကုန်ကျမှု ပိုများတာပေါ့။ အဲဒီ ပိုထွက်လာမယ့် မျိုးဖိုးကို ဓာတ်မြေဩဇာ ဝယ်သုံးလို့ရတာပေါ့"ဟု စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အစေ့ချကိရိယာ ငှားရမ်းပေးခြင်းနှင့် ဌာနဝန်ထမ်းများ ကိုယ်တိုင်ကြီးကြပ်၍ ဆောင်ရွက်ပေးခြင်းများကြောင့် တောင်သူများအနေဖြင့် အခက်အခဲမရှိဘဲ လွယ်ကူစွာသုံးစွဲနိုင်ကြသည်ကို တွေ့ရသည်။

တိုက်ရိုက်အစေ့ချစိုက်နည်းဖြင့် စိုက်ပျိုးသည့် စပါးခင်းများသည် လေဝင်လေထွက် ပိုမိုကောင်းမွန်ခြင်း၊ နေရောင်ခြည်ကျရောက်မှုအချိုးအစား ညီမျှခြင်းအပြင် ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများပက်ဖျန်းခြင်းတို့ကြောင့်လည်း အပင်ပျက်စီးဆုံးရှုံးမှုနည်းပါးကာ ပုံမှန်ကြဲပက်စိုက်ပျိုးခြင်းထက် အထွက်နှုန်းလည်း ပိုမိုကောင်းမွန်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

## ကရင်ပြည်နယ် ငြိမ်းချမ်းရေးဒေသများသို့ Nippon Foundation မှ စိုက်ပျိုးရေးဆိုင်ရာများထောက်ပံ့ရန် ဆွေးနွေး

**ဘားအံ ဇူလိုင် ၂၃**

ကရင်ပြည်နယ်အတွင်းမှ ငြိမ်းချမ်းရေးဒေသများသို့ Nippon Foundation အဖွဲ့အစည်းမှ ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေးအစီအစဉ် နောက်ဆက်တွဲ စီမံကိန်းအဖြစ် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ထောက်ပံ့မှုများဆောင်ရွက်ပေးရန် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Nippon Foundation မှ ကိုယ်စားလှယ်များ တက်ရောက်ပြီး Nippon Foundation မှ Mr.Nakajima က ကရင်ပြည်နယ်အတွင်း မြဝတီဒေသ၊ ကော့ကရိတ်ဒေသများရှိ နေရပ်ပြန်ဒုက္ခသည်၏ ကျေးရွာများတွင် ပြန်လည်ဝင်ရောက်လာမည့် တိုင်းရင်းသားများအတွက် အဓိက အသက်မွေးဝမ်းကျောင်းအစီအစဉ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရနှင့် Nippon Foundation၊ မဲခေါင်ဒေသခွဲ စိုက်ပျိုးရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ GMSAEDC မှ စိုက်ပျိုးပညာရှင် Mr.Imoto က စိုက်ပျိုးရေးသင်တန်းကျောင်းများ တည်ဆောက်၍ နည်းပညာများသင်ကြားပို့ချရန် စီစဉ်ထားကြောင်း၊ သင်တန်းကာလကို ကာလတို၊ ကာလရှည် သတ်မှတ်ထားကြောင်း၊ ကာလတိုအနေဖြင့် တစ်ပတ်ဖြစ်ပြီး ကာလရှည်အနေဖြင့် ခြောက်လကြာသင်တန်းပို့ချပေးရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် Nippon Foundation အဖွဲ့တို့သည် နည်းပညာသင်တန်းခန်းမအတွက် ကမော့ကပို မျိုးစေ့ထုတ်ခြံသို့ သွားရောက်လေ့လာခဲ့ပြီး ခြံဦးစီးမှူးက ခြံအတွင်းဆောင်ရွက်ထားရှိမှု၊ စပါးမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက စိုက်ပျိုးထားပုံ၊ သရက်မျိုးထိန်းသိမ်းထားမှု၊ ဥယျာဉ်ခြံစိုက်ပျိုးထားမှုများကို ရှင်းလင်းပြသသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက နေရပ်ပြန်တိုင်းရင်းသားများသည် ပြည်နယ်အတွင်း အနှံ့အပြားရှိသည့်အတွက် သင်တန်းပေးရန် ဘားအံမြို့နယ်သည် ဗဟိုနေရာဖြစ်၍ သင်တန်းခန်းမပြုလုပ်ရန် သင့်တော်ကြောင်း၊ စိုက်ပျိုးရန် မြေနေရာလည်း အဆင့်သင့်ရှိကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ Mr.Imoto က စိုက်ပျိုးရေးအပြင် မွေးမြူရေးကိုပါ ထည့်သွင်းလုပ်ဆောင်စေလိုကြောင်း ဆွေးနွေးပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲ၍လုပ်ကိုင်နိုင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ကရင်ပြည်နယ်အတွင်းမှ နေရပ်ပြန်တိုင်းရင်းသားများအနေဖြင့် ပြင်ပ အထောက်အပံ့မပါဘဲ ကိုယ့်အားကိုယ်ကိုးနိုင်ရန်နှင့် စဉ်ဆက်မပြတ် ယန္တရားတည်ဆောက်နိုင်ရန်၊ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကရင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ရိုးရာများကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## သုံးလတာအတွင်း ပြည်ပကုန်သွယ်မှု ယခင်နှစ်ထက်ပိုများ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ သုံးလတာအတွင်း ပြည်ပကုန်သွယ်မှုမှရသော စုစုပေါင်း ဘဏ္ဍာငွေမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူအချိန်ထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုရရှိထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ပထမသုံးလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံရှိကြောင်း၊ ယခင်နှစ် ကာလတူထက် ပို့ကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈ ဘီလီယံ ပိုမိုများပြားပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စာရင်းများအရ သိရသည်။

ကုန်သွယ်မှုများတွင် ရာခိုင်နှုန်းအားဖြင့် စုစုပေါင်း ပြည်ပပို့ကုန်၏ ၂၇ ရာခိုင်နှုန်းမှာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှဖြစ်၍ ပမာဏအများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့တင်ပို့မှုက ၂၃ ရာခိုင်နှုန်း၊ လက်ခစားစနစ်ဖြင့်ချုပ်ပြီး အထည်တင်ပို့မှုက ၁၆ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်တင်ပို့မှုက ၈ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုက ၄ ရာခိုင်နှုန်းနှင့် သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် အခြားပစ္စည်းများ တင်ပို့မှုက ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

"လက်ရှိ ဘဏ္ဍာနှစ်အတွင်းမှာ လယ်ယာထွက်ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ဆန်၊ သတ္တုနဲ့ ငါးမျိုးစုံ ပိုမိုတင်ပို့ထားနိုင်တယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။ လယ်ယာထွက်ကုန် တင်ပို့မှုအနေဖြင့် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှာ တန်ချိန်ခုနစ်သိန်း(အမေရိကန်ဒေါ်လာ ၂၀၃ သန်းဖိုး)တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန် လေးသိန်းကျော်(အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကျော်ဖိုး) ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပြောင်းတင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် သုံးသိန်းကျော်(အမေရိကန်ဒေါ်လာ ၅၆ သန်းဖိုး)တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန် နှစ်သိန်း(အမေရိကန်ဒေါ်လာ ၂၇ သန်းဖိုး)ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

## တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက်

(ဇူလိုင် ၁၇ မှ ဇူလိုင် ၂၁ အထိ)

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့က ဆက်ပြီး အကျဈေးနဲ့ ဆက်သွားနေပါတယ်။ ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဈေးတက်လာတာကတော့ ကုလားပဲဈေး ဖြစ်ပါတယ်။ ကြက်သွန်နီ ဈေးကလည်း ဆက်လက် တက်နေပါတယ်။

**မတ်ပဲ(FAQ/RC) ဈေးဆက်လက်ကျဆင်း**

ဇွန်လမှာ တက်ရိပ်ပြခဲ့တဲ့ မတ်ပဲက ဇူလိုင်လ အစကနေစပြီး လက်ရှိအချိန်အထိ အကျဈေးနဲ့ပဲ ဆက်သွားနေပါတယ်။ မြန်မာနိုင်ငံမှာ မတ်ပဲဈေးတွေ ဆက်တိုက် ကျနေသလို အိန္ဒိယနိုင်ငံကိုလည်း ဈေးသက်သာတဲ့ မြန်မာမတ်ပဲတွေ အဝင်များနေခြင်း၊ မိုးစိုက် မတ်ပဲဧရိယာ များတဲ့အတွက် ပဲလှောင်သူတွေ ထုတ်ရောင်းနေခြင်းကြောင့် အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲဈေး ကျနေပါတယ်။

လက်ရှိမှာ မတ်ပဲတစ်တင်းကို ၂၈၀၀၀ ကနေ ၃၀၀၀၀ ကြားသာ ပေါက်ဈေးရှိနေပါတယ်။ တစ်လအတွင်းမှာတင် တစ်တန်ကို ငါးသောင်းကျော် ဈေးကျဆင်းသွားခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိမှာ မတ်ပဲက ပြည်တွင်း၊ ပြည်ပမှာပါ ဈေးကျဆင်းနေတာဖြစ်ပြီး ဇူလိုင်လအတွင်းမှာတော့ မတ်ပဲဈေးက တက်နိုင်တဲ့အခြေအနေ မရှိသေးဘူးလို့ သိရပါတယ်။

**ပဲစင်းငုံ ဈေးကျဆင်း**

ပဲစင်းငုံဈေးကလည်း ဆက်ပြီးကျဆင်းနေတဲ့အခြေအနေ ဖြစ်နေပေမယ့် မတ်ပဲလောက် အတက်အကျကြမ်းတဲ့ အခြေအနေတော့ မရှိပါဘူး။ ဆက်တိုက်ဈေးကျဆင်းခဲ့တဲ့ အခြေအနေမို့ ဈေးအနိမ့်နဲ့ဝယ်ယူတာတွေများခဲ့ပြီး ဈေးကျတာက သိသာလောက်တဲ့အခြေအနေ မရှိခဲ့ပါဘူး။

ပဲစင်းငုံ လက်ရှိပေါက်ဈေးက တစ်တင်းကို ၂၀၀၀၀ နီးပါးသာ ပေါက်ဈေးရှိနေပြီး တစ်တန်ကို ၄၀၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ ပဲစင်းငုံကတော့ ဇူလိုင်လကုန်မှာ အဝယ်ပြန်လိုက်လာပြီး ဈေးတက်လာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

**ကုလားပဲဈေးတက်**

တစ်လကျော် နှစ်လနီးပါး ဈေးငြိမ်နေခဲ့တဲ့ ကုလားပဲက ဇူလိုင်လ ဒုတိယပတ်ကနေစပြီး တဖြည်းဖြည်း ဈေးတက်လာပါတယ်။ အိန္ဒိယနိုင်ငံမှာ ကုလားပဲ ကြိုပွဲဝင့်အရောင်းအဝယ်ကို ပြန်လည်ခွင့်ပြုခဲ့တဲ့အတွက် ဈေးတွေတက်လာတာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံက သုံးသပ်ထားပါတယ်။ ပွဲတော်ကာလ ရောက်နေပြီဖြစ်တဲ့အတွက် ကုလားပဲက ဈေးဆက်တက်နိုင်တဲ့ အလားလာတွေ ရှိနေသေးတယ်လို့ သိရပါတယ်။

လက်ရှိမှာ ကုလားပဲလုံးက တစ်ပိဿာကို ကျပ် ၂၁၀၀ ပေါက်ဈေးရှိနေပြီး ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၂၉၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

**ကြက်သွန်နီ ဈေးတက်**

ကြက်သွန်နီက လက်ရှိမှာ စံချိန်တင်ဈေးတက်နေပါတယ်။အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကြက်သွန်စိုက်ခင်းတွေ ပျက်စီးခဲ့ပြီး ဈေးကွက်ကိုဝင်ရောက်မှုနည်းပါးခဲ့ပါတယ်။ မုံရွာ၊ အောင်လံ၊ ဆိပ်ဖြူတို့ကနေ အဓိက ဝင်ရောက်တာ ဖြစ်တဲ့အတွက် ကြက်သွန်အဝင်နည်းပြီး ဈေးတက်လာတာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ တစ်ပိဿာကို ကျပ် ၆၅၀ သာ အမြင့်ဆုံးရရှိခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာတော့ တစ်ပိဿာ ကို ၁၅၀၀ အထိ အမြင့်ဆုံးပေါက်ဈေး ရရှိနေတာဖြစ်ပါတယ်။ လက်ရှိပေါက်ဈေးက တစ်ပိဿာ ကို ၁၁၀၀ ကျပ်ကနေ ၁၅၀၀ ကျပ်ခန့် ရှိနေပါတယ်။

**အာလူးဈေးအနည်းငယ်တက်**

ဇွန်လ ပထမပတ်မှာ မိုးများတဲ့အတွက် အာလူးဈေးက ဆက်တိုက်ကျဆင်းခဲ့ပေမယ့် ဇူလိုင်လ တတိယပတ်မှာတော့ အထက်စ အာလူးတွေ ဈေးအနည်းငယ် ပြန်တက်လာခဲ့ပါတယ်။ လက်ရှိပေါက်ဈေးက တစ်ပိဿာကို ကျပ် ၁၃၀ ကနေ ကျပ် ၅၅၀ ပေါက်ဈေးရှိနေပြီး အထက်စက တစ်ပိဿာကို ၁၀၀ နီးပါးလောက် ဈေးတက်လာခဲ့ပါတယ်။

**စီပီပြောင်း ဈေးတက်**

တရုတ်နိုင်ငံကို မူဆယ်ကနေတစ်ဆင့် တင်ပို့ရောင်းချနေတဲ့ စီပီပြောင်းက တစ်လအတွင်းမှာတင် တစ်ပိဿာကို ၁၀၀ ကျော် ဈေးမြင့်တက်လာနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ တိရစ္ဆာန်အစာအတွက် ပုံမှန်ဝယ်ယူမှုရှိနေပြီး တရုတ်နိုင်ငံမှာလည်း ပြောင်းစိုက်ပျိုးမှုဧက လျှော့ချလိုက်တဲ့အတွက် ပြောင်းဈေးတွေ မြင့်လာတာ ဖြစ်ပါတယ်။ လက်ရှိမှာ စီပီပြောင်း တစ်ပိဿာကို ၅၁၀ ကနေ ကျပ် ၅၅၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ဇာလင်းသူ**(AMIA)

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာ့ဆန် တန်ချိန်သုံးသိန်းဝယ်ယူလိုကြောင်း ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာ့ဆန် တန်ချိန်သုံးသိန်း ဝယ်ယူလိုကြောင်း ဆွေးနွေးလာသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ထံမှ သိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွင် ဝန်ကြီးဌာနချင်း သဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်သို့ ဆန်နှင့်ပဲအမျိုးမျိုးကို ရောင်းချပေးရန် ညှိနှိုင်းချက်အရ ပြီးခဲ့သည့်လက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးနှင့်အဖွဲ့က လာရောက်တွေ့ဆုံရာတွင် ဝယ်ယူလိုကြောင်း ဆွေးနွေးလာခြင်းဖြစ်သည်ဟု သိရသည်။

''ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ မြန်မာဘက်ကပို့ကုန်တွေအပေါ်မှာ အခွန်ကောက်ခံမှုများနေတာကို လျှော့ချပေးဖို့လည်း ဆွေးနွေးထားတယ်။ သူတို့ဘက်ကလည်း ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းတွေအတိုင်း အပြန်အလှန်သက်သာခွင့်ပေးတဲ့ သဘောတူစာချုပ်ချုပ်ဖို့ ကမ်းလှမ်းလာတယ်''ဟု ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရခိုင်ပြည်နယ် မောင်တောနယ်စပ်မှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခဲ့ပြီး နောက်ပိုင်းကာလများတွင် တရုတ်နိုင်ငံသို့သာ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အစိုးရအချင်းချင်း(G to G)အရသော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း(B to B)အရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှုသာမက ပင်လယ်ရေကြောင်းမှ ဆန်၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်းများကို တစ်ဆင့်ခံ ရောင်းချနေမည့်အစား တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများကို တွန်းအားပေးသွားနိုင်ရေး၊ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းနှင့် ဘင်္ဂလားဒေ့ရှ် ဆိပ်ကမ်းများအကြား တိုက်ရိုက်ပို့ဆောင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် (၉)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲကော်မရှင် အစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပရန် ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးနှင့်အဖွဲ့ ဆွေးနွေး၍ သဘောတူညီခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

## ကြက်သွန်နီဈေးကွက် ယခင်နှစ်ထက်အချိန်စော၍ ဈေးမြင့်တက်လာ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်ဈေးကွက်၌ ဇူလိုင် ၂၀ ရက်တွင် ဆိပ်ဖြူကြက်သွန်နီသည် လက်ကားတစ်ပိဿာ ငွေ ၁၀၇၅ - ၁၃၀၀ - ၁၃၇၅-၁၄၂၅ ကျပ်နှုန်း ရှိလာပြီး အချိန်စော၍ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သလို မတ်ပဲ(RC)သည် တစ်တန်လျှင် ကျပ် ၇၆၈၀၀၀ နှင့် ပဲစင်းငုံနီမှာ တစ်တန်လျှင် ကျပ် ၅၉၆၅၀၀ နှုန်း ရှိနေသည်ဟု ကုန်စည်ဒိုင်ဈေးနှုန်းအရ သိရသည်။

ကြက်သွန်နီ နယ်ဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဝန်းကျင်သို့ မြင့်တက်လာသည်ဟု မုံရွာဈေးကွက်မှသတင်းအရ သိရသည်။ ရန်ကုန်ဈေးကွက်တွင် ဇူလိုင် ၇ ရက်က ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၉၀၀-၁၁၂၅-၁၂၀၀-၁၂၅၀ နှုန်းရှိရာမှ ဇူလိုင် ၂၀ ရက်အထိ တစ်ရက်လျှင် တစ်ပိဿာ ၂၅ ကျပ်နှုန်းဖြင့် နေ့စဉ်နီးပါး ဈေးတက်လာခြင်းဖြစ်ကြောင်း လမ်းမတော်မြို့နယ်တွင် ကြက်သွန်နီ၊ အာလူးနှင့် ကြက်သွန်ဖြူ ရောင်းချနေသူ ဦးကျော်က ဆိုသည်။

ဇွန်လအတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၂၆ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၃၉ သိန်းဝန်းကျင်ဝင်ရောက်ခဲ့ပြီး ဇူလိုင်လထဲတွင် တစ်ရက်လျှင် ပျမ်းမျှ ပိဿာချိန် ၁၅၀၀၀၀ ဝန်းကျင် ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ နေ့စဉ်ထုတ်ပြန်သော ဈေးနှုန်းစာရင်းတွင် ယှဉ်တွဲဖော်ပြချက်အရ သိရသည်။

ယခုနှစ် ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် ပုံမှန်အားဖြင့် ဈေးနှုန်းမြင့်တက်တတ်သည့်အချိန်ထက် နှစ်လဝန်းကျင် အချိန်စော၍ ဈေးတက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးနှုန်းထက် ဈေးနည်းသော ပြည်ပကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာပြီး တစ်ပိဿာလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဇူလိုင် ၂၀ ရက်မှစ၍ ရန်ကုန်ဈေးကွက်တွင် ရောင်းချနေခြင်းကို မြင်တွေ့ရသည်ဟု နယ်ပို့အဝယ်တော်တစ်ဦးက ပြောသည်။

ယခင်နှစ် ကာလတူဖြစ်သော ၂၀၁၆ ဇူလိုင်လ ၂၀ ရက်က ဆိပ်ဖြူကြက်သွန်နီဈေးနှုန်းမှာ လက်ကားတစ်ပိဿာလျှင် ၃၇၅-၅၂၅-၅၅၀-၅၇၅ ကျပ်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ၅၂၅-၇၃၅-၈၃၀-၈၈၀ ကျပ်နှုန်းရှိခဲ့သည်။ ဈေးနှုန်းအမြင့်ဆုံးတက်လေ့ရှိသော ဒီဇင်ဘာလဆန်းအချိန်တွင် ၂၀၁၅ က ကျပ် ၃၀၀၀-၃၃၅၀-၃၅၀၀-၃၇၀၀ကျပ်နှုန်းအထိ ဈေးမြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကျပ် ၃၀၀-၅၀၀-၇၀၀-၁၀၀၀ နှုန်းအထိသာ ရှိခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်း ဖေဖော်ဝါရီလဆန်းတွင်လည်း ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၈၀၀-၂၀၀၀-၂၁၀၀ နှုန်းနှင့် မြစ်သားကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၁၅၀-၂၄၅၀-၂၅၀၀-၂၅၀၀ နှုန်းအထိ မြင့်တက်ခဲ့သည်။ ထိုကာလက ပြည်တွင်းကြက်သွန်နီ ဈေးမြင့်တက်ခဲ့သဖြင့် ပြည်ပမှ အိန္ဒိယကြက်သွန်များ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ပြီးနောက် ဖေဖော်ဝါရီလလယ်မှစ၍ ဈေးနှုန်းများပြန်ကျခဲ့သည်။

စိုက်ပျိုးထုတ်လုပ်ချိန်အလွန် လှောင်သမားများ ထုတ်ရောင်းချိန်များတွင် ကြက်သွန်နီဈေး မြင့်တက်လေ့ရှိနေခြင်းသည် စိုက်ပျိုးသူက အကျိုးခံစားရမှုနည်းပြီး စားသုံးသူများလည်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို ကြုံတွေ့ရကာ လှောင်လက်နှင့် ရောင်းဝယ်သူများသာ အကျိုးအမြတ်များစွာ ရရှိနေတတ်သည်။ လက်ရှိအချိန်သည် မိုးစိုက်ကြက်သွန်နီအသစ် ထွက်ပေါ်ရန် နှစ်ဝက်ခန့်လိုသေးရာ ယခုအချိန်တွင် ဈေးတက်နေပါက ပုံမှန်ဈေးတက်လေ့ရှိသော ကာလများတွင် ကြုံတွေ့လာရနိုင်သည့် ကြက်သွန်နီဈေးနှုန်းအပေါ် စားသုံးသူများ စိုးရိမ်ပူပန်မှုများရှိနေသည်။

သက်ဆိုင်ရာအနေဖြင့် ပြည်တွင်းကြက်သွန်နီ စိုက်ပျိုးနှုန်း၊ ထွက်ရှိနှုန်း၊ လက်ရှိအချိန် ပြည်တွင်း လက်ကျန် ခန့်မှန်းပမာဏ၊ ပြည်ပကြက်သွန်နီဈေးနှုန်း၊ ပြည်ပသို့တင်ပို့နေသည့် ပြည်တွင်းထွက်ကြက်သွန်နီ ဈေးနှုန်းများနှင့် တင်ပို့နေသည့်အခြေအနေများကို အများပြည်သူသိရှိရန် အသိပေးစေလိုကြောင်း၊ ထိုသို့ အသိပေးခြင်းကြောင့် ကြက်သွန်နီဈေးနှုန်းအပေါ် ပြည်သူများစိုးရိမ်နေမှု လျော့ပါးစေသလို ဈေးနှုန်းများ မြှင့်တင်နေခြင်း ဖြစ်စဉ်အတွက်လည်း သတင်းမှန်ပေးခြင်းဖြစ်မည်ဟု ဈေးကွက်စောင့်ကြည့်လေ့လာသူတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း ဇွန်လဆန်းတွင် ကြက်သွန်နီ လက်ကားဈေးသည် တစ်ပိဿာလျှင် ၆၂၅-၈၂၅-၈၅၀ ကျပ်နှုန်း ရှိရာမှ နယ်ဈေးတက်သည်ဆိုကာ ရန်ကုန်ဈေးကွက်တွင် ဈေးတက်လာရာ ဇွန် ၁၄ ရက်တွင် ၉၂၅-၁၁၅၀-၁၂၀၀-၁၂၅၀ ကျပ်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ဝယ်လိုအားတန့်သွားသဖြင့် ဇွန် ၁၅ ရက်တွင် ၈၂၅-၁၀၅၀-၁၁၀၀-၁၁၅၀ ကျပ်နှုန်းသို့ ဈေးပြန်ကျခဲ့သည်။

ဇူလိုင်လအတွင်း၌မူ ဈေးကွက်သို့ နေ့စဉ်ကြက်သွန်နီပိဿာချိန် ၁၅၀၀၀၀ ဝန်းကျင် ဝင်ရောက်နေသော်လည်း ၂၀ ရက်၊ ၂၁ ရက်အထိ ဈေးတက်နေဆဲဖြစ်ကာ ကြက်သွန်နီအရည်အသွေးအပေါ်မူတည်၍ ဒိုင်ဖွင့်ဈေးထက် ဈေးပိုပေးပြီး ဝယ်ယူနေရသည်ဟု ဈေးကွက်မှသိရသည်။

**ခင်ဆိုင်**

## တောင်သူများအား အကျိုးပြုနေသော စစ်တောင်းမြစ်ရေတင်စီမံကိန်းများ



မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ခြင်းနှင့် ဝင်ငွေတိုးတက်ရေးကို အရေးကြီးကဏ္ဍအဖြစ် ဆောင်ရွက်နေသည်။ ဤသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီ ဖြစ်သော ပဲခူးတိုင်းဒေသကြီးလည်း ပါဝင်သည်။ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းမှ မြစ်၊ ချောင်း၊ ဆည်တာတမံများမရှိသော လယ်သမားအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

တောင်ငူခရိုင်အတွင်းရှိ လယ်သမားများ မိုးစပါး၊ နွေစပါးနှင့် ပဲတီစိမ်းများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် စစ်တောင်းမြစ်ရေတင်စီမံကိန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၀၄-၂၀၀၅ ခုနှစ်က စတင် ဆောင်ရွက်ခဲ့သည်။ စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများအဖြစ် တောင်ငူခရိုင်အတွင်း ထန်းတပင်မြို့နယ်တွင် အုန်းပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရေတာရှည်မြို့နယ်တွင် အင်ဒိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ တောင်ငူမြို့နယ်တွင် သဖန်းပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဖြစ်သည်။

တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအနီးရှိ သဖန်းပင် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို ၁၉၉၅-၁၉၉၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ သဖန်းပင် လျှပ်စစ် မြစ်ရေတင်လုပ်ငန်းသည် စစ်တောင်းမြစ်မှရေကို စုပ်ယူတင်ပို့ခြင်းဖြစ်ပြီး ပင်မရေတင်စခန်း အမြင့်ပေမှာ ၂၅ ပေဖြစ်သည်။ ရေတင်စနစ်မှာ ယာယီရေတင်စက်ရုံ (Fixed Type)ဖြစ်သည်။ ပင်မမြောင်းအရှည် ၃၆၅ ပေ၊ လက်တံမြောင်းအရှည်ပေ ၇၄၀၀၊ ရေပေးမြောင်းအဆောက်အအုံ ၂၅ ခုတို့ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ သဖန်းပင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၁၉၉၅ ခုနှစ်မှစ၍ ရေပေးပြီး နွေစပါးစိုက်ပျိုးခဲ့ရာ ယခု ၂၀၁၇ ခုနှစ်အထိပင်ဖြစ်သည်။ ယခုနှစ်အထိ နွေစပါးဧက ၁၈၀ ကို စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းပြီး တစ်ဧက တင်း ၁၀၀ ခန့် ထွက်ရှိခဲ့သည်။

စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများတွင် တောင်ငူမြို့နယ်မှ ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ အအောင်မြင်ဆုံးဖြစ်သည်။ ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာလည်း စစ်တောင်းမြစ်မှရေသွယ်ယူ၍ ရေပေးဝေခြင်းဖြစ်ပြီး ပင်မရေတင်စခန်းမှာ အမြင့် ၂၅ ပေဖြစ်သည်။ ရေတင်စနစ်မှာ (Fixed Type)ဖြစ်ပြီး ပင်မမြောင်းအရှည် ပေ ၁၀၅၀၊ လက်တံမြောင်းအရှည် ပေ ၁၉၈၃၀၊ ရေပေးမြောင်းအဆောက်အအုံ ၃၃ ခုရှိသည်။ ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကိုလည်း ၁၉၉၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်အထိ ဖြစ်သည်။

ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စတင်ဆောင်ရွက်စဉ်က နွေစပါးဧက ၄၀၀ သာ စိုက်ပျိုးနိုင်ခဲ့သည်။ သို့သော် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေမပြတ်လွှတ်ပေးခြင်းကြောင့် တောင်သူလယ်သမားများ စိတ်ပါဝင်စားလာပြီး နွေစပါးအထွက်နှုန်းမှာလည်း တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် နွေစပါးစိုက်သူများပြားလာရာ ယခုအခါ နွေစပါးဧက ၆၅၀ အထိ တိုးတက်စိုက်ပျိုးလာသည်ကို တွေ့ရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါး စိုက်ပျိုးရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တောင်ငူခရိုင် ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်တို့တွင် စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများဖြင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သို့သော် တောင်သူလယ်သမားများအား လွတ်လပ်စွာ မိမိစိတ်ကြိုက်သီးနှံများ စိုက်ပျိုးခွင့်ပြုထားသဖြင့် နွေစပါးမစိုက်သော တောင်သူလယ်သမားများလည်း ရှိလာသည်။ နွေစပါးအစား တောင်သူတို့စိတ်ကြိုက် ပဲတီစိမ်းနှင့် အခြားနွေသီးနှံများကို အစားထိုးစိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်များမှ ပေးဝေသောရေဖြင့် နွေစပါးစိုက်ပျိုးကြသော တောင်သူလယ်သမားများမှာ အထူးအထွက်တိုးပြီး တစ်ဧကလျှင် တင်း ၁၀၀ ကျော်အထိရရှိကာ ဝင်ငွေကောင်းနေကြသဖြင့် တောင်ငူမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအား စစ်တောင်းမြစ် လျှပ်စစ်မြစ်ရေတင်များက အထူးအကျိုးပြုလျက်ရှိနေပေသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ညောင်တုန်းမြို့နယ်၌ ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၊ တာတမံများကို အခိုင်အမာ ပြုပြင်ဆောင်ရွက်ထား

ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ညောင်တုန်းမြို့၌ ရောဝတီမြစ်ရေသည် ၂၄ ဒသမ ၂ ပေအထိ မြင့်တက်လာပြီး မြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေထက် ကျော်လွန်နေပြီဖြစ်၍ အန္တရာယ်ရှိနိုင်သော အခြေအနေဖြစ်ကာ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တာတမံများကို အခိုင်အမာ ပြုပြင်ဆောင်ရွက်ထားကြောင်း သိရသည်။

ညောင်တုန်းမြို့သည် ရောဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့ဆုံရာ မြစ်ခွဆုံဖြစ်ပြီး ရောဝတီမြစ်မကြီး၏ အရှေ့ဘက်ကမ်း၊ ပန်းလှိုင်မြစ်၏ တောင်ဘက်ကမ်းတွင် တည်ရှိကာ ရောဝတီမြစ်ရေတိုက်စားမှုကို မြို့ရောနယ်ပါ နှစ်စဉ်ခံစားရသော မြို့တစ်မြို့ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ရောဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာအချို့တွင် တာတမံများအတွက် စိုးရိမ်ရသောအခြေအနေများရှိခဲ့၍ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် သဘာဝရေဘေးမှ ကင်းလွတ်ခဲ့ရသည်။

မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်အောက်တွင် စုစုပေါင်းတာမိုင် ၇၇ မိုင် ၅ ဖာလုံရှိပြီး အဆိုပါတာများက မြေဧရိယာ ၉၆၄၃၆ ဧကကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးလျက်ရှိသည်။ ညောင်တုန်းမြို့နယ်သည် စံကင်းကျွန်းနှင့် ညောင်တုန်းကျွန်း နှစ်ကျွန်းရှိခဲ့ရာ အဆိုပါကျွန်းနှစ်ကျွန်းသည် ပန်းလှိုင်မြစ်၏ လက်ဝဲ၊ လက်ယာဘက်တွင်ရှိပြီး ဆည်မြောင်းတာတမံများဖြင့် ဝန်းရံ၍ ကာကွယ်ထားခြင်းဖြစ်သည်။ စံကင်းကျွန်းကို ရောဝတီအရှေ့ဘက်ကမ်းတာနှင့် တာ၀-ပါလှဲ့-ကုက္ကိုဝတာတို့ဖြင့် ကာကွယ်ထားပြီး ညောင်တုန်းကျွန်းကို ညောင်တုန်းကျွန်းတာ(ပန်းလှိုင်မြစ်ခွဲ)နှင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တို့ဖြင့် ကာကွယ်ထားသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အဆိုပါတာများကို အရေးကြီးသောအပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရောဝတီအရှေ့ဘက်ကမ်းတာတွင် တာမိုင်(၇၈/၀) မှ (၈၂/၃) အထိကိုလည်းကောင်း၊ တာ၀-ပါလှဲ့-ကုက္ကိုဝတာတွင် တာမိုင်(၀/၀)မှ(၅/၀)အထိနှင့် တာမိုင်(၇/၀)မှ(၁၄/၀)အထိကိုလည်းကောင်း၊ ညောင်တုန်းကျွန်းတာတွင် တာမိုင်(၁၂/၄) မှ (၁၃/၁)အထိကိုလည်းကောင်း အခိုင်အမာပြုပြင်ထားပြီးဖြစ်ပါသည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း၌လည်း ရောဝတီအရှေ့ဘက်ကမ်းတာတွင် တာမိုင်(၆၅/၀) မှ ၆၇/၀)အတွင်း တာရေမကျော်စေရန် အမြင့် ၂ ပေ မှ ၃ ပေအထိ မြှင့်တင်ခြင်း၊ တာမိုင်(၆၇/၀)မှ(၇၂/၃)အတွင်း တာနိမ့်သောနေရာများတွင် အမြင့် နှစ်ပေမှ နှစ်ပေခွဲအထိ တာထိပ်ဆင့်ခြင်းနှင့် တာမိုင် (၇၂/၃) မှ (၇၅/၀)အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ ကန်သင်းကြီးများပြုလုပ်ပေးခြင်းတို့ကို မိုးမကျမီက ဆောင်ရွက်ခဲ့သလို ညောင်တုန်းကျွန်းတာ(ပန်းလှိုင်မြစ်ခွဲ)တွင် တာမိုင်(၄/၀)မှ(၅/၀)အတွင်း တာထိပ်ဆင့်ခြင်းနှင့် တာခြေကန်ပေးခြင်း၊ တာမိုင်(၅/၀) မှ (၁၇/၀)အတွင်း နိမ့်သောနေရာများတွင် ၂၀၁၆ ခုနှစ်က အမြင့်ဆုံးရေမှတ်၏ အထက် သုံးပေခန့် မြှင့်တင်ပေးထားခြင်း၊ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် တာမိုင်(၅/၁) မှ (၆/၁)အထိအတွင်း အခိုင်အမာပြုပြင်ခြင်းတို့ကို ဆောင်ရွက်ထားပြီးဖြစ်သည်။ ထို့အပြင် ရောဝတီအရှေ့ဘက်ကမ်းတာ တာမိုင်(၅/၀) မှ (၇/၀) အထိနှင့် တာမိုင်(၁၄/၅) မှ (၁၅/၅)အတွင်း နိမ့်သောနေရာများတွင် တာကိုရေမကျော်စေရန်အတွက် ၅ ပေအကျယ် ၃ ပေအမြင့် ကန်သင်းများ ပြုလုပ်ထားခြင်းတို့ကြောင့် တာများပေါ်တွင် ရေကျော်မှုအခြေအနေ မရှိနိုင်တော့ပါ။

ထိုသို့ကြိုတင်ပြင်ဆင်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် တာပေါ်ရေမကျော်နိုင်သော်လည်း ညောင်တုန်းမြို့၌ ရေမှတ် ၂၄ ဒသမ ၅ ပေထက် ကျော်လွန်လာလျှင် ရေစိမ့်ပေါက်များဖြစ်လာခြင်း၊ တာအိ တာလျှောခြင်းများ၊ ထူးပေါက်များ ဖြစ်ပေါ်လာနိုင်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အရေးကြီးသည့်နေရာများ၌ သဲအိတ်များ ကြိုတင်စုဆောင်းကာ ဦးစီးအရာရှိ၊ ဦးစီးမှူးနှင့် ဒုဦးစီးမှူးများကို ကြီးကြပ်စေ၍ ရေကင်းလုပ်သားများဖြင့် တာတမံများကို နေ့ညမပြတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်၏ စိုးရိမ်ရေမှတ်မှာ ၂၂ ဒသမ ၅ ပေဖြစ်ပြီး စိုးရိမ်ရေမှတ်ထက် ကျော်လွန်လာသည်နှင့်အမျှ အန္တရာယ်ရှိလာပြီဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ညောင်တုန်းမြို့၏ မြေမျက်နှာပြင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀ ခန့်သာ ရှိသောကြောင့်ဖြစ်ကြောင်း၊ ရေအမှတ် ၂၄ ဒသမ ၅ ပေထက် ကျော်လွန်လာပါက ရောဝတီအရှေ့ဘက်ကမ်းတာတစ်လျှောက် တာမိုင်(၆၈/၀) မှ (၇၈/၀)အတွင်း ရေစိမ့်ယိုမှုများ အနည်းငယ် စတင်ဖြစ်ပေါ်လာနိုင်ပြီး ထိုအခြေအနေမျိုးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့် စသည်ဖြင့် သတိပေးချက်များ မရှိနိုင်တော့ဘဲ အန္တရာယ်ရှိသော၊ ပို၍အန္တရာယ်ရှိသော၊ အန္တရာယ်အရှိဆုံးအချိန်ဟူ၍သာ သတိပေးနိုင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေဘေးကာကွယ်ရေး ဆောင်ရွက်ရာတွင် ကျေးရွာများအနေဖြင့်လည်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့်လည်းကောင်း၊ ရေကင်းတာဝန်ရှိသူများနှင့်လည်းကောင်း ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်ရန်လိုကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ညောင်တုန်းမြို့ရေမှတ်သည် ၂၄ ဒသမ ၂ ပေအထိ မြင့်တက်လာပြီဖြစ်၍ တာနှင့် မြစ်အကြားတွင်ရှိသော လူနေအိမ်၊ တဲများကို ရေနစ်မြုပ်ခြင်းအန္တရာယ် ရှိလာနိုင်၍ တာနှင့်မြစ်ကြားတွင် နေထိုင်သူများအနေဖြင့် မိမိတို့အစီအစဉ်ဖြင့် ကြိုတင်၍ရွှေ့ပြောင်းထားကြရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးများစိုက်ပျိုးလျက်ရှိ

**ရေစကြို ဇူလိုင် ၂၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် တောင်သူများ ထွန်ယက်စိုက်ပျိုးရန် စိုက်ပျိုးရေကို ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ ဇူလိုင် ၃ရက်မှ စတင်ပေးဝေလျက်ရှိရာ အဆိုပါ မြစ်ရေတင်ရေသောက် စိုက်ကွင်းများတွင် ထွန်ယက်ခြင်း၊ စပါးပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်းများ လုပ်ကိုင်လျက်ရှိကြပြီး လျှပ်စစ်မြစ်ရေတင်အနေဖြင့်လည်း ယခုနှစ် မိုးစပါးလျာထားဧကဖြစ်သည့် ဧက ၂၅၇၀ ပြည့်မီအောင် အောင်ရေပေးသွားမည် ဖြစ်ကြောင်း သိရသည်။



ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်စိုက်ကွင်းများတွင် မိုးစပါးစိုက်နေကြစဉ်

“ကျွန်တော်တို့ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်က ဇူလိုင် ၃ ရက်နေ့ကစပြီးတော့ စိုက်ပျိုးရေ ပေးဝေနေပါတယ်။ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှာ ၃၀ ကျူစက် ပန့်လေးလုံးရှိရာမှာ သုံးလုံးမောင်း တစ်လုံးနားစနစ်နဲ့ ပန့်သုံးလုံးစာ အလှည့်ကျမောင်း ပြီးတော့ စိုက်ပျိုးရေလုံလောက်စွာရအောင် ရေပေးဝေနေတာဖြစ်ပါတယ်”ဟု ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ ဦးစီးမှူး (မြို့ပြ) ဦးဇော်မင်းဦးက ပြောသည်။

ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင်ကို ၂၀၀၄-၂၀၀၅ ခုနှစ်က စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်ကာ စိုက်ပျိုးရေပေးဝေခဲ့သည်။ ဝါယာကျေးရွာအုပ်စု၊ ဇီးတောကျေးရွာအုပ်စု၊ မအူအလယ်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာအုပ်စုနှင့် မြေဖြူ-မုံညင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၆ ရွာမှ သီးနှံစိုက်ခင်းများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိပြီး အောင်မြင်စွာ ရေပေးဝေနိုင်သဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေတင်စာရင်းများတွင် အောင်မြင်သော မြစ်ရေတင်တစ်ခုဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဝါယာ-သာစည် မြစ်ရေတင်ကြီးကနေ တောင်သူတွေရဲ့သီးနှံစိုက်ခင်းတွေ အောင်မြင်အောင်၊ စိုက်ပျိုးရေ အလုံအလောက်ရရှိအောင် ရေပေးဝေပါတယ်။ ကျွန်တော်တို့ လျှပ်စစ်မြစ်ရေတင်က ဝန်ထမ်းတွေနဲ့ တောင်သူ၊ မြောင်းခေါင်း၊ မြောင်းကြပ်တွေနဲ့ ပူးပေါင်းပြီးတော့ တောင်သူတွေ ရေလိုအပ်မှုကို အမြဲဆက်သွယ်ဆောင်ရွက်တဲ့အတွက် တောင်သူတွေရဲ့ စိုက်ခင်းတွေ အောင်မြင်သလို ရေတင်ကြီးလည်း အောင်မြင်လာတာပါ”ဟု ဦးစီးမှူးက ဆက်ပြောသည်။

တောင်သူများ ရေသုံးစွဲမှုနှင့် ပတ်သက်၍ မေ ၂ ရက်က မြစ်ရေတင်တာဝန်ရှိသူများနှင့် တောင်သူများ တွေ့ဆုံညှိနှိုင်းပြီး စိုက်ပျိုးရေသုံးစွဲမှုဆိုင်ရာ စည်းကမ်း(၂၁)ချက်ကို သတ်မှတ်ထားခဲ့ကြောင်း သိရသည်။ “လျှပ်စစ်ရေတင်တွေမှာ မီတာယူနစ်ဖိုးတွေ များတယ်။ နိုင်ငံတော်က ကုန်ကျစရိတ်များတာပေါ့။ ကုန်ကျစရိတ်ကို လျှော့နည်းသက်သာအောင် နည်းလမ်းရှာရတာပေါ့။ တောင်သူလည်း သူတို့လိုချင်တဲ့ စိုက်ပျိုးရေ အလုံအလောက်ရပြီးတော့ စိုက်ပျိုးချင်တဲ့သီးနှံ စိုက်ပျိုးနိုင်မယ်၊ စီးပွားရေးလည်း အဆင်ပြေမယ်၊ တစ်ဖက်ကလည်း နိုင်ငံတော်လည်း အကုန်အကျသက်သာ၊ တောင်သူတွေလည်း ရေရပြီး စည်းကမ်းလည်းကျမယ်၊ ရေလည်းရမယ်၊ နှစ်ဖက်စလုံးအဆင်ပြေအောင်၊ မီတာယူနစ်ကိုလည်း ထိန်းချုပ်ရာရောက်အောင် တောင်သူတွေနဲ့ ညှိနှိုင်းပြီးတော့ အဲလိုစည်းကမ်းလေးတွေ လုပ်လိုက်တာဖြစ်ပါတယ်”ဟု ဝါယာ- သာစည် လျှပ်စစ်မြစ်ရေတင်မှ ဦးစီးအရာရှိ ဦးဇေယျာဝင်းက ပြောသည်။

အဆိုပါမြစ်ရေတင်ရေသောက် စိုက်ကွင်းများသည် ယခင် မြစ်ရေတင် မရှိသေးမီအချိန်က သဲမြေများဖြစ်သဖြင့် သီးနှံစိုက်ပျိုးရာတွင် အောင်မြင်မှု မရှိသောမြေနေရာများ ဖြစ်ခဲ့သော်လည်း မြစ်ရေတင်တည်ဆောက်ပြီးချိန်မှစ၍ သီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိသဖြင့် ယခုအခါ စိုက်ပျိုးမြေများကို ဝယ်လိုသူသာရှိ၍ ရောင်းမည့်သူမရှိဖြစ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## အမေရိကန်နှင့် အီးယူ အခွန်ကင်းလွတ်ခွင့်ကြောင့် ဝါသီးနှံသည် အလားအလာကောင်းသည့်သီးနှံဖြစ်လာ

**နေပြည်တော် ဇူလိုင် ၂၃**

စက်မှုထုတ်ကုန်ဖြစ်သည့် ဝါသီးနှံသည် အမေရိကန်နှင့် အီးယူနိုင်ငံများမှ အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းကြောင့် အလားအလာကောင်းသည့် သီးနှံတစ်ခုအဖြစ် ရပ်တည်လာကြောင်း ဝါကုန်သည်များက ပြောကြားသည်။

“ဝါရဲ့ဈေးကွက်က အလားအလာ ကောင်းတယ်။ ပြည်ပကိုတင်ပို့နိုင်တဲ့ အရည်အသွေးရှိတဲ့ ဝါအမျိုးအစားတွေက ပြည်တွင်းစိုက်အမျိုးအစားထက် နိုင်ငံခြားဝင်ငွေပိုင်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၃၀ ဝန်းကျင်လောက် ပိုရတယ်။ ဈေးကွက်ပိုင်းမှာကလည်း တရုတ်နိုင်ငံကနေတစ်ဆင့် အိမ်နီးချင်းနယ်စပ်ကုန်သွယ်မှုကနေ ကမ္ဘာ့ဈေးကွက်ကိုသွားနိုင်တဲ့ လမ်းကြောင်းတွေရှိသလို အီးယူနဲ့ အမေရိကန်လိုနိုင်ငံမျိုးတွေရဲ့ အခွန်ကင်းလွတ်ခွင့်တွေရှိတာကြောင့် အလားအလာကောင်းတဲ့အတွက် တောင်သူတွေဝင်ငွေတိုးစေဖို့ အများကြီး အထောက်အကူပြုလာမယ်”ဟု ဝါကုန်သည်များအစုအဖွဲ့တာဝန်ခံ ဦးကျော်လင်းက ပြောကြားသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် အဓိကရည်မှန်းချက်(၃)ရပ်၊ ဝါသီးနှံ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၀)ချက်နှင့် ပိုးမွှားကာကွယ်ရေးဆိုင်ရာ နည်းပညာများကို ဝါစိုက်ခင်းအတွင်း တောင်သူများအား လက်တွေ့သရုပ်ပြမှုများ ပြုလုပ်ရန်ရှိကြောင်း၊ ထို့အပြင် ဌာနမှ ဖြန့်ဖြူးပေးနေသော ငွေချည်(၆)၊ ငွေချည်(၉)နှင့် ရွှေတောင်(၈) ဝါမျိုးများမှ မျိုးရိုးဗီဇ၊ အရည်အသွေး လက္ခဏာများကို ဝါစိုက်တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် တစ်ဧက ဝါပိဿာ ၁၀၀၀ ကျော် ထွက်ရှိရေးအတွက် အထွက်တိုးနည်းပညာ (၁၀)ချက်ကို တောင်သူများသိစေရန် ဗီနိုင်းစတေကာများထုတ်၍ တောင်သူများထံသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ တောင်သူကွန်ရက်ဝင် ဦးစိုးရွှေက “ဒီနှစ် ကျွန်တော်တို့မြို့နယ်မှာ ဝါမျိုးစေ့ ဖြန့်ဝေပေးထားလို့ တောင်သူတော်တော်များများ စိုက်ကြတယ်။ ပေါ်ချိန်မှာ တစ်ပိဿာကို ကျပ် ၇၀၀၀ ကျော် ဈေးရတယ်”ဟု ပြောသည်။ ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ထွက်ရှိလာသည့် ဝါများကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနှင့် ဝါစေ့အဖြစ် ကြိတ်ခွဲကာ ရရှိလာသည့်ဝါဂွမ်းကို ဖိစက်နှင့်ဖိပြီး စနစ်တကျ ထုပ်ပိုး၍ မန္တလေးရှိ စက်ရုံများ၊ ပြည်ပ ဝယ်လက်များထံသို့ တင်ပို့ရောင်းချနေကြောင်း ကုန်သည်များထံမှ သိရသည်။ မြန်မာနိုင်ငံတွင် ဝါကို မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

# ဖရဲ၊ သခွားမွှေး တန်ဖိုးကွင်းဆက်မြှင့်တင်ရေး တောင်သူအမြင်ဖွင့်သင်တန်းဖွင့်လှစ်

**ကန့်ဘလူ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ဖရဲ၊ သခွားမွှေးစိုက်တောင်သူများအတွက် အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေး တန်ဖိုးကွင်းဆက်မြှင့်တင်ရေးစီမံကိန်း GAP အမြင်ဖွင့်သင်တန်းကို ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

“စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဆိုတာ စိုက်ပျိုးထုတ်လုပ်စဉ်၊ ကိုင်တွယ်ထုပ်ပိုးစဉ်၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများမှာ ဖြစ်ပေါ်စေနိုင်တဲ့အန္တရာယ်များ လျော့နည်းစေရန် သို့မဟုတ် လုံးဝမဖြစ်စေရန် ကာကွယ်တဲ့ စိုက်ပျိုးရေး အလေ့အကျင့်များကို ခေါ်ပါတယ်”ဟု သင်တန်းတွင်ပို့ချသည့် ဆရာဦးဝင်းကျော်နိုင်က ပြောသည်။

စိုက်ပျိုးရေးဆိုင်ရာထွက်ကုန်များ၏ အရည်အသွေး ကျဆင်းပျက်စီးခြင်းနှင့် စားသုံးသူများအား အန္တရာယ်ဖြစ်စေမည့် ညစ်ညမ်းမှုများ ကူးစက်ခြင်းတို့သည် စိုက်ပျိုးသည်မှ စားသုံးသူထံရောင်းချချိန်အထိ အဆင့်တိုင်းတွင် ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အရည်အသွေးမှန်ကန်ရေးနှင့် အစားအစာ အန္တရာယ်ကင်းရှင်းရေးကို လုပ်ဆောင်ရမည်ဖြစ်၍ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ နည်းစနစ်များကို လိုက်နာစိုက်ပျိုးပြီး မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် သစ်သီးဝလံများကို တန်ဖိုးမြှင့်ထုတ်ကုန် ဖြစ်လာစေရေးနှင့် စားသုံးသူများအတွက်လည်း အန္တရာယ်ကင်းဝေးစေရေးအတွက် သင်တန်းပို့ချခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် GAP နည်းစနစ် စိုက်ပျိုးရေးပညာရပ်များကို ဆရာဦးဝင်းကျော်နိုင်၊ ဦးဥက္ကာနှင့် ဦးစောမင်းသိန်းတို့က ဆွေးနွေးပို့ချပြီး သင်တန်းသို့ တိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစောမြင့်၊ ဖရဲ သခွားမွှေးအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖရဲ သခွားမွှေးစိုက်ပျိုးသူ သင်တန်းသားတောင်သူ ၅၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းများကို ဇွန်လအတွင်းကလည်း ကသာ၊ ထီးချိုင့်၊ မြင်းမူ၊ အရာတော်နှင့် ခင်ဦးမြို့နယ်တို့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကာ ဇူလိုင်လအတွင်းတွင်လည်း ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ကသာ၊ထီးချိုင့်နှင့်ချောင်းဦးမြို့နယ်များတွင် ဆက်လက်၍ သင်တန်းများဖွင့်လှစ်ပေးနေကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဘဏ္ဍာရေးနှစ် အပြောင်းအလဲနှင့် မြန်မာနိုင်ငံ

ကျော်လင်း(ဆောက်လုပ်ရေး)

ပြက္ခဒိန်နှစ်ဆိုသည်မှာ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်၍ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ဆုံးသော နှစ် ၁ နှစ်ကို ဆိုလိုသည်။ တစ်ကမ္ဘာလုံးအသုံးပြုသည့် ပြက္ခဒိန်များအတိုင်း ပြဋ္ဌာန်းထားသည့် ရက်ပေါင်း ၃၆၅ ရက် (သို့မဟုတ်) ၃၆၆ ရက်ကို ပြက္ခဒိန်နှစ်(Calendar Year)ဟု ခေါ်သည်။

ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အမြင့်ဆုံးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ရသုံးမှန်းခြေငွေစာရင်း(ဘက်ဂျက်)ကို အသုံးပြုရန်ခွင့်ပြုသည့် ၁၂ လတာကာလ ဖြစ်သည်။ ၄င်းဘဏ္ဍာရေးနှစ်(Fiscal year)သတ်မှတ်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀၀ ကျော်တွင် ဒေသအလိုက် အမျိုးမျိုးကွဲပြားနေခဲ့သည်။

ပြက္ခဒိန်နှစ်(Calendar Year)အတိုင်း ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အဖြစ် သတ်မှတ်ထားသော နိုင်ငံပေါင်း ၁၅၆ နိုင်ငံရှိပြီး ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ရုရှား အပါအဝင် ဥရောပနိုင်ငံအများစု၊ နေသဟာယ မဟုတ်သော အာဖရိကနိုင်ငံအများစု၊ ဘရာဇီး၊ အာဂျင်တီးနား အပါအဝင် လက်တင်အမေရိကနိုင်ငံအများစု၊ အာရှမှ တရုတ်၊ ကမ္ဘောဒီယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားအပါအဝင် နိုင်ငံအချို့တို့သည် ပြက္ခဒိန်နှစ်(Calendar Year)အတိုင်း ဘဏ္ဍာရေးနှစ် (Fiscal Year)ကို ရေးဆွဲ ပြဋ္ဌာန်းအသုံးပြုလျက်ရှိသည်။

USA အပါအဝင် ထိုင်းနိုင်ငံ၊ ဂူအမ်၊ ဟေတီ စသည့်နိုင်ငံများသည် အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်၍ စက်တင်ဘာလ ၃၀ ရက်တွင်ပြီးဆုံးသော ဘဏ္ဍာနှစ်ကို အသုံးပြုသည်။ သို့သော်လည်း ကမ္ဘာပေါ်တွင် ထိုကာလအပိုင်းအခြားကို ဘဏ္ဍာ ရေးနှစ်အဖြစ် ဆောင်ရွက်သောနိုင်ငံ ၁၂ နိုင်ငံသာလျှင်ရှိသည်ကို တွေ့ရှိရသည်။

ကနေဒါနိုင်ငံအပါအဝင် ဗြိတိသျှ နေသဟာယ နိုင်ငံများ၊ အာဖရိက နိုင်ငံအချို့၊ ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံအချို့တို့သည် ဧပြီလ ၁ ရက်မှစတင်၍ မတ်လ ၃၁ ရက်နေ့တွင်ပြီးဆုံးသော ဘဏ္ဍာရေးနှစ်ကို လက်ရှိ အသုံးပြုနေကြသည်။ မြန်မာနိုင်ငံသည်လည်း ဘတ်ဂျက်နှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက် အထိ

**ဘဏ္ဍာရေးနှစ်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းသည် သက်ဆိုင်ရာနိုင်ငံအစိုးရများ၏ လုပ်ငန်းစဉ်သာဖြစ်၍ မိမိတို့နိုင်ငံ၏ ရာသီဥတု၊ လက်ရှိအခြေအနေတို့နှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းကြပါသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးနှစ်သည် လက်ရှိမုတ်သုံရာသီဥတုနှင့်လိုက်လျောညီထွေမှု မရှိဟု အားလုံးမှ ဝိုင်းဝန်းထောက်ပြလျက်ရှိနေကြပါသည်။ မြန်မာနိုင်ငံနှင့် အလားတူ မုတ်သုံရာသီဥတု နိုင်ငံများဖြစ်သော ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ အပါအဝင် အိန္ဒိယသမုဒ္ဒရာရှိ ကျွန်းနိုင်ငံများသည် ဇူလိုင်လ ၁ ရက်နေ့မှ စတင်သော ဘဏ္ဍာရေးနှစ်ကို အသုံးပြုကြသည်**

| ဘဏ္ဍာရေးနှစ်ကို ပြက္ခဒိန်နှစ်အတိုင်း ကျင့်သုံးသောနိုင်ငံများ | ဧပြီ ၁ ရက်မှ စ၍ မတ် ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသော နိုင်ငံများ | ဇူလိုင် ၁ ရက်မှစ၍ ဇွန် ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသောနိုင်ငံများ | အောက်တိုဘာ ၁ မှစ၍ စက်တင်ဘာ ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် ကျင့်သုံးသောနိုင်ငံများ |
|---|---|---|---|
| စုစုပေါင်း - ၁၅၆ နိုင်ငံ<br>**ဥပမာ**<br>Argentina<br>Austria<br>Brazil<br>Bulgaria<br>Colombia<br>France<br>Germany<br>Indonesia<br>Iraq<br>Israel | စုစုပေါင်း - ၃၃ နိုင်ငံ<br>**ဥပမာ**<br>Brunei<br>Hong Kong<br>India<br>Jamaica<br>Japan<br>Jersey<br>New Zealand<br>Singapore<br>South Africa<br>Swaziland | စုစုပေါင်း - ၂၀ နိုင်ငံ<br>**ဥပမာ**<br>Australia<br>Bahamas<br>Bangladesh<br>Bhutan<br>Christmas Island<br>Egypt<br>Kenya<br>Malawi<br>Tanzania<br>Uganda | စုစုပေါင်း - ၁၂ နိုင်ငံ<br>**ဥပမာ**<br>American Samoa<br>Haiti<br>Palau<br>Thailand<br>United States<br>Guam<br>Laos<br>Virgin Islands<br>North Mariana<br>Islands<br>Marshall Island |

ယနေ့တိုင် အသုံးပြုဆဲဖြစ်ပြီး ကမ္ဘာပေါ်တွင် ဧပြီလ ၁ ရက် ဘတ်ဂျက်နှစ်စတင်သည့် နိုင်ငံ ၃၃ နိုင်ငံ ရှိသည်။ UK နိုင်ငံသည် နှစ်စဉ် ဧပြီလ ၆ ရက်တွင် ဘက်ဂျက်နှစ် စတင်ပြီး ဧပြီလ ၅ ရက်တွင် ဘက်ဂျက်နှစ် ပြီးဆုံးသည်။


ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ ပါကစ္စတန် စသော နိုင်ငံများ၊ ဘဟားမား၊ ဩစတြေးလျစသော နိုင်ငံများ၊ အီဂျစ်၊ အီသီယိုးပီးယား၊ ကင်ညာ၊ မာလာဝီ စသော နိုင်ငံများ၊ အိန္ဒိယသမုဒ္ဒရာအတွင်းမှ မုတ်သုံရာသီဥတုရှိသည့် ကျွန်းနိုင်ငံများ စသော နိုင်ငံပေါင်း ၂၀ သည် ဇူလိုင် ၁ ရက်နေ့မှ စတင်၍ နောက်နှစ် ဇွန်လ ၃၀ တွင် ပြီးဆုံးသည့် ဘဏ္ဍာရေးနှစ်ကို ကျင့်သုံးကြပါသည်။

ဘဏ္ဍာရေးနှစ်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းသည် သက်ဆိုင်ရာနိုင်ငံအစိုးရများ၏ လုပ်ငန်းစဉ်သာဖြစ်၍ မိမိတို့နိုင်ငံ၏ ရာသီဥတု၊ လက်ရှိအခြေအနေတို့နှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းကြပါသည်။

မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးနှစ်သည် လက်ရှိ မုတ်သုံရာသီဥတုနှင့် လက်လျောညီထွေမှုမရှိဟု အားလုံးမှ ဝိုင်းဝန်းထောက်ပြလျက်ရှိနေကြပါသည်။ မြန်မာနိုင်ငံနှင့်အလားတူ မုတ်သုံရာသီဥတု နိုင်ငံများဖြစ်သော ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ အပါအဝင် အိန္ဒိယသမုဒ္ဒရာရှိ ကျွန်းနိုင်ငံများသည် ဇူလိုင်လ ၁ ရက်နေ့မှ စတင်သော ဘဏ္ဍာရေးနှစ်ကို အသုံးပြုကြသည်။ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့သည် မိုးဖြိုင်ဖြိုင်ရွာသောလများဖြစ်၍ ထိုလများတွင် တင်ဒါခေါ်ယူခြင်း၊ ပစ္စည်းစုဆောင်းခြင်း၊ အကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊ Planning ပြုလုပ်ခြင်း၊ Performance Grantee တင်သွင်းခြင်း၊ ယာယီရုံးများ၊ စတိုများ ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ကြ၍ ရာသီဥတုကင်းစင်သော အောက်တိုဘာလမှစ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ကြကာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရက်ဖြစ်သည့် ဇွန်လ ၃၀ ရက်တွင် လုပ်ငန်းများပြီးဆုံးနိုင်မည်ဖြစ်ရာ မုတ်သုံရာသီဥတုခံရသော နိုင်ငံများတွင် အသင့်တော်ဆုံးဖြစ်ကြောင်း တွေ့ရသည်။

ထို့အတူ ကမ္ဘာ့ဘဏ်(World Bank)၏ ဘဏ္ဍာရေးနှစ်သည်လည်း ဇူလိုင် ၁ ရက်မှ စတင်၍ ဇွန် ၃၀ ရက်တွင်ပြီးစီးရာ ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးနှစ်ကာလနှင့်လည်း တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရသည်။

| စဉ် | အကြောင်းအရာ | ဧပြီ ၁ ရက်မှစ၍ မတ် ၃၁ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် | ဇူလိုင် ၁ ရက်မှစ၍ ဇွန် ၃၀ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် | အောက်တိုဘာ ၁ မှစ၍ စက်တင်ဘာ ၃၀ ပြီးဆုံးသော ဘဏ္ဍာရေးနှစ် |
|---|---|---|---|---|
| ၁။ | ရန်ပုံငွေခွဲဝေခြင်း/ အသေးစိတ် ခန့်မှန်းခြေစာရင်းများ ရေးဆွဲခြင်း/ တင်ဒါခေါ်ယူခြင်း | ဧပြီ၊ မေ၊ ဇွန် | ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ | အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ |
| ၂။ | ပစ္စည်းစုဆောင်းခြင်း၊ စက်ယာဉ်ယန္တရား/လုပ်သား စုဆောင်းခြင်း | ဇူလိုင်၊ ဩဂုတ် စက်တင်ဘာ | စက်တင်ဘာ အောက်တိုဘာ | ဒီဇင်ဘာ၊ ဇန်နဝါရီ |
| ၃။ | ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | အောက်တိုဘာ မှ မတ်လအထိ | အောက်တိုဘာမှ မေလအထိ | ဇန်နဝါရီမှ မေလအထိ |
| | စုစုပေါင်း အလုပ်လုပ်ချိန် | ခြောက်လ | ရှစ်လ | ငါးလ |




အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ဘဏ္ဍာရေးနှစ်သည် ပြက္ခဒိန်နှစ်အတိုင်း ဖြစ်သော်လည်း ADB မှ စီမံကိန်း(Project)ပြုလုပ်သည့် နိုင်ငံများ၏ ဘဏ္ဍာရေးနှစ်အတိုင်း၊ ချေးငွေ၊ ထောက်ပံ့ငွေများပေးနိုင်ရန် စီမံထားသည်ကို တွေ့ရှိရသည်။

ဧပြီလ ၁ ရက်နေ့မှစတင်သည့် ဘဏ္ဍာရေးနှစ်၊ ဇူလိုင်လ ၁ ရက်တွင် စတင်သည့် ဘဏ္ဍာရေးနှစ်နှင့် အောက်တိုဘာလ ၁ ရက်တွင် စတင်သည့် ဘဏ္ဍာရေးနှစ်များကို အထက်ပါအတိုင်း မြို့ပြလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အချိန်ကာလကို ခွဲခြမ်းစိတ်ဖြာထားပါသည်။

အထက်ပါဇယားကို ကြည့်ခြင်းဖြင့် ဇူလိုင် ၁ ရက်တွင်စတင်သည့် ဘဏ္ဍာရေးနှစ်သည် မြို့ပြလုပ်ငန်းများကို ရှစ်လကြာ လုပ်ကိုင်နိုင်သည့် အများဆုံး အကျိုးသက်ရောက်မှုရှိသောကာလအဖြစ် တွေ့ရှိရသည်။

လက်ရှိဧပြီလ ၁ ရက်မှစတင်သော ဘဏ္ဍာရေးနှစ်ကို အကြောင်းအမျိုးမျိုးကြောင့် မပြောင်းလဲလိုလျှင် အခြားနိုင်ငံများမှာကျင့်သုံးနေသော ဘတ်ဂျက်ကို ၁၅ လထားသည့်စနစ် ကျင့်သုံး၍ ရနိုင်ပါသည်။ ဧပြီလ ၁ ရက်မှစသောလုပ်ငန်းများ မတ်လ ၃၁ ရက်တွင် မပြီးဆုံးလျှင် ဧပြီ၊ မေ၊ ဇွန် သုံးလ ထပ်မံတိုးမြှင့် လုပ်ဆောင်ခွင့်ပြုသည့်နည်းလမ်းဖြစ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြား အသုံးပြုလျက်ရှိပါသည်။

အကယ်၍ ဘဏ္ဍာရေးနှစ်ကာလ အပိုင်းအခြားကို ပြောင်းလဲမည်ဆိုပါလျှင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် အသုံးပြုနေသော ဘဏ္ဍာရေးနှစ်ကာလများနှင့် မုတ်သုံရာသီဥတုခံရသော နိုင်ငံများ၏ ဘဏ္ဍာရေးနှစ် ကာလများကို သိရှိနိုင်ရန်အတွက် အကြံပြု တင်ပြလိုက်ပါသည်။ ။

# ကျွန်တော်နဲ့ သက်ထားသက်



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

သက်ထားသက်က ကျွန်တော်တို့ရဲ့ တစ်ဦးတည်းသောသမီး။ သောကြာသမီးဖြစ်ပြီး အဘိုးနဲ့အဖေအမည်ပါအောင် သက်ကို အရှေ့အနောက်မှာ ထည့်ထားတာ။ လွန်ခဲ့တဲ့ လေးနှစ်က ကျွန်တော်တို့မိသားစု အမေရိကန်ပြည်ထောင်စုမှာ တက္ကသိုလ် တက်မယ့် သက်ထားကို လိုက်ပို့ခဲ့ကြတယ်။ ဒီတုန်းက သူက ၁၇ နှစ်ပဲ ရှိသေးတာ။ ကျောင်းအပ်၊ အဆောင်မှာနေရာချပြီး သူ့ရဲ့ဆရာ ဆရာမတွေ၊ အုပ်ချုပ်သူတွေနဲ့တွေ့ပြီး ပြန်လာခဲ့တယ်။ အဆောင်မှာထားခဲ့ရတဲ့သမီးကိုကြည့်ရင်း မျက်ရည်တွေက အလိုလိုကျလာတာ။ တက္ကသိုလ်တက်တာကို တစ်ဖက်က ဂုဏ်ယူသလို တစ်ယောက်တည်းထားခဲ့ရတာကို ဝမ်းနည်းနေမိတယ်။

သမီးကတော့ ဘဝရဲ့အသစ်အဆန်း ကဏ္ဍတစ်ခုကို ဖြတ်သန်းရတော့မှာမို့ စိတ်အားထက်သန်နေတာ တွေ့ရတယ်။ ဒါကိုမြင်တော့ စိတ်အေးရပြန်တယ်။ အထက်တန်းပြီးလို့ တက္ကသိုလ်တွေလျှောက်တုန်းက သမီးနဲ့ အငြင်းပွားခဲ့ရတယ်။ သူကတက္ကသိုလ် ၁၂ ခုလောက်ကိုလျှောက်ခဲ့တယ်။ အားလုံး သူ့ကို လက်ခံခဲ့တာ။ တချို့ကထောက်ပံ့ကြေး အပြည့်ပေးတယ်။ သူ့ကိုလက်ခံတဲ့ ကျောင်းတွေအနက် နယူးယောက်မြို့က တက္ကသိုလ်က နာမည်ကြီး။ နာမည်ကြီးလို့ ပြောတာက ကျွန်တော်သိတာကို ပြောတာပါ။

ကျွန်တော်က သိပ်သွားစေချင်တယ်။ သူကလက်မခံဘူး။ ကျွန်တော်နဲ့တူလို့ ထင်ပါရဲ့၊ ခေါင်းမာတယ်။ ဘူးဆိုဖရုံမသီးဘူး။ နောက်ဆုံးသူကြိုက်တဲ့ကျောင်းကိုပဲ လက်ခံခဲ့ရတယ်။ စိတ်ထဲကတော့ သိပ်ဘဝင် မကျလှဘူး။ သူကျောင်းတက်ပြီး နှစ်နှစ်မှာ အမေရိကန်တက္ကသိုလ်တွေရဲ့တန်းစီဇယားထုတ်တဲ့အခါ သူတက်နေတဲ့ကျောင်းက တစ်နိုင်ငံလုံးမှာ အဆင့် ၁၄ ဖြစ်နေပြီး ကျွန်တော် သွားစေချင်တဲ့ တက္ကသိုလ်က ၃၄ ဖြစ်နေတယ်။ ဒီစာရင်းကို ကျွန်တော့်ကိုပြပြီး သမီးက သူ့အဆုံးအဖြတ်မှန်ခဲ့တဲ့အကြောင်း ထောက်ပြခဲ့တယ်။ အဖေထက် သားတစ်လကြီးတဲ့ အဖြစ်။

လေးနှစ်ကျောင်းတက်ပြီး ဘွဲ့ယူဖို့အချိန်ရောက်လာခဲ့တယ်။ ကျွန်တော့်ရဲ့ဇနီးက ဒီခရီးအတွက် ခြောက်လကျော်ကတည်းက ပြင်ဆင်ခဲ့တာ။ ခရီးစဉ်ကို ကျကျနန ရေးဆွဲပြီး ဘွဲ့ယူပြီးရင် အလည်အပတ် ခရီးထွက်ဖို့လည်း အစီအစဉ်ရေးဆွဲခဲ့တယ်။ ဘွဲ့နှင်းသဘင်အခမ်းအနားရက် မတိုင်မီ သုံး၊ လေးရက်ကြိုရောက်အောင် ဟောင်ကောင်မြို့ကတစ်ဆင့် ခရီးထွက်ခဲ့ကြတယ်။

ခရီးကလည်းဝေး၊ တစ်ဖက်ကလည်း နေ့ညမှားတဲ့ ဒုက္ခကလည်းရှိနေတာမို့ အခုလိုကြိုတင်ထွက်ခဲ့တယ်။ ဇနီးရဲ့တူမက တစ်မြို့တည်းနေတော့ အတော်လေးအဆင်ပြေတယ်။ သူ့အိမ်မှာ နှစ်ရက်လောက်နားပြီး ဘွဲ့နှင်းသဘင် အခမ်းအနား မကျင်းပမီ တစ်ရက်အကြို သမီးရဲ့ကျောင်းကို သွားခဲ့ကြတယ်။ ဘွဲ့နှင်းသဘင်ကျင်းပမယ့် နေ့မတိုင်မီ ကြိုတင်အစီအစဉ်အနေနဲ့ တက္ကသိုလ်မှာရှိတဲ့ ဌာနအသီးသီးက ဌာနရှိတဲ့နေရာတွေရဲ့ အရှေ့မှာ အကျွေးအမွေးတွေနဲ့ ညှော့်ခံခဲ့တယ်။ ကျွန်တော်တို့အဖွဲ့ဟာ သမီးရဲ့လမ်းညွှန်မှုနဲ့ သူတက်ခဲ့တဲ့ ဌာနတွေကို သွားခဲ့ကြတယ်။ ညှော့်ခံကျွေးမွေးတာတွေကို စားသောက်ကြပြီး သူ့ကို စာသင်ပေးတဲ့ ပါမောက္ခတွေကို နှုတ်ဆက်ခွင့်ရခဲ့တယ်။ နိုင်ငံရေးသိပ္ပံဌာနမှာ ပါမောက္ခတစ်ဦးက မြန်မာနိုင်ငံသား ဒေါက်တာ ဦးထွန်းမြင့်။ သူကသမီးရဲ့ကြိုးစားအားထုတ်မှုတွေနဲ့ ပတ်သက်ပြီး အားရကျေနပ်ကြောင်း ကျွန်တော်တို့ကို ပြောပြခဲ့တယ်။

သူ့ရဲ့တက္ကသိုလ်က ပါမောက္ခချုပ်အိမ်မှာလည်း ညှော့်ခံကျွေးမွေးတယ်။ ကျွန်တော်တို့ကိုသမီးက မိတ်ဆက်ပေးတဲ့အခါ ပါမောက္ခချုပ်က သမီးရဲ့ထူးချွန်အောင်မြင်မှုတွေကို အားရပါးရ ချီးမွမ်းခဲ့တယ်။ မိဘလုပ်သူအတွက် ပီတိဖြစ်ရတာ။ အခုလို ဘွဲ့နှင်းသဘင်မတိုင်မီ ကြိုတင်လုပ်တဲ့ အစီအစဉ်ကို သိပ်သဘောကျတယ်။ နွေးထွေးမှုအပြည့်၊ မိဘတွေရော၊ ဘွဲ့ရသူတွေရော၊ ဆရာဆရာမတွေရော ရင်းရင်းနှီးနှီးရှိစေတာ။ ကျွန်တော်တို့ဆီမှာလည်း ဒီလိုလုပ်ပေးနိုင်ရင် သိပ်ကောင်းမှာ။

နောက်တစ်နေ့ မနက်စောစော ကျွန်တော်တို့အဖွဲ့ သမီးရဲ့ဘွဲ့ယူမယ့် အခမ်းအနားကို ထွက်ခဲ့ကြတယ်။ သမီးရဲ့အစ်ကိုဝမ်းကွဲနဲ့ ကျွန်တော်က ပုဆိုးနဲ့တိုက်ပုံ၊ ဇနီးနဲ့သူ့တူမတွေက မြန်မာဝတ်စုံနဲ့။ သမီးကလည်း သူ့မိခင် မြန်မာပြည်ကယူလာတဲ့ မြန်မာဝတ်စုံ။ သမီးရဲ့ဝတ်ရုံအပေါ်မှာ မြန်မာနိုင်ငံအလံ သုံးရောင်ခြယ်ကို ပဝါလိုခြုံထားတယ်။ ကျွန်တော်တို့က နေရာကောင်းကောင်းရအောင် စောစောထွက်ခဲ့ပေမယ့် အခမ်းအနားရောက်တဲ့အချိန်မှာတော့ ခုံတွေမှာ ကိုယ့်ထက်ဝီရိယကောင်းတဲ့သူတွေက ရောက်နှင့်နေပြီ။ အခမ်းအနားက တက္ကသိုလ်ရဲ့မြက်ခင်းပြင်မှာ ကျင်းပတာ။ စင်မြင့်ပေါ်မှာတော့ အခမ်းအနားလုပ်မယ့်နေရာကို ကျကျနနခင်းကျင်းထားတာ။ ဘွဲ့ယူမယ့် ကျောင်းသားတွေရဲ့ နိုင်ငံအလံတွေကိုလည်း လွှင့်ထူထားတယ်။ နွေရာသီမို့ ရာသီဥတုကလည်း သိပ်သာယာတာ။

ပါမောက္ခချုပ်နဲ့ ပါမောက္ခတွေက ဝတ်ရုံအပြည့်အစုံနဲ့ နေရာယူကြပြီး အခမ်းအနားစတင်ခဲ့တယ်။ သူတို့တစ်တွေဟာ ဝတ်ရုံရောင်စုံရထားတဲ့ ဘွဲ့တွေအပေါ် အခြေခံပြီး ဝတ်ဆင်ထားတာ။ ပါမောက္ခချုပ်က မိန့်ခွန်းပေး ပြီး ဘွဲ့ယူတဲ့ကျောင်းသားတစ်ဦးချင်းကို ဘွဲ့လက်မှတ်အပ်နှင်း ခဲ့တယ်။ သမီးအလှည့်မရောက်မီ သူ့မိခင်နဲ့မောင်နှမတွေက ဓာတ်ပုံကောင်းကောင်းရိုက်ဖို့ စင်မြင့်အနီးသွားပြီး အားရပါးရ ရိုက်နေကြတယ်။ ကျွန်တော်တစ်ဦးတည်း ထိုင်ခုံမှာ။ သမီးအလှည့်ရောက်တော့ သက်ထားသက်လို့ အခမ်းအနားမှူးက ကြေညာလိုက်တာ သမီးက စင်မြင့်ပေါ်တက်ပြီး ပါမောက္ခချုပ်ဆီက ဘွဲ့လက်မှတ်ကို ယူခဲ့တယ်။ သူ့ကိုကြည့်ရင်း ကျွန်တော် မျက်ရည်ကျခဲ့တယ်။

ဘယ်ကရောက်လာသလဲမသိဘူး။ မျက်ရည်တွေက အလိုလိုစီးကျလာတာ။ ဝမ်းသာလို့ကျတဲ့မျက်ရည် ရင်ထဲဆို့နေတာပဲ။ သမီးလေးအခုလို ထူးထူးချွန်ချွန်နဲ့ ဘွဲ့ရတာကို ကြည်နူးရသလို သူ့ကိုယ်စားဂုဏ်ယူပါတယ်။ အောင်မြင်မှုဟာ သူ့ရဲ့အောင်မြင်မှုဖြစ်တယ်။ မိဘရဲ့တာဝန်ကျေပွန်အောင် ကျွန်တော်တို့ ကြိုးစားရပေမယ့် အမှန်တော့ သူ့ရဲ့အောင်မြင်မှုဟာ သူ့ရဲ့ကိုယ်ပိုင်အားထုတ်မှုသာဖြစ်တယ်။ ပိုပြီး ကျေနပ်ရတာက သူ့ရဲ့သုတေသနစာတမ်းကို ဂုဏ်ထူးပေးခဲ့တာဖြစ်တယ်။

ဘွဲ့နှင်းသဘင်အခမ်းအနားက ပေါ့ပေါ့ပါးပါးရှိလိုက်တာ။ တချို့မိဘတွေဆိုရင် ရိုးရိုးပဲ ဝတ်ဆင်ထားကြတယ်။ ဘွဲ့ယူတဲ့ ကျောင်းသား ကျောင်းသူ အချို့ကလည်း သာမန်အဝတ်အစားတွေနဲ့။ ဘောင်းဘီတိုနဲ့ ဘွဲ့တက်ယူတဲ့ကျောင်းသားတစ်ဦးကိုလည်း တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ ဘွဲ့ယူရတာက ခက်ခဲလိုက်တာ။ ဝတ်စားဆင်ယင်မှုကလည်း အလုပ်ကြီးတစ်ခု။ လက်ဝတ်လက်စားတွေကိုလည်း အပြည့်အစုံ။ ဘွဲ့ယူတဲ့သဘောသဘာဝပပျောက်နေသလိုပဲ။

ဘွဲ့ယူတဲ့ကျောင်းသားကျောင်းသူတွေက ၅၀၀ ကျော်။ အားလုံးယူပြီးတော့ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ခြင်းခံရတဲ့ အမျိုးသမီးက မိန့်ခွန်းပေးခဲ့တယ်။ သိပ္ပံပညာရှင်တစ်ဦး၊ အစိုးရဝန်ထမ်းဖြစ်ခဲ့သလို တက္ကသိုလ်တွေမှာလည်း စာသင်ခဲ့သူ။ သူက ဘွဲ့ရတဲ့သူတွေကိုအားပေးစကားပြောခဲ့တယ်။

ဘွဲ့နှင်းသဘင်အခမ်းအနားပြီးချိန်မှာ မြက်ခင်းပြင်အနီးမှာ ညှော့်ခံကျွေးမွေးခဲ့ပြန်တယ်။ ဘွဲ့ရကျောင်းသား ကျောင်းသူတွေလည်း မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ဆရာ ဆရာမတွေနဲ့ ရင်းရင်းနှီးနှီးနှုတ်ဆက်နေကြပြီး ဓာတ်ပုံတွေရိုက်နေကြတယ်။ ကျွန်တော်တို့အဖွဲ့လည်း ဓာတ်ပုံတွေရိုက်ကြပြီး စားသောက်ကြတယ်။ သမီးကိုလည်း သူ့စိတ်ကြိုက်သူငယ်ချင်းတွေနဲ့အချိန်ပေးစေခဲ့တယ်။

ညနေရောက်တော့ သမီးရဲ့အဆောင်ပြန်ပြီး သူ့ရဲ့ပစ္စည်းတွေ၊ အထုပ်အပိုးတွေကို သိမ်းဆည်းပြီး တည်းခိုတဲ့ တူမအိမ်ယူဖို့ စီစဉ်ခဲ့ရတယ်။ ဘွဲ့ရတဲ့ကျောင်းသားကျောင်းသူတွေဟာ ဘွဲ့ယူပြီးတဲ့နေ့မှာ အဆောင်ကထွက်ပေးရတယ်။ သမီးရဲ့အခန်းဖော် လေးဦး။ သမီးရဲ့တာဝန်က အားလုံးပြီးချိန်မှာ အခန်းကို သန့်ရှင်းရေးလုပ်ပေးရတာ။ ဒါကြောင့် အထုပ်တွေ အကြိမ်ကြိမ်သယ်ပိုးပြီး အခန်းသန့်ရှင်းရေးလုပ်တာကို စောင့်ခဲ့ရတယ်။ သမီး စက်နဲ့ကြမ်းတိုက်နေတာကြည့်ပြီး စိတ်မကောင်းဖြစ်ရပြန်တယ်။ သူ့ဘဝကလည်း ပင်ပန်းလိုက်တာ။ သူတို့သားအမိတွေက ကားတစ်စီးနဲ့ ပစ္စည်းတွေသယ်နိုင်သလောက်သယ်ပြီး သွားကြတယ်။ ကျွန်တော်နဲ့သမီး အစ်ကိုကတော့ ကျန်တဲ့ ပစ္စည်းတွေနဲ့ ကားနောက်တစ်စီးနဲ့ပြန်ခဲ့တယ်။

အိမ်ရောက်တော့မှပဲ စိတ်ထဲဒုန်းဒုန်းချနိုင်တော့တယ်။ သမီးရဲ့ဘွဲ့ယူတဲ့အခမ်းအနားက တစ်သက်လုံး အမှတ်ရနေမယ့် အရာသာဖြစ်တယ်။အထူးခြားဆုံးကတော့ အခမ်းအနားရဲ့ ပေါ့ပါးမှုပဲ။ အခမ်းအနားရဲ့အာရုံက ဘွဲ့ယူတဲ့ ကျောင်းသားကျောင်းသူတွေအပေါ်မှာပဲရှိတာ။ ကျန်တဲ့ ပကာသနတွေကို အရေးမပေးခဲ့ဘူး။ သမီးရဲ့ကျောင်းဟာ ၁၈၆၆ ခုနှစ်မှာ တည်ထောင်ခဲ့တာမို့ နှစ်ပေါင်း ၁၅၀ ကျော်ပြီ။ အမည်က ကာ(ပ်)တန်ကောလိပ်၊ မီနီစိုးတာပြည်နယ်မှာ။ အမေရိကန် တက္ကသိုလ်ပညာရေးနဲ့ ရင်းနှီးသူတိုင်း နာမည်ကြီးတဲ့ ကျောင်းတစ်ခုအနေနဲ့ သတ်မှတ်ခြင်းခံရတဲ့ကျောင်း။ သမီးရဲ့အဆုံးအဖြတ်မှန်ကန်ခဲ့တာကိုလည်း အကြိမ်ကြိမ်အသိအမှတ်ပြုခဲ့ပါတယ်။

ဘွဲ့ယူပြီးပြန်တော့လည်း သမီးရဲ့ရှေ့ရေးအတွက် စဉ်းစားရပြန်ရော။ ကျွန်တော်ကတော့ ဘွဲ့ယူပြီးရင် ဘွဲ့လွန်သင်တန်းကို ဆက်တက်စေချင်တာ။ သူက ဘွဲ့လွန်သင်တန်းမတက်မီ အလုပ်လုပ်ချင်သေးတာ။ အခုခေတ်လူငယ်တိုင်းက အခုလိုပဲ ရွေးချယ်ကြတာ။ ဒါကြောင့်လည်း သူကိုယ်တိုင်လျှောက်ပြီး ရတဲ့အလုပ်ကိုပဲ လုပ်ချင်တဲ့ဆန္ဒရှိတယ်။ အလုပ်ကလည်း သူ့ကျောင်းရှိတဲ့မြို့မှာပဲ။ ကျွန်တော်ကတော့ မိဘနဲ့နီးနီးနားနားမှာ အလုပ်လုပ်စေချင်တာ။ ဒါပေမယ့် သူ့သဘောက အဖေ့ကြောင့် အလုပ်ရတာကို မဖြစ်စေချင်ဘူး။ အဖေ့ရဲ့အရှိန်အဝါကို မသုံးချင်ဘူး။ သူ့ခြေထောက်ပေါ် သူရပ်ချင်တာ။ အမှန်တော့လည်း ဒီလိုပဲ ဖြစ်သင့်တာပါ။ ကိုယ်ကတော့ စိုးရိမ်မှု၊ စိတ်ပူမှုတွေက မျိုးစုံ။ မိခင်လုပ်သူက ပိုဆိုးသေးတယ်။ မိဘတွေက သူပင်ပန်းမှာ စိုးရိမ်ပေမယ့် သူက လွတ်လွတ်လပ်လပ်ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်တယ်။ သူ့ရဲ့ ကိုယ်ပိုင်အရည်အချင်းကို အားကိုးချင်တယ်။ မှန်ကန်တဲ့အတွေးသာ ဖြစ်တယ်။ ကိုယ်ကတော့ ဘာလုပ်ပေးရမလဲဆိုတာကို အမြဲစဉ်းစားနေတာမို့ မလုပ်ပေးရတာကို အားမရဖြစ်မိတယ်။

> **မိဘတွေက သူပင်ပန်းမှာ စိုးရိမ်ပေမယ့် သူက လွတ်လွတ်လပ်လပ် ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်တယ်။ သူ့ရဲ့ ကိုယ်ပိုင်အရည်အချင်း ကို အားကိုးချင်တယ်။ မှန်ကန်တဲ့အတွေးသာ ဖြစ်တယ်။ ကိုယ်ကတော့ ဘာလုပ်ပေးရမလဲဆိုတာကို အမြဲစဉ်းစားနေ တာမို့ မလုပ်ပေးရတာကို အားမရဖြစ်မိတယ်**

သမီးက ဘွဲ့လွန်သင်တန်းတက်ပြီး ပါရဂူဘွဲ့ယူမယ်လို့ ကျွန်တော့်ကို ကတိပေးတယ်။ ကျွန်တော်က သူ့ရဲ့ဆန္ဒကို အားပေးတယ်။ ထောက်ခံတယ်။ ပညာရေးကို အမြဲရှေ့တန်းတင်တဲ့ ကျွန်တော်အဖို့ အခုလို ကျွန်တော့်ရဲ့သမီးကလည်း ပညာရေးလောဘကြီးတာကို ကျေနပ်နေမိတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်ယောက်ကတော့ သူ့ကိုစိတ်ချမ်းသာ စေချင်တာပါပဲ။ သက်သက်သာသာ ဖြစ်စေချင်တယ်။ ပင်ပန်းတာကို မလုပ်စေချင်ဘူး။ ဒါကမိဘတိုင်းရဲ့ စေတနာသာဖြစ်ပါတယ်။

သမီးဟာ မျိုးရိုးလိုက်လို့ထင်ပါရဲ့ နောက်ဆုံးနှစ်မှာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌရာထူးကို အရွေးခံခဲ့တယ်။ ဒါကို လုပ်မယ့်အကြောင်း ကျွန်တော်တို့ကို မပြောခဲ့ဘူး။ ရွေးကောက်ပွဲဝင်ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရတာ။ နောက်ဆုံး သူအရွေးခံခဲ့ရတယ်။ ဒီအကြောင်း ကြားရတော့ ကျွန်တော်က သိပ်ကျေနပ်ခဲ့တယ်။ မိခင်လုပ်သူကတော့ စိတ်ပူတာ။ ကျောင်းစာကို ထိခိုက်မှာလည်း တစ်ဖက်က စိတ်ပူတာ။ ကျွန်တော်ကတော့ ကျေနပ်မိတယ်။ နိုင်ငံရေးသွေးပါလာတာကို ဂုဏ်ယူမိတယ်။ ကျွန်တော်တို့ဆီမှာတော့ နိုင်ငံရေးလုပ်ရတာက မလွယ်လှဘူး။ အန္တရာယ်ကြီးတယ်။ ကျွန်တော်က ကိုယ်တွေ့၊ ကိုယ်တိုင် မလုပ်ပေမယ့် လုပ်ခဲ့တဲ့အမျိုးတွေကြောင့် မီးခိုးကြွက်လျှောက်ခံခဲ့ရတာ။ ဒါပေမယ့် ယုံကြည်ချက်နဲ့ လုပ်တာကို ကျွန်တော်က လက်ခံတယ်။ မှားတယ် မှန်တယ်ဆိုတာကတော့ အချိန်က အဆုံးအဖြတ်ပေးမှာပါပဲ။ မိဘတိုင်းဟာ ကျွန်တော်တို့နှစ်ယောက်လိုပဲ ခံစားကြလိမ့်မယ်လို့ထင်ပါရဲ့ သားသမီးတွေကို ကောင်းစားစေချင်တာ၊ စိတ်ချမ်းသာစေချင်တာ၊ စိတ်ပူတာ၊ စိုးရိမ်တာ၊ ဝမ်းနည်းတာ၊ ဝမ်းသာတာ ဒီခံစားချက်တွေဟာ မိဘဖြစ်တဲ့ ရလဒ်သာဖြစ်ပါတယ်။

---

## သီပေါမြတ်မွန်စေတနာလူမှုကူညီရေးအသင်း စုံညီအစည်းအဝေးကျင်းပ

**သီပေါ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြတ်မွန်စေတနာလူမှုကူညီရေး (နာရေး) အသင်း စုံညီအစည်းအဝေးနှင့် မီးသင်္ဂြိုဟ်လောင်တိုက် တည်ဆောက်ရေးတွင် ပါဝင်ကူညီလှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၀ ရက်က အနောက်ရပ်ကွက် ရှိ မြတ်မွန်စေတနာအသင်းရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြတ်မွန်စေတနာအသင်းဥက္ကဋ္ဌ ဦးအောင်ခင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်းက မီးသင်္ဂြိုဟ်လောင်တိုက်တည်ဆောက်ရာ၌ ကုန်ကျမည့်တန်ဖိုးမှာ ငွေကျပ် ၃၇၈ သိန်းဖြစ်ကြောင်း၊ ယခုအလှူရှင် ၄၂၃ ဦးလှူဒါန်းငွေမှာ ငွေကျပ် ၃၆၂ သိန်းဖြစ်ကြောင်းနှင့် အလှူငွေလက်ခံရရှိမှုအခြေအနေများကို တင်ပြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက စည်ပင်သာယာရေးဌာန၏ စည်းကမ်း၊ ဥပဒေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက အသင်းကြီးရေရှည်တည်တံ့စေရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။ အကြံပြုချက်များကို အသင်းတွဲဖက်အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းကာ အလှူရှင်များကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

## စတုတ္ထအကြိမ်မြောက် စာပေကျမ်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများလှူဒါန်း

**ဇီးကုန်း ဇူလိုင် ၂၃**

မြို့နယ်လုံးဆိုင်ရာ ဓမ္မရက္ခိတအသင်းမှမြို့ပေါ်ရှိ စာသင်၊ စာချသော တဲဇနအရှင်သူမြတ်များအား စာပေကျမ်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင်လတတိယပတ်က ရတနာသီရိလမ်း ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်းရှိ သီရိရတနာ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်ဗဟိုဝန်ဆောင် သမားတော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဦးဇောတိပါလနှင့် မြို့နယ်သံဃနာယကသြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ်လုံးဆိုင်ရာဓမ္မရက္ခိတ အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ယင်းနောက် ယခုနှစ်တွင်စာသင်၊ စာချသော တဲဇန အရှင်သူမြတ် ၅၃ ပါးတို့အား ကျမ်းစာအုပ်သင်ထောက်ကူပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေ စုစုပေါင်းငွေကျပ် ၁၀၉၃၇၅၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ဇီးကုန်း)**

# စွယ်တော်ရိပ်ဖောင်ဒေးရှင်း
# နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားခြင်း

စက်မှုတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ နှင့် ဗိသုကာ ဆရာ၊ ဆရာမများ၏ ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်မှုအတွက် စက်မှုတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ နှင့် ဗိသုကာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ၂၀၁၃ မေလ ၂၆ရက်နေ့တွင် စတင် တည်ထောင်သော စွယ်တော်ရိပ်ဖောင်ဒေးရှင်း နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ၂၀၁၇ ဩဂုတ်လ (၂၀) ရက် တနင်္ဂနွေနေ့၊ နေ့လည် (၁)နာရီ မှ (၃) နာရီ စက်မှုခန်းမ ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်သဖြင့် စက်မှုတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ နှင့် ဗိသုကာ ဆရာ၊ ဆရာမများ၊ အင်ဂျင်နီယာ နှင့် ဗိသုကာကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်နိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

စက်မှုတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ နှင့် ဗိသုကာ ဆရာ၊ ဆရာမများ၏ ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်မှုအတွက် ဆွေးနွေးအကြံပြုလိုသည်များကို ၂၀၁၇ ဩဂုတ်လ (၁၂) ရက် နောက်ဆုံးထားပြီး sdyfec@gmail.com သို့ email ဖြင့် ဖြစ်စေ၊ စွယ်တော်ရိပ်ဖောင်ဒေးရှင်းအလုပ်အမှုဆောင်ကော်မီတီ၊ အမှတ် ၁၁၇ ဂျေ၊ သုဒ္ဓသနလမ်း၊ သုမင်္ဂလာ အိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်သို့ စာဖြင့် ဖြစ်စေ ပေးပို့နိုင်ပါသည်။

စွယ်တော်ရိပ်ဖောင်ဒေးရှင်း သင်းဖွဲ့စည်းမျဉ်း၊ ယာယီ အလုပ်အမှုဆောင် ကော်မီတီဝင်များစာရင်း၊ အလှူငွေနှင့် အလှူရှင်စာရင်း၊ လစဉ် ရသုံးငွေရှင်းတမ်း၊ဘဏ်ငွေစာရင်းများကို https://www.facebook.com/groups/1416651828602692/ တွင်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက် စက်မှုတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ အသက် (၆၀) ကျော် အင်ဂျင်နီယာ နှင့် ဗိသုကာ ဆရာ၊ ဆရာမများစာရင်းကို စတင်ပြုစုနေပြီ ဖြစ်ပါသဖြင့် သက်ဆိုင်ရာ တက္ကသိုလ်အလိုက် အသက် (၆၀) ကျော် အင်ဂျင်နီယာ နှင့် ဗိသုကာ ဆရာ၊ ဆရာမများစာရင်းကို sdyfec@gmail.com သို့ email ဖြင့် ပေးပို့နိုင်ပါသည်။

**ဆက်သွယ်ရန်**

**ရန်ကုန်**- ဦးဝင်းထိန်ဦး(Mech 72) 09-5170399(whomech72@gmail.com) ၊ **မန္တလေး**- ဦးတင်လတ် (Mech 85)09-2044382 (tinlatt.mes@gmail.com)
**နေပြည်တော်**- ဦးဝင်းနိုင် (Civil 80) 09-5014942၊ **စင်္ကာပူ** - ဦးဇော်ဝင်းထွဋ် (Mech 91) 65-93885993(zawwhtut@gmail.com) ၊
ဦးဇော်ထွန်းနိုင်(Aero 95) 65-96231637(ztnkmyzha@yahoo.com)၊ ဒေါ်ခိုင်ခိုင်ဝင်း (EC 95) 65-91183646 ၊
**ဩစတြေးလျ** - ဦးစိန်ဝင်း (Civil 80)+61-402079529 (sein.win@live.com.au) **အမေရိကား**- ဦးလှမင်း(EC69) (u.hal.min@gmail.com)၊
**စွယ်တော်ရိပ်ရုံးအဖွဲ့** - အမှတ် ၁၁၇ ဂျေ၊ သုဒ္ဓသနလမ်း၊ သုမင်္ဂလာ အိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့၊ မရီမွန်အိ၊ 09 767045001။

---

**ဖခင် အမည်မှန်**

လားရှိုးမြို့၊ အလက(၉)၊ အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်း(B)မှ မပိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းစိုး ၉/မထလ(နိုင်)၂၉၄၀၄၇ ဖြစ်ပါကြောင်း။

---

**နိုင်ငံသားစိစစ်ရေး နံပါတ်မှန်**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် နောက်ဆုံးနှစ် မောင်ဝင်းထွန်းဇော်၏ဖခင် ဦးတင်ငွေ၏ နိုင်ငံသားစိစစ်ရေးနံပါတ်အမှန်မှာ ၉/လဝန(နိုင်)၀၇၉၀၃၀ ဖြစ်ပါကြောင်း။

---

**ဖခင် အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ အထက(ဇင်းကျိုက်)၊ တက္ကသိုလ်ဝင်တန်းမှ မအေးထက်မွန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအိုင်စတိုင်း ၁၀/ပမန(နိုင်)၁၇၆၈၁၅ ဖြစ်ပါကြောင်း။
**ဦးအိုင်စတိုင်း**

---

**စာအုပ်စာပေလှူ မိတ်ဆွေ**

---

**ဖခင်အမည်မှန်**

မိုင်းရယ်မြို့နယ်၊ ဟိုယ အထက(ခွဲ) ပဥ္စမတန်းမှ မနန်းလောင်ငင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလှရွှေ ဖြစ်ပါကြောင်း။

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းဗညားထွန်း ၃/ကကရ(နိုင်) ၁၃၀၈၆၀၏ ပတ်စ်ပို့ (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၉၂၈၅၅၆၃**

---

## ဝန်ထမ်းအလိုရှိသည်

**Marketing Manager** **ကျား (၁) ဦး**

ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရမည်။

- ဘွဲ့ရဖြစ်ရမည်။
- Marketingနှင့်ပတ်သက်၍ ဒီပလိုမာတစ်ခု အနည်းဆုံးရရှိရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အရောင်းဈေးကွက်၊ ရောင်းအားမြှင့်တင်ရေးအတွက် Plan ရေးဆွဲနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက် ရှိရမည်။
- ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း မိတ္တူ၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် အောက်ပါဖုန်းနံပါတ်သို့ Viber နှင့် Email တို့မှ ပေးပို့လျှောက်ထားနိုင်သည်။
- **ဆက်သွယ်ရန်ဖုန်း- 0941001886,**
**Email-nnt641987@gmail.com**
**အရှေ့မြောက်တံခါးသစ်သီးကုမ္ပဏီ**

---

## ဝန်ထမ်းခေါ်ယူခြင်း

Alliance Stars Engineering Co.,Ltdတွင် တာဝန်ထမ်းဆောင်ရန်အတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ယှဉ်တွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

1. General Manager [M.E (or) B.E (Civil)] -(၁) ဦး
2. Asst: General Manager [B.E(Civil)/B.E(Mechanical)] -(၂) ဦး
3. Manager [B.E(Civil)/B.E(Mechanical)/ M.Sc(Engineering Geology)] -(၃) ဦး

- အထက်ပါရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံ
အမှတ်စဉ်(၁)အတွက် လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်နှင့်အထက်
အမှတ်စဉ်(၂)အတွက် လုပ်ငန်းအတွေ့အကြုံ(၇)နှစ်နှင့်အထက်
အမှတ်စဉ်(၃)လုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့် အထက်ရှိရမည်။
- Auto CAD အသုံးပြုနိုင်ရမည်။
- Self-motivation ရှိရမည်။
- အစိုးရရုံးဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်လုပ်ကိုင်နိုင်ရမည်။
- နယ် Project များတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာ (CV)၊ ဘွဲ့လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ အထောက်အထားများဖြင့် အောက်ပါလိပ်စာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

**Address: အမှတ်(၅)၊ အနောက်မေခလမ်းသွယ်(၁)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်။**
**Ph:656800, 656801, 656802, email:gteoffice@alliancestars.biz**

---

# AMERICAN COLLEGE PROGRAM
(Awarded by ACT, USA)
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

CROWN EDUCATION · ROYAL ACADEMIC INSTITUTE · ACT

၁။ အမေရိကန်တက္ကသိုလ်များသို့ ပညာသင်ဆုနှင့် တိုက်ရိုက်တက်ရောက်ခွင့်အတွက် အများဆုံးဖြေဆိုကြသော ACT (American College Test) နှင့် CROWN Education ( မြန်မာ) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင် (၁)နှစ်ကြာ သင်ကြားမည့် American College Program ၏ အပတ်စဉ် (၁၂) ကို ဩဂုတ်လ ၂၀၁၇ တွင် ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် သင်တန်းဝင်ခွင့်များကို CROWN Education တွင် စတင်လျှောက်ထားနိုင်ပါသည်။

၂။ မိမိဝါသနာကို မသိရှိသေးသည့် ကျောင်းသားကျောင်းသူများအတွက် ဤပရိုဂရမ်မှ Business, Engineering, Psychology, Social Science, Computing ဘာသာရပ်များ၏ အခြေခံသဘောတရားများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး ဤ ပရိုဂရမ်ပြီးဆုံးပါက မိမိတို့နှင့် သင့်လျော်မည့် ဘာသာရပ်ကို နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် ဆက်လက် ပညာသင်ကြားနိုင်မည်။

၃။ နိုင်ငံတကာတက္ကသိုလ်များတွင် ကျောင်းသား /သူများလိုအပ်မည့် Independent Learning, Problem Solving & Critical Thinking, Analysis, & Global Issues, Research Skills များအပြင် IELTS နှင့် ACT (SAT နှင့် တူညီသော) ဖြေဆိုနိုင်ရန် တစ်ချိန်တည်း ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤ ပရိုဂရမ်သည် အမေရိကန်တက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များမှ အသိအမှတ်ပြုသော အမေရိကန်(၁၂)တန်းနှင့် ညီမျှပြီး အင်္ဂလန်နှင့် ဩစတြေးလျ တက္ကသိုလ်များအတွက် GCE 'A' အဆင့်နှင့် ညီမျှပါသည်။

၄။ ဤ ပရိုဂရမ် အောင်မြင်ပြီးဆုံးပါက အမေရိကန်တက္ကသိုလ်(၇၀)ခု၊ ဩစတြေးလျတက္ကသိုလ်(၃၀)ခု၊ အင်္ဂလန်တက္ကသိုလ်(၄၀)ခု ၊ စင်္ကာပူတက္ကသိုလ်(၅)ခု၊ မလေးရှားတက္ကသိုလ်(၄)ခုနှင့် ထိုင်းတက္ကသိုလ်(၄)ခုတို့မှ တရားဝင်အသိအမှတ်ပြုထားပြီး ဖောင်ဒေးရှင်းသင်တန်း ထပ်မံ တက်ရောက်ရန် မလိုအပ်ဘဲ ဆက်လက် ပညာသင်ကြားနိုင်သည့် တစ်ခုတည်းသော ပရိုဂရမ်ဖြစ်ပါသည်။ ထို့အပြင် မိမိ တက်ရောက်လိုသည့် အခြားသောတက္ကသိုလ်များအတွက်လည်း CROWN Education မှ ဆက်လက်လျှောက်ထားပေးလျက်ရှိပါသည်။

**လျှောက်ထားသူသည် -**

- မြန်မာနိုင်ငံမှ ဆယ်တန်းအောင်မြင်ထားပြီးသူများ (သို့) GCE 'O' ဖြေဆိုထားသူများ (သို့) Grade(10 / 11) ပညာရေးနှင့် ညီသော ပညာရေးလက်မှတ်ကိုင်ဆောင်ထားသူများ
- လျှောက်ထားသည့်အချိန်တွင် အသက်(၁၆)နှစ်ပြည့်ပြီး (၂၀)နှစ်ထက် မကြီးသူ
- ပတ်စ်ပို့ဆိုဒ် ဓါတ်ပုံ (၃)ပုံ
- ဆယ်တန်းအမှတ်စာရင်း (သို့) သက်ဆိုင်ရာ ပညာရေးဆိုင်ရာ အထောက်အထားများနှင့်အတူ လာရောက် လျှောက်ထားနိုင်ပါသည်။
- ဘာသာရပ်အားလုံးကို အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားမည်ဖြစ်သောကြောင့် ACT မှ ပြုလုပ်သည့် English Level Test ကို ဖြေဆိုရပါမည်။

(ထိရောက်သောသင်ကြားမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုများပေးရန်အတွက် လူဦးရေ အကန့်အသတ်ဖြင့်သာ လက်ခံပါသည်။ ဤ ပရိုဂရမ်ပြီးဆုံးပါက အမေရိကန်၊ ဩစတြေးလျ၊ ယူကေ၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားတက္ကသိုလ်များသို့ ဆက်လက် လျှောက်ထားရန်နှင့် GPA အမှတ်များပေါ် မူတည်ကာ နိုင်ငံအလိုက် ပညာသင်ဆုများ လျှောက်ထား နိုင်ရန် အခမဲ့ ဝန်ဆောင်မှုပေးပါသည်။)

ဝင်ခွင့်စာမေးပွဲနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက - အမှတ် (၂၇၀) ၊ ပထမထပ်(1B) ၊ စမ်းချောင်း ၊ မြေနီကုန်း။
ဖုန်း - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၂၆၀၀၀ ၄၀ ၅၀ နှင့် ၀၉ ၂၆၀၀၀ ၆၀ ၅၀ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျိုဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၂၁-၆-၂၀၁၇ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၄-၈-၂၀၁၇ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါကစစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ်၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ သီးခြားငွေထုတ်စာရင်းခေါင်းစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်အသီးသီးတွင် လိုအပ်သော ကြွေသီးများ၊ ကွန်ကရစ်တိုင်များ၊ ၁၁/၀.၄ကေဗွီ ထရန်စဖော်မာများ၊ ထရန်စဖော်မာဆက်စပ်ပစ္စည်းများနှင့် ကေဘယ်လ်များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-14(T)/MESC/2017-2018 | 33kV & 11kV Pin Insulator နှင့် Disc Insulatorများအား (1-Lot)ဈေးနှုန်းဖြင့်ဝယ်ယူခြင်း |
| (ခ) | 1-15(T)/MESC/2017-2018 | 10M Concrete Pole (1097) Nos ဝယ်ယူခြင်း |
| (ဂ) | 1-16(T)/MESC/2017-2018 | 11/0.4kV (200)kVA Transformer (30) Nos ဝယ်ယူခြင်း |
| (ဃ) | 1-17(T)/MESC/2017-2018 | ၁၁ ကေဗွီဓာတ်အားလိုင်းပစ္စည်းများ၊ ၄၀၀ဗို့ ဓာတ်အားလိုင်းပစ္စည်းများ၊ ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ ဆက်စပ်ပစ္စည်း(၃၅)မျိုးအား (1-Lot) ဈေးနှုန်းဖြင့် ဝယ်ယူခြင်း |
| (င) | 1-18(T)/MESC/2017-2018 | ကေဘယ်လ်ကြိုးနှင့်ဆက်စပ်ပစ္စည်း (၈)မျိုးအား (1-Lot) ဈေးနှုန်းဖြင့် ဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၇-၂၀၁၇ရက်တွင်စတင်၍ ရောင်းချမည် ဖြစ်ပြီး ၂၃-၈-၂၀၁၇ရက် ၁၀း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၉၃၂၁၊ ၀၂-၇၃၈၀၁**

---

### ပညာရေးဝန်ကြီးဌာန
### သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
### ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံ သုတေသနဌာန(ကျောက်ဆည်)တွင် အောက်ပါ သုတေသနပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | သုတေသနသုံးပစ္စည်း | ၃၁ မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်း | ၄ မျိုး |
| ၃။ | မီးခံသေတ္တာ(23'x23'x30') | ၁ လုံး |
| ၄။ | ထမင်းစားစားပွဲ(4'x 2.5') | ၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၄-၇-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၈-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၅၀၈၊ ၀၃၃-၆၀၃၅၃**

---

### ပညာရေးဝန်ကြီးဌာန
### သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
### ဇီဝနည်းပညာသုတေသနဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဇီဝနည်းပညာသုတေသနဌာန (ကျောက်ဆည်)တွင် အောက်ပါ သုတေသနပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | သုတေသနသုံးပစ္စည်း | ၁၃ မျိုး |
| ၂။ | Lab Benches (10'x2 1/2x3') | ၁ လုံး |
| ၃။ | Lab Benches (10'x3'x3') | ၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၄-၇-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၈-၂၀၁၇ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၅၀၈/၀၆၆-၅၀၆၂၂**

---

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန မြို့ရေပေးရေး လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ** - (၁) Submersible Pumps
- (၂) Water Well Casings and Screens
- (၃) DI Pipes and Fittings
- (၄) HDPE Pipes and Fittings
- (၅) Atomic Absorption Spectrophotometer
- (၆) Transformer
- (၇) Laboratory Equipments and Chemical Reagents

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀၁၇ခုနှစ် ဩဂုတ် ၂၄ ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း** - အမှတ်စဉ်(၁၊၂၊၃၊၄၊၅) ၁၀၀၀၀ိ/-နှုန်း အမှတ်စဉ်(၆၊၇) ၂၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ သန့်ရှင်းမှုဌာန (ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၁)သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့
### ဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန
## SEAMEO CHAT

